The
# Commerce
Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 9 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 29 , 2016



## အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (GSP) ဖြင့် မြန်မာ့ပို့ကုန်မြှင့်တင်ရေး

ဒေါက်တာမောင်အောင် | ၁၈




## လူငယ်နဲ့အလုပ်အကိုင် အခွင့်အလမ်း

၁၂

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ပြိုင်ဘက်များဖြစ်လာ ၁၄

**Self - Certification System** ကို ကျင့်သုံးဆောင်ရွက်ရာမှာ လိုက်နာရမည့် စည်းကမ်းချက်များအား ထုတ်ပြန် ၁၇

တရုတ်(တိုင်ပေ)တွင် **Myanmar Products Show** ကျင်းပမည် ၂၄


Shwe Mè Logistics
SHWE MÈ LOGISTICS SERVICES CO., LTD.
Loading and Un-loading of cargo up to 40 tonne using the 360 degree rotation fixed crane with 100 feet span at 380 feet wide jetty.
Storage, Washing, Maintenance, Repairs and Transportation of containers.
Hiring of Cranes (capacity-75,50,20 tonne), forklifts (capacity-7,6,3 tonne) and various types of trucks.
Safe and secure warehousing.
Shwe Mè Logistics
Shwe Me` Jetty
အမှတ်(၁၆၆–ဘီ)၊ ဆိပ်ကမ်းသာလမ်း၊
ရွှေပြည်သာစက်မှုဇုန် (၃)၊
လှိုင်မြစ်ကမ်းနံဘေး၊ ရွှေပြည်သာတံတားအနီး၊
ရွှေပြည်သာမြို့နယ်။
Tel : 95-1-618558 ~ 59 ~ 60 ,
618565 ~ 66
E-mail: aungkhin.shweme@gmail.com
Shwe Me` ICD
အမှတ်(၆)၊ ဆိပ်ကမ်းသာလမ်း၊
ရွှေပြည်သာစက်မှုဇုန်(၃)၊
ရွှေပြည်သာတံတားအနီး၊ ရွှေပြည်သာမြို့နယ်။
Tel : 95-1-618162, 618564
E-mail: mtashweme4@gmail.com
Hot Line : Mobile : 09-510-4363


JAAN TRUCK & MICHINERY
TRADING CO., LTD.
FEEL FREE TO CONTACT US
09-420-114705
MON-SAT/AM9:00-PM6:00
jtmtmyanmar@gmail.com
No.1,Highway No.3,Thinganjungyi Village,Mingaladon Township,Yangon,Myanmar



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Myanmar USA Group မှ ဥက္ကဋ္ဌဖြစ်သူ Mr.Frank Y.Chiu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်သည် Myanmar USA Group ၏ ဥက္ကဋ္ဌ Mr. Frank Y Chiu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ၊ အမေရိကန်နိုင်ငံမှ GSP အခွင့်အရေး ပြန်လည်ရရှိရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာ-အမေရိကန် ကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် တိုးမြှင့်တင်ပို့နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Myanmar USA Group ဥက္ကဋ္ဌက ရန်ကုန်မြို့နှင့် ဆန်ဖရန်စစ္စကိုမြို့တို့အား ညီအစ်မမြို့တော်အဖြစ်သတ်မှတ်၍ နှစ်နိုင်ငံအကြား ပညာရေး၊ ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင် ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ အမေရိကန်မှ နည်းပညာနှင့် အရင်းအနှီးများဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်တင်ပို့ရောင်းချသွားနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားလိုကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# တတိယအကြိမ်မြောက် ကျေးလက်ဒေသအသေးစားထုတ်ကုန်များ ကုန်စည်ပြပွဲနဲ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီးအတွင်း တတိယအကြိမ်မြောက် ကျေးလက်ဒေသ အသေးစား ထုတ်ကုန်များနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကုန်စည်ပြပွဲနဲ့ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီရဲ့ ဦးစီးဆောင်ရွက်မှုဖြင့် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက်က ကျင်းပခဲ့ပါတယ်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနဲ့ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ လာရောက်ချီးမြှင့်ခဲ့ကြပါတယ်။

အဆိုပါ ကုန်စည်ပြပွဲနဲ့ အလုပ်ရုံ ဆွေးနွေးပွဲမှာ ကျေးလက်ဒေသ အသေးစားထုတ်ကုန်များဖြစ်တဲ့ တောင်း၊ ဆန်ကော၊ ဆန်ကာ၊ ဂျုံရိုးဦးထုပ်၊ သင်ဖြူးဖျာ၊ တံမြက်စည်း၊ လက်ရက်ကန်းထည်များ၊ စားဆီအမျိုးမျိုး၊ ကျောက်မျက်ရတနာများ၊ ရွှေချည်ထိုး လုပ်ငန်းများ၊ ဒေသတွင်းထွက်ရှိသည့် စားသောက်ကုန်များအပြင်သနပ်ခါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ လယ်ယာသုံး စက်ကိရိယာများနဲ့ လျှပ်စစ်ပစ္စည်းများကို ပြခန်းပေါင်း ၁၀၀ နဲ့ ခင်းကျင်းပြသထားပါတယ်။

အဆိုပါ ကုန်စည်ပြပွဲတွင် လာရောက်ပြသည့် ပြခန်းများသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပါတယ်။

အဆိုပါ ကုန်စည်ပြပွဲနဲ့အတူ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စားသုံးသူ အကာအကွယ်ပေးရေးတို့အတွက် ကဏ္ဍအလိုက် အလုပ်ရုံဆွေးနွေးပွဲ သုံးခုကိုပါ တစ်ပါတည်း ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် စားသုံးဆီစားသုံးသူများ အကျိုး ကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဆီထွက်သီးနှံထုတ်လုပ်မှုနဲ့ တင်ပို့မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲနဲ့ နေ့လယ်ပိုင်းတွင် ကြက်သွန်နီဈေးနှုန်းတည်ငြိမ်၍ တောင်သူနှင့်စားသုံးသူ မျှတစွာ အကျိုးဖြစ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

မန္တလေးတိုင်း ဒေသကြီးအတွင်း ကျင်းပသည့် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ တတိယအကြိမ်မြောက် ကျေးလက် ဒေသအသေးစားထုတ်ကုန်များနှင့် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအား အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်ရွှေ-မန္တလေး**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွှန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ပြည်ဆန်စပါးဈေးကွက် နယ်အတင်ရှိနေလို့ ဈေးဆက်မာ

ပြည်ဆန်စပါးဈေးကွက်ရဲ့ ဖေဖော်ဝါရီနောက်ဆုံးပတ်မှာ ဆန်ဈေးရော စပါးဈေးတွေပါ အကျမရှိဘဲ ဆက်လက်မာနေတာတွေ့ရပါတယ်။ နယ်တင်ပို့မှုတွေ ဆက်ရှိနေတာလည်း တွေ့ရတဲ့အတွက် အရောင်းအဝယ် သင့်တင့်တယ်လို့ ဆိုပါတယ်။ မန္တလေး၊ မူဆယ်အထိ ရက်ခြားအိတ် ၈၀၀ ကျော်တင်ပို့ရပြီး ဒေသတွင်း ဆန်အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် တောင်ပျံမွှေးစပါးဈေး တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၇၆၃၆၀၀ ကျပ်၊ ဧည့်မထစပါး ဈေး (နယ်တင်စပါး) ၅၈၈၈၀၀ ကျပ် (ဒေသတွင်းစပါး) ၅၆၀၀၀၀ ကျပ်တို့ ဖြစ်ပါတယ်။

ဆန်ဈေးကတော့ တောင်ပျံမွှေး တစ်အိတ်ကို ၃၀၀၀၀ ကျပ်၊ ဧည့်မထအုပ်စုဖြစ်တဲ့ အင်းလယ်၊ အင်းမ၊ ဆင်းသွယ် တစ်အိတ် ၂၂၅၀၀ ကျပ်၊ ရတနာတိုး ၂၁၅၀၀ ကျပ်၊ မနောသုခ ၂၁၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ ယခုနှစ်ဆန်ဈေး၊ စပါးဈေးတွေကတော့ မနှစ်က စပါး၊ ဆန်ဈေးနှုန်းထက် အတက်ဘက်မှာရှိနေတာ တွေ့ရပါတယ်။

**နီနီဝင်း-ပြည်**

## ဧည့်မထနွေဆန်ပေါ်တော့မှာဖြစ်လို့ ဆန်ကြမ်း အရောင်းအဝယ်အေးနေ

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ ဖေဖော်ဝါရီ ၂၆ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၂၉၀၀၀ကျပ်၊ လတ်စတစ်အိတ် ၂၈၅၀၀ ကျပ်နဲ့ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၄၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပါတယ်။

နယ်စုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စဆန် တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်ဈေးမြင့်လာပြီး လတ်စဆန်ကတော့ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်သစ်ဈေးနှုန်းကတော့ ၃၈၅၀၀ ကျပ်မှ ၄၀၅၀၀ ကျပ်ဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ အရည်အသွေးကောင်းတဲ့ ဆန်ချော ဆန်ဈေးကွက်မှာ ဈေးမကျပေမယ့် အရည်အသွေးမမီတဲ့ဆန်တွေကတော့ ဈေးကွက်မှာ ဈေးအေး၊ အရောင်းအဝယ်အေးနေကြောင်း၊ ကုန်စည်ဒိုင်သို့လည်း ဆန်ချောအဝင်ပါးပြီး အရောင်းအဝယ်အေးနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ရင် ဧည့်မထဆန်ထိပ်စ၊ လတ်စ ဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။ မနောသုခရှယ်သစ်ဈေးနှုန်း ဆန်တစ်အိတ် ၂၄၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းဘဲ ဈေးငြိမ်နေပါတယ်။ ရေကျနောက်စိုက် ဧည့်မထဆန်တစ်အိတ် ၂၂၈၀၀ ကျပ်မှ ၂၃၃၀၀ ကျပ်ဖြစ်လို့ ယခင်ပတ်ထက် ၇၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေရှယ်ဆန် ဧည့်မထ တစ်အိတ်ဈေး ၂၂၅၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းများမှ စုံစမ်း သိရှိရပါတယ်။ ဧည့်မထနွေဆန်များ ပေါ်လာတော့မှာဖြစ်တဲ့အတွက် စက်ပိုင်များက မိုးဆန်များကို ထုတ်လာခြင်း၊ တရုတ်ဈေးကွက်အေးနေခြင်း၊ ငွေကြေးဈေးကွက်အေးလို့ ပြည်တွင်းဈေးနဲ့မကိုက်တဲ့အတွက် အရောင်းအဝယ်အေးနေခြင်းတို့ကြောင့် ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ဈေးကျရခြင်းဖြစ်ကြောင်း၊ ဒိုင်သို့လည်း အဝင်ပါးပြီး အရောင်းအဝယ်လည်း အေးတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

တရုတ်လိုင်းမူဆယ်ဆန်ဈေးကွက်မှာ ယနေ့ ဖေဖော်ဝါရီ ၂၆ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီ တစ်အိတ်ကို ၁၄၄-၁၄၇ ယွမ်၊ စူပါ တစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီ တစ်အိတ် ၁၄၂-၁၄၃ ယွမ်၊ စူပါ တစ်အိတ် ၁၄၁-၁၄၂ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၃၇-၁၄၀ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၅-၁၃၇ ယွမ်၊ ရွှေဝါထွန်း ၁၃၅-၁၃၆ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၉-၁၄၂ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၇-၁၃၈ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၅-၁၃၆ ယွမ်အသီးသီးဖြစ်ပြီး၊ တရုတ်ကုန်သည်များ ဈေးကွက်သို့ပြန်လည်ရောက်လာလို့ တစ်ရက်ထက်တစ်ရက် ဈေးအနည်းငယ်တက်လာကာ အရောင်းအဝယ် အနည်းငယ်ပြန်ဖြစ်လာကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၇ ဒသမ ၂၆ ဖြစ်တယ်လို့ မူဆယ်ဈေးကွက်မှ သိရှိရပါတယ်။ မူဆယ်သို့ ပြည်တွင်းနယ်စုံမှ နေ့စဉ်ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၇၀၀ ကျော်ခန့် ဝင်ရောက်လျက်ရှိပြီး၊ ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန် ၃၆၅၈ တန် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ တန်ချိန် ၁၃၆၉၈၈၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၈၁ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၃၇၉၇၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၇၉ သန်းကျော်ရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၁၇၈၅၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ဖိုး၊ လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၃၁၉၀၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၂ ကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၃၇၂၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ တစ်သန်းလျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၈ | ၃၈၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၂ | ၃၈၂ | □ | ၃၅၀ | ၃၅၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၄၀ | ၃၃၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၂ | ၃၇၂ | □ | ၃၃၅ | ၃၄၀ | △ | ၃၂၅ | ၃၂၅ | □ | ၃၁၀ | ၃၀၅ | ▽ |
| ပေါင်းဆန် | ၃၇၀ | ၃၆၅ | ▽ | - | - | - | ၃၅၀ | ၃၅၀ | □ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၂-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၀ | ၄၅၅ | ▽ | ၄၄၀ | ၄၄၅ | △ | ၄၃၀ | ၄၃၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၂-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၆၃၆ | △ | ၃၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၇၁၈၀ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၁၀၀၀ | △ | ၆၈၀၀ | □ | ၂၇၀၀၀ | □ |
| ရွှေဘို | ၆၅၅၀ | △ | ၂၅၀၀၀ | □ | ၁၀၀၀၀ | △ | ၃၄၀၀၀ | △ |
| စစ်တွေ | ၄၉၀၀ | △ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | △ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၈၀ | △ | ၂၂၅၀၀ | ▽ | - | - | ၂၈၅၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၇၅၀၀ | △ | ၂၅၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၀၀၀၀ | □ | ၆၇၀၀ | □ | ၂၅၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | △ | ၂၂၀၀၀ | □ | - | - | ၂၇၅၀၀ | △ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဆန်နဲ့ ဆန်ကွဲ ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်တာ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၅၅၂ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန် ၉၅၅၀ ကို တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။

တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၄၅၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ဧည့်မထဆန် ၄၄၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၅၇၅ တန်နဲ့ ပေါင်းဆန်တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင် ပို့မှုထက် တန် ၄၈၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုမှာ အီးယူနိုင်ငံများသို့ တန်ချိန် ၃၆၈၀၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၉၈၈ သန်း ဖြစ်ပါတယ်။ ယခင်တစ်ပတ်ထက် တန် ၃၁၂၀ ပိုမိုခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိကာလအတွင်းမှာ ကန်ဒေါ်လာ ၅ ဒသမ ၃၄၅ သန်းဖိုးရှိ ဆန် ၁၀၇၈၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၈၂၁၀၊ ဧည့်မထဆန် ၂၅၇၅ တန်ခန့်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၂၈၈ တန်ကျော်နဲ့ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၃၅၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၅၀၅ တန်ခန့်ပိုမိုခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၀၈၄ သန်းဖိုးရှိ ဆန်ကွဲ ၃၃၀၅ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၅၅၅ တန်ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းရော၊ ကုန်သွယ်ရေးစခန်းများမှပါ ဆန်နဲ့ ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၂-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၅၂၃ | ၂၂၇၉ | ▼ | - | - | - | ၂၄၇၅ | ၂၁၅၀ | ▼ | ၂၄၆၀ | ၂၂၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၁၂၈ | ၂၁၈၃ | ▲ | - | - | - | ၂၀၄၀ | ၂၁၄၀ | ▲ | ၂၀၆၅ | ၂၁၂၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၀၀ | ၁၅၀၀ | ■ | ၁၇၇၈ | ၂၁၁၆ | ▲ | ၁၈၄၂ | ၁၇၈၉ | ▼ | ၁၆၈၅ | ၁၆၃၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၅၀ | ၂၁၀၀ | ▼ | - | - | - | - | - | - | ၁၃၆၀ | ၁၅၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၂၅၀ | ၁၃၀၀ | ▲ | - | ၁၁၇၅ | - | ၁၁၀၀ | ၁၁၀၅ | ▲ |
| ၆ | ထောပတ်ပဲ | ၇၃၀ | ၆၉၅ | ▼ | ၁၀၆၇ | - | - | ၈၄၂ | ၈၄၂ | ■ | ၇၄၀ | ၇၄၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၂-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၇၀ | ၁၁၅၀ | ▲ | ၁၄၆၀ | ၁၄၅၈ | ▼ | ၁၃၂၉ | ၁၃၁၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၀၀ | ၁၀၈၀ | ▼ | ၁၀၉၅ | ၁၁၁၅ | ▼ | ၁၁၅၃ | ၁၁၃၇ | ▼ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၅၀ | ■ | ၉၄၉ | ၉၃၃ | ▲ | ၁၀၉၅ | ၁၀၀၆ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၆၁ | ၆၃၁ | ▲ | ၆၇၂ | ၆၄၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၁၃.၂.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂၀.၂.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၀.၂.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၄၁၁၄ | ၈၆၆၁ | ၂၅၁၄၃ |
| ပဲတီစိမ်း | ၄၄၁၃ | ၅၉၁၅ | ၃၇၃၉၈ |
| ပဲစင်းငုံ | ၃၆၉၄ | ၄၄၁၃ | ၄၈၁၀၂ |
| ကုလားပဲ | ၁ | ၆၇ | ၁၂၃ |
| ပဲလွန်းဖြူ | ၃၇၃ | ၄၅၃ | ၁၅၁၈ |
| မြေထောက်ပဲ | ၅၇ | ၁၅၃ | ၅၃၆ |



## ပြည်စားတော်ပဲသစ်ဝင်ရောက်ပြီး ပဲဟောင်းဆက်ဈေးလျှော့နေ

ဖေဖော်ဝါရီလကုန် ပြည်ပဲဈေးကွက်သို့ စားတော်ပဲသစ်များ ဝင်ရောက်လျက်ရှိပြီး၊ တစ်ရက် အိတ် ၄၀ ကျော်မှ ၅၀ အထိ ဝင်လာခဲ့တာကို တွေ့ရပါတယ်။ ပြည်ခရိုင်အတွင်း စားတော်ပဲသီးနှံမှာ စိုက်ပျိုးထွက်ရှိမှု နည်းတဲ့အတွက် နယ်စုံမှဝင်ရောက်ခြင်းမရှိဘဲ ပြည်အနီးတစ်ဝိုက်ဒေသများမှသာ ဝင်ရောက်ခြင်းဖြစ်ပါတယ်။

ပဲဈေးမှာ နှစ်စဉ်ဈေးကောင်းရနေသလို ယခုနှစ်မှာလည်း ဈေးကောင်းခဲ့တဲ့အတွက် တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် ရရှိခဲ့ကာ လက်လီသမားများ အဓိကထားဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ ပဲဟောင်းဈေးမှာ ယခင်တစ်ပတ်အထိ တစ်တင်း ၃၈၀၀၀ ကျပ်ရရှိခဲ့တဲ့အတွက် ပဲသစ်ဈေးကတော့ ပဲဟောင်းထက်ဈေးလျှော့နည်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြားသစ် ဈေးထပ်မြင့်တက်လာ

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်မှာ ပဲနီပြားသစ်များ ဆက်လက်ဝင်ရောက်ခဲ့ရာ ဒေသတွင်းသာ လက်လီသမားများ ဝယ်ယူမှုရှိခဲ့တာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှု နည်းသေးတဲ့အတွက် အနည်းငယ် သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ ပဲသစ်ပေါ် စထက် ဈေးပိုရလာလို့ တစ်တင်း ၃၄၅၀၀ ကျပ်ဖြင့် အခြားလက်လီပဲများထက်လည်း ဈေးကောင်းရနေခဲ့ပါတယ်။ ယခင်နှစ်က ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ပဲဈေးနှုန်း ကျပ် လေးသောင်းနီးပါးအထိ ရရှိလာခဲ့တာကြောင့် လှောင်လက်သမားကလည်း ဝယ်ယူသိုလှောင်ခြင်းမရှိသေးဘဲ ဝင်လာသမျှပဲတွေကိုတော့ ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ဖေဖော်ဝါရီလကုန်သီတင်းပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်များအထွက်လျှိုင်လာလို့ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ် အစုံဝင်ရောက်လျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးစသည်ဖြင့် ပဲသီးနှံများအထွက်စုံလာတဲ့အတွက် နေ့စဉ်ဝင်ရောက်နေခဲ့ကြပါတယ်။ ပဲတီစိမ်းသီးနှံက အထွက်နည်းသွားပြီဖြစ်လို့ အဝင်လည်း အရေအတွက်နည်းခဲ့လို့ ရက်ခြားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ အိတ် ၂၀၀ ကျော်ထိ ဝင်ရောက်လာပြီး ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်နေပြီဖြစ်ပါတယ်။

ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူနေတဲ့အတွက် ပဲဈေးမှာ တစ်တင်း ၄၉၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကထက် ဈေးလျှော့နည်းခဲ့ပါတယ်။ ပဲသစ်များအဝင်ဆက်ရှိနေလို့ ပဲဈေးမှာ အတက်အကျသိပ်မမှန်ဘဲ ကျပ်ငါးသောင်း တစ်ပတ်လည် အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ ဈေးကောင်းနေတဲ့အတွက် လှောင်လက်သမားများကလည်း ဝယ်ယူခြင်းမရှိသေးဘဲ လိုင်းသမားဝယ်လက်များသာ အဝယ်ရှိခဲ့ကြပါတယ်။ ယခင်နှစ်က မတ်ပဲသစ်ဈေးမှာ တစ်တင်း ၂၇၀၀၀ ကျပ်ခန့်သာရရှိတဲ့အတွက် ယခုနှစ်ပဲပေါ်ချိန် ရရှိခဲ့တဲ့ ဈေးမှာ ဈေးကောင်းရနေတာကြောင့် ပဲစိုက်ပျိုးသူများ ပဲအထွက်နှုန်းပေါ်မူတည်၍ အကျိုးအမြတ် ရရှိနိုင်မယ့်နှစ်ဖြစ်နေခဲ့ပါတယ်။

ပဲစင်းငုံသီးနှံကတော့ ပြည်ပဝယ်လက်ထဲမှာ ဖေဖော်ဝါရီလအတွင်း အရောင်းအဝယ် အသွက်ဆုံးပဲဖြစ်ခဲ့သလို ဈေးနှုန်းကလည်း တစ်တင်း ၄၀၈၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း မတ်ပဲပြီးရင် ဒုတိယဈေးအများဆုံး ရခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ နယ်စုံမှ ဝင်ရောက်တဲ့အတွက် တစ်ရက်အိတ် ၈၀၀ ကျော် ၉၀၀ အထိအဝင်ရှိကာ ရန်ကုန်ဝယ်လက်မှ ဝင်ရောက်လာသမျှပဲများ ဝယ်ယူနေတယ်လို့ သိရပါတယ်။

ကုလားပဲသစ်မှာလည်း ပဲအဝင်ပိုများခဲ့လို့ တစ်ရက်အိတ် ၃၀၀ ကျော်ခန့်အထိ ရွှေတောင်၊ မင်းတုန်း၊ ကံမ၊ ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့သလို ခွဲစက်သမားရော၊ ရန်ကုန်ဝယ်လက်ပါ အဝယ်ရှိတယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၄၇၅၀၀ ကျပ်ဖြင့် ပြည်ပဝယ်လက်ပဲဖြစ်သော ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရနေခဲ့ပါတယ်။ ပြည်တွင်းဝယ်လက်ပဲထဲမှာလည်း ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်နေပါတယ်။

ပဲကြီးအသစ် (ရွှေကျွန်း)က (ကမ်းနား) ပဲထက်ပိုဝင်ရောက်မှုများကာ ဝင်ရောက်လာသမျှ ပဲများအား ပဲကြော်ဖိုလုပ်ငန်းသမားများအပြင် ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူနေတယ်လို့ သိရပြီး (ရွှေကျွန်း) အိတ် ၇၀၀ ကျော်နဲ့ (ကမ်းနား) အိတ် ၂၀၀ ကျော်အဝင်ရှိသလောက် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ၂၇၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ပဲသစ်ပေါ် စ ဈေးနှုန်းအောက် အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ယခုချိန်မှာတော့ လှောင်လက်သမားများ အဝယ်မရှိသေးဘဲ ဈေးစောင့်ကြည့်နေတယ်လို့ သိရပါတယ်။

ဘိုကိတ်သီးနှံကလည်း ပန်းတောင်း၊ ကံမဘက်မှ အိတ် ၁၀၀ ကျော်နေ့စဉ် ဝင်ရောက်ခဲ့သလို ဝယ်လက်ကလည်း ပုံမှန်အဝယ်ရှိလို့ အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးနှုန်းကတော့ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ဈေးလျှော့နည်းသွားခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အေးလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဈေးနှုန်းကလည်း တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပဲအမျိုးမျိုးတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၆ သန်းကျော်ကာလတူထက်ပိုမိုဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီ ၁၉ ရက်အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ချိန် ၉၈၁၂၆၄ တန်၊ တန်ဖိုး အားဖြင့် ကန်ဒေါ်လာ ၉၂၃ သန်းခန့် ရရှိခဲ့ပါတယ်။ ယမန်နှစ်ကာလတူမှာ တန်ချိန်အားဖြင့် ၁၀၀၅၆၄၃ တန်ခန့်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈၀၇ သန်းခန့်ရရှိခဲ့တဲ့အတွက် တန်ချိန်အားဖြင့် လျော့နည်းခဲ့သော်လည်း ပဲမျိုးစုံ တင်ပို့မှုရငွေအားဖြင့် ကန်ဒေါ်လာ ၁၃၆ သန်းကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် တန်ချိန်ရောတန်ဖိုးပါ ပိုမိုတင်ပို့ခဲ့တဲ့ ပဲတွေကတော့ ပဲတီစိမ်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲပုတ်စေ့၊ နိုင်လွန်ပဲနဲ့ အခြားပဲများဖြစ်ကြပါတယ်။ တင်ပို့ခဲ့တဲ့ တန်ချိန်များနဲ့ တန်ဖိုးကို ဖော်ပြပေးလိုက်ရပါတယ်။

| | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| ပဲတီစိမ်း | ၂၅၂၁၄၂.၆၆၉ | ၂၅၄.၇၄၁ |
| ကုလားပဲ | ၂၃၅၅၀.၆၂၃ | ၁၁.၃၆၇ |
| မြေထောက်ပဲ | ၁၈၂၆၀.၇၂၄ | ၁၂.၃၆၀ |
| ပဲယင်း | ၁၂၆၅၂.၄၀၉ | ၆.၁၀၄ |
| ပဲပုပ်စေ့ | ၃၈၂၄.၇၇၀ | ၂.၁၂၃ |
| နိုင်လွန်ပဲ | ၄၈၀.၉၅၀ | ၀.၄၀၅ |
| အခြားပဲ | ၁၂၇၈၉.၆၃၆ | ၁၀.၇၈၈ |

ယမန်နှစ်ကာလတူထက် တန်ချိန်လျော့နည်းတင်ပို့ပြီး တန်ဖိုးပိုမိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ ပဲမျိုးတွေကတော့ မတ်ပဲနဲ့ ပဲစင်းငုံတို့ဖြစ်ပြီး တန်ချိန်ရောတန်ဖိုးပါ လျော့နည်းတင်ပို့ခဲ့တဲ့ပဲတွေကတော့ ပဲလွန်းဖြူ၊ ပဲကြီး၊ ပဲကတ္တီပါ (စွန်တာနီ/ပြာ)၊ ပဲဖြူလေး၊ ဘိုကိတ်ပဲနဲ့ မြေပဲဆံတို့ဖြစ်ကြပါတယ်။

**MIRT**

Vol: 16, No.9 Monday February 29 2016

## ပြည်ပဲလွန်းဖြူ ဈေးငြိမ်အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီလကုန်ပတ်မှာ ဆောင်းပဲသစ်မျိုးစုံ ဝင်ရောက်နေခဲ့ရာ ပဲလွန်းဖြူသစ်များ ရွှေတောင်၊ ပန်းတောင်းဖက်မှ ဝင်ရောက်ခဲ့သလို သာယာဝတီခရိုင် မိုးညိုဘက်မှလည်း ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ လက်လီအဝယ်များပေမယ့် ဝင်ရောက်မှုများသည့်အချိန်တွင် ရန်ကုန်ဝယ်လက်များပါ ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိပြီး ယခင်နှစ်က ကာလတူချိန်ဈေးထက်တော့ ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်က ပဲဈေးအားလုံးလိုလို ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပြီး နှစ်ကုန်ပိုင်းလောက်မှသာ ပဲဈေးများ ဈေးမြင့်တက် အရောင်းအဝယ်ဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်မြေပဲဆန်ကို နယ်ဝယ်လက်အဆွဲများ

ဆီထွက်သီးနှံအရောင်းအဝယ် (ပွဲရုံများ)တွင် ယခုဖေဖော်ဝါရီလနောက်ဆုံးသီတင်းပတ်ထိ ကံမ၊ မင်းတုန်း၊ ရွှေတောင်၊ ကျီးသဲ စတဲ့မြို့နယ်များမှ မြေပဲဆန်အိတ်တွေ ဝင်ရောက်လျက်ရှိပါတယ်။ တစ်ရက်ကိုအိတ် ၈၀၀-၉၀၀ ပုံမှန်ဝင်ရောက်နေပါတယ်။ မြေပဲဆန်အိတ်တွေ ဆက်တိုက်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေကလည်း လက်ကျန်အိတ်မရှိအရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်ရဲ့ မြေပဲဆန်ဈေး တစ်ပိဿာ (မြေပဲဆီဆန်) ၁၉၅၀ ကျပ်၊ လုံးဆန်ဖြူ ၂၄၅၀ ကျပ်နဲ့ လုံးဆန်နီ ၂၃၅၀ ကျပ်တို့ဖြစ်ပါတယ်။ ဆီဆန်များကို ဆီစက်သမားများနဲ့ ရန်ကုန်၊ မန္တလေးဘက်သို့လည်း အတင်ရှိရာ မန္တလေးသို့ အိတ် ၂၀၀ ကျော်နဲ့ လုံးဆန်များကိုလည်း မန္တလေးသို့ အိတ် ၃၀၀ နီးပါး နေ့စဉ်တင်ပို့ရပါတယ်။ ဈေးအနည်းငယ်တက်လာပေမယ့် အရောင်းအဝယ်ကောင်းနေတာကြောင့် ဒေသတွင်းပဲဆီဈေးနှုန်းများမှာလည်း အတက်မရှိဘဲ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## ပြည်ပဝယ်လက်ပဲထဲမှာ ပြည်ပဲတီစိမ်းဈေးနိမ့်

ပြည်ပဲဈေးကွက်အတွင်း အခြားပဲများဝင်ရောက်မှုများလာပေမယ့် ပဲတီစိမ်းသီးနှံကတော့ အဝင်ပါးသွားပြီး အိတ် ၅၀ ခန့်သာ ဝင်ရောက်မှုရှိတော့တဲ့အတွက် အရောင်းအဝယ်ဖြစ်မှုမှာလည်း ရက်ခြားသာ မန္တလေးလိုင်းသမားများမှ ဝယ်ယူကြကာ အရောင်းအဝယ်ဖြစ်သည့်ရက်မှာ အိတ် ၂၀၀ ကျော်ထိ ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးနှုန်းကတော့ ပြည်ပဝယ် လက်ပဲထဲမှာဈေးနိမ့်နေပြီး တစ်တင်း ၃၃၀၀၀ ကျပ်ရရှိကာ ယခင်တစ်ပတ် ကထက်လည်းဈေးလျော့နည်းသွားခဲ့ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလကုန်ဈေးမှာ တစ်တင်း ၃၂၀၀၀ ကျပ်ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာ ပဲတီစိမ်းသီးနှံဈေးကအပြောင်းအလဲ သိပ်မဖြစ်ဘဲ ရောင်းဝယ်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပခုက္ကူမြို့ ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံတင်ပို့ရာမှာ ကြိုတင်အာမခံစနစ် ကျင့်သုံးဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

ပခုက္ကူမြို့ရှိ ကုန်စည်ဒိုင်တွင် ပဲမျိုးစုံတင်ပို့ရာမှာ ကြိုတင်အာမခံစနစ်ကျင့်သုံးဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်နံနက်က ပြုလုပ်ခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်၊ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသန်း၊ ဦးစီးမှူး ဦးနိုင်မိုးကိုနဲ့ မကွေးတိုင်းဒေသကြီးမှ တိုင်းဦးစီးမှူး ဦးမြင့်ဇော်ဦးတို့ လာရောက် ဆွေးနွေးကြောင်း သိရပါတယ်။

ထိုသို့ဆွေးနွေးရာမှာ အစီအစဉ်ရှစ်ခုဖြင့် ဆွေးနွေးသွားခဲ့ပါတယ်။ ပထမဦးစွာ ပခုက္ကူကုန်စည်ဒိုင်မှ ဥက္ကဌဦးတင့်ဝေက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ရာ ယနေ့ကုန်သည်အသိုင်းအဝိုင်းမှာ ငွေကြေးဆုံးရှုံးမှုများ နှစ်စဉ်ကြုံတွေ့ခဲ့ကြောင်း၊ ကြိုတင်ရောင်းဝယ်မှုစနစ်အနေနဲ့ ပတ်သက်ပြီး ပခုက္ကူကုန်စည်ဒိုင်မှာ လေရောင်းလေဝယ် စနစ်တွေကို တားမြစ်ထားကြောင်း၊ တားမြစ်ထုတ်ပြန်ချက်မှာ ပခုက္ကူကုန်စည်ဒိုင်အသင်းရဲ့ ဥပဒေအရ အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့တားမြစ်ခြင်းကြောင့် ၂၀၁၅ ခုနှစ်မှာဆိုရင် ဆုံးရှုံးမှုများ သိသာစွာလျော့နည်းသွားကြောင်း၊ အသင်းဝင်အချင်းချင်း ယုံကြည်ရတဲ့စနစ် ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆိုရင် ကြိုတင်အာမခံစနစ်ကို စိတ်ဝင်စားတဲ့ အသင်းဝင်တွေများလာကြောင်း၊ ဒီစနစ်ကြောင့် စီးပွားရေးလုပ်ငန်းတွေမှာလည်း များစွာထိရောက်မှုရှိလိမ့်မည်ဟု ယူဆကြောင်းပြောကြားခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ဆက်လက်ဆွေးနွေးခဲ့ရာ ပခုက္ကူကုန်စည်ဒိုင်က အသင်းဝင်များဆိုရင် လုပ်ငန်းအပေါ် လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်ထဲမှာပင် လက်ကားကုန်စည်ဒိုင်တွေမှာ ကြိုရောင်း၊ ကြိုဝယ် စာချုပ် ချုပ်တဲ့စနစ်တွေ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ကုန်စည်ဒိုင်တွေရဲ့ အထောက်အပံ့ဟာလည်း တောင်သူတွေဖြစ်တာကို မှတ်မှတ်သားသားရှိကြောင်း၊ ယခုဆိုရင် ဘုရင့်နောင်ကုန်စည်ဒိုင်မှာလည်း အာမခံစနစ်ကျင့်သုံးတာ အောင်မြင်နေပြီဖြစ်ကြောင်း၊ ကြိုရောင်းကြိုဝယ်စနစ်ကို ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကျင့်သုံးလျက်ရှိရာ လက်ငင်းငွေကြေးစနစ်၊ ကြိုရောင်းကြိုဝယ်စနစ်တွေဖြစ်လာပြီဆိုရင် ဘဏ်နဲ့ချိတ်ဆက်ပြီးပြုလုပ်ရမှာဖြစ်ကြောင်း၊ နိုင်ငံတကာမှာဆိုရင်လည်း ဘဏ်နဲ့ပြုလုပ်ဆောင်ရွက်ကြကြောင်း၊ ကုန်စည်ဒိုင်တွေမှာ ကိုယ်ပိုင်ဂိုဒေါင်တွေထားရှိကာ လက်ခံရရှိတဲ့ ကုန်ပစ္စည်းများကို ဘောက်ချာပြုလုပ်ပြီး နောင်အခါ ဘဏ်မှာငွေချေးရာမှာ ဘောက်ချာပြပြီး ငွေချေးရ ကြောင်း၊ ဘောက်ချာပြ၍ အရောင်းအဝယ်ပြုလုပ်ရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကုန်စည်ဒိုင် ၅၅ ခု ဖွင့်လှစ်ထားကြောင်း၊ ကုန်စည်ဒိုင်တစ်ခုမှာဆိုရင် အချက်ကိုးချက်နဲ့ပြည့်စုံရမှာဖြစ်ပြီး၊ မန္တလေးကုန်စည်ဒိုင်မှာ သတင်းအချက် ခုနစ်ချက်နဲ့ ပြည့်စုံနေပြီဖြစ်ကြောင်း၊ ကုန်စည်ဒိုင်မှာ ကုန်ပစ္စည်းအရည်အသွေးရှိရမယ်၊ သတင်းထုတ်ပြန်တဲ့စနစ် တွေရှိရမယ်။ APIS အလိုအလျောက်ဖြေကြားတဲ့စက်တွေ တပ်ဆင်ထားတဲ့ စနစ်တွေလည်းရှိရမယ် စတဲ့အကြောင်းအရာများကို အကျယ်တဝင့်ရှင်းပြပါတယ်။ ပခုက္ကူမြို့မှာဆိုရင်လည်း ဧရာဝတီမြစ်ရှိနေတဲ့အတွက် ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာမှာလည်း အားသာချက်တစ်ခုဖြစ်ကြောင်း ဆွေးနွေးပါ တယ်။

မြန်မာနိုင်ငံသားများဘဏ် (MCB) ဘဏ်၊ ဘုရင့်နောင်ဘဏ်ခွဲတာဝန်ခံ ဦးကျော်သူက အာမခံစနစ်လုပ်ဆောင်ရာမှာ ဆောင်ရွက်ရန်လိုအပ်တဲ့အချက်အလက်များကို ရှင်းလင်းပြောကြားရာ ရောင်းသူ ၁၀ ရာခိုင်နှုန်း၊ ဝယ်သူ ၁၀ ရာခိုင်နှုန်း (Account) ဖွင့်ပြီး၊ ဘဏ်မှာ စတင်သွင်းရမှာဖြစ်ကြောင်း၊ သွင်းပြီးတာနဲ့ ဘဏ်ရဲ့ (Code) နံပါတ်တွေပါမှာဖြစ်ကြောင်း၊ အဲဒီအခါမှ အရောင်းအဝယ်စတင်ပြီးပြုလုပ်ရမှာဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဦးသိန်းစုက ကြိုရောင်းကြိုဝယ်ကိစ္စနှင့်ပတ်သက်ပြီး ရောင်းသူ ဝယ်သူနှစ်ဦးနှစ်ဖက် ကြိုတင်ငွေ ၁၀ရာခိုင်နှုန်းအား ဘဏ်မှာ အာမခံထားပြီး ရောင်းဝယ်ပြုလုပ်ဆောင်ရွက်နိုင်တဲ့ အခြေအနေများကို ဆွေးနွေးဟောပြောခဲ့ကြောင်း၊ ထို့နောက်မန္တလေးမဟာကထိန်တော်အသင်း ဒုတိယဥက္ကဌ ဦးဌေးအောင်ကလည်း ကြိုတင်အာမခံစနစ်နဲ့ ဆောင်ရွက်နေတဲ့အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဆက်လက်ပြီး အစည်းအဝေး ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ ပြန်လည် ဆွေးနွေးခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးနဲ့အတူ ဝန်ထမ်းများ၊ ပခုက္ကူမှ ကုန်သည်ပွဲစားများ၊ ပွဲရုံလုပ်ငန်းပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြိုင်မြို့နယ်မှ သနပ်ခါးထုတ်လုပ်တင်ပို့ရောင်းချသူလုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများ၊ မုံရွာမြို့ (MCB) ဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဆွေဆွေလှိုင်နဲ့ လုပ်ငန်းရှင်များ၊ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှ လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့နယ်မှ ကုန်သည်ပွဲစားများ၊ မန္တလေးကုန်စည်ဒိုင်မှလုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများ စုစုပေါင်း ၇၄ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ပပရွှေ-ပခုက္ကူ**

# မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလကုန်ပတ် ပဲမျိုးစုံဈေးကွက် ငုံနီကလွဲရင် ပုံမှန်အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလကုန်ပတ် ပဲမျိုးစုံဈေးကွက်မှာ ငုံနီဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်ကထက် ကျဈေး ဖြစ်ကာ အရောင်းအေးခဲ့ပြီး ကျန်ပဲမျိုးစုံက ပေါက်ဈေးအတက်အကျရှိပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ငုံနီဈေးကွက်မှာ ယခုတစ်ပတ်အတွင်း အနိမ့်ဆုံးတစ်တင်း ၄၀၆၀၀ ကျပ်အထိ ဖြစ်ပေါ်ခဲ့သလို ၄၂၅၀၀ ကျပ်အထိသာ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ပါတယ်။ နယ်ကပဲအဝင်လျော့သွားသလို တစ်နေ့အိတ် ၇၀၀ ခန့်သာ ဒိုင်ကိုဝင်ရောက်ခဲ့ပြီး လှောင်လက်ကုန်သည်အဝယ်အရောင်းရှိခဲ့လို့ တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဈေးကွက်က သိရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီးစိမ်းသေး နှစ်မျိုးစလုံးနယ်အဝင်လျော့ခဲ့ပြီး၊ ရန်ကုန်အဝယ်ပုံမှန်ရှိခဲ့လို့ ယခုတစ်ပတ်မှာ စိမ်းကြီးတစ်တင်း ၃၅၀၀၀ ကျပ်၊ စိမ်းသေးတစ်တင်း ၃၀၈၀၀ ကျပ်အထိ ဈေးအနည်းငယ်မြောက်ခဲ့ပေမယ့် တစ်ရက်အရောင်းအဝယ်အားဖြင့် စိမ်းကြီးအိတ် ၃၀၀ ခန့်နဲ့ စိမ်းသေးအိတ် ၂၀၀ ခန့်သာဖြစ်ခဲ့ကာ ရန်ကုန်ဝယ်လက် ပုံမှန်သွက်ခဲ့တယ်လို့ဆိုပါတယ်။

ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာ နယ်စုံကပဲအဝင် ဆက်လက်လှိုင်နေပြီး ရန်ကုန် Export လက် အဝယ်ပုံမှန် ရှိခဲ့ပေမယ့် တစ်တင်း အမြင့်ဆုံး ၄၉၀၀၀ ကျပ်ကနေ ၄၄၀၀၀ ကျပ်အထိ ဈေးအေးသွားခဲ့ပြီး၊ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ အကြားအရောင်းအဝယ်သွက်နေဆဲဖြစ်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။ ကုလားပဲဈေးကွက်မှာတော့ Export အတွက် ဝယ်လက်မရှိပေမယ့် ပြီးခဲ့တဲ့ ပဲဟောင်းလက်ကျန်ပြတ်သွားကာ လုပ်ငန်းသုံးသမားတွေ အမြင့်ဈေးမိခဲ့ပါတယ်။

ဒါကြောင့် ယခုရာသီပဲသစ်ပေါ်ချိန် ကုန်ကြမ်းစုဆောင်းမှုကြောင့် ဝယ်လိုအားသွက်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တက်ဈေးပြန်ဖြစ်ခဲ့ရာ ထိုင်ဝမ်တစ်တင်း ၃၀၀၀၀ ကျပ်၊ 929 တစ်တင်း ၃၀၀၀၀ ကျပ်နဲ့ ကုလားပဲဖြူလုံးကြီး V2 တစ်တင်း ၂၉၀၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့သလို တစ်ရက်ကုလားပဲမျိုးစုံ ၅၀၀ အိတ်အထက်အရောင်းအဝယ်သွက်ခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းသုံးပဲဈေးကွက်မှာတော့ စွန်တာနီနဲ့ ပဲနီလုံးကြားကို ရန်ကုန်နဲ့ဒေသတွင်း ပဲလက်လီ အရောင်းအတွက် ဝယ်လိုအားအသင့်အတင့်ကောင်းလာလို့ စွန်တာနီတစ်တင်း ၁၅၈၀၀ ကျပ်နဲ့ လုံးကြားတစ်တင်း ၁၇၅၀၀ ကျပ် အသီးသီးဈေးပြန်မာကာ နှစ်မျိုးပေါင်းတစ်ရက် အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

အခြားပဲမျိုးစုံရဲ့ တစ်ပတ်အတွင်း အနိမ့်ဆုံးနဲ့အမြင့်ဆုံးဖြစ်ပေါ်ခဲ့တဲ့ တစ်တင်းပေါက်ဈေးအားဖြင့် ထောပတ်ပဲ ၁၅၃၀၀ ကျပ်၊ ပဲကြီး (ရေ) ၂၇၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ (ကုန်း) ၂၀၀၀၀ ကျပ်၊ ပဲပုပ် ၁၅၈၀၀ ကျပ်မှ ၁၆၈၀၀ ကျပ်၊ လွန်းပြာ ၁၉၀၀၀ ကျပ်၊ ပဲယင်းဝါ ၁၆၀၀၀ ကျပ်၊ မြေထောက်ပဲ ၁၉၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်နဲ့ စားတော်ပဲ (ကနေဒါ) ၂၄၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ် အသီးသီးဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ချင်း

### ချင်း ၃၆ တန်တင်ပို့

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်အတွင်း စင်ကာပူနိုင်ငံသို့ ချင်း ၃၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို သာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း ၁၁ တန်သာ တင်ပို့နိုင်ခဲ့တာ ကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၈၂၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက် အဝင်နည်းပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်အရောင်းအဝယ်အေးလာပါတယ်။ ပွဲတော်ရာသီအပြီးမှစ၍ ချင်း အရောင်းအဝယ်သိပ်မသွက်တော့သလို အဝင်လည်းသိပ်များများစားစား မရှိသလောက်ဖြစ်နေပါတယ်။ ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၀ ခန့်အဝင်ရှိပြီး၊ ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၃၀ ခန့်အရောင်းအဝယ်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၅၀ ခန့် တင်ပို့ခဲ့ပါတယ်။ ဈေးနှုန်းအားဖြင့် ချင်း(ရှယ်) တစ်ပိဿာ ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်မှာဈေးပတ်သမားတို့ လိုသလောက်သာဝယ်လို့ အရောင်းအေး



ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းကပုံမှန်အဝင်ရှိနေပေမယ့် ဝယ်လက်ကတော့ နည်းနေပါတယ်။ ပြည်ပဝယ်လက်ရှိပေမယ့် အရောင်းကလည်း မသွက်ပါဘူး။ နယ်စုံကဝင်လာတာကြောင့် ဈေးကွက်မှာလည်း ပုံနေပြီလို့ သိရပါ တယ်။

ဈေးပတ်သမားတွေကလည်း အနည်းငယ်သာ ဝယ်ယူမှုရှိနေပါတယ်။ တစ်ရက်ကို အဝင်က ပိဿာချိန် နှစ်သောင်းခန့်ဝင်ပြီး ပွဲရုံတွေမှာရော၊ ခြံရှင်တွေမှာပါ ပစ္စည်းကများနေတယ်လို့ ဆိုပါတယ်။ အရင်တစ်လကတော့ အောင်ပန်းက ခားလှီးချင်းတွေအတွက် အဝယ်ရှိနေပေမယ့် ဒီတစ်လမှာ နားသွားတာကြောင့် အရောင်းအဝယ်အနေနဲ့ ဈေးပတ်သမားလောက်သာရှိပြီး၊ ဈေးပတ်သမားတွေကလည်း လိုသလောက်သာဝယ်လို့ အရောင်းကတော့ နည်းပါတယ်။ ခားလှီးသမားတွေကလည်း အောက်စတွေသာဝယ်လို့ ဒီနှစ်မှာ ထိပ်စတွေက အရောင်းအတော်ပါးနေတယ်လို့ သိရပါတယ်။ အောက်စချင်းတွေက တစ်ပိဿာ ၃၀၀ ကျပ်ကစပြီးရှိနေလို့ ချင်းစိုအတိုင်း မရောင်းဖြစ်တော့ အခြောက်ကိုသာ ပြုလုပ်ကြပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း ချင်းစိုအတိုင်း အရောင်းအဝယ်နည်းလို့ ချင်းခြောက်သာပြုလုပ်ကြပြီး ခြောက်ပိဿာပြုတ်ရင် တစ်ပိဿာလျော့ပြီး ရပါတယ်။ အောင်ပန်းချင်းတွေလည်း အထားခံအောင် အဲဒီလိုပဲပြုတ်ခြောက် လုပ်ကြတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ချင်းဈေးက အောင်ပန်းဈေးကွက်မှာ ချင်း (အောက်စ) က တစ်ပိဿာ ၃၀၀ ကျပ်မှ အမြင့်ဆုံး ၅၅၀ ကျပ်ရှိပြီး၊ ဟိုပုံးချင်းကတော့ ၃၅၀ ကျပ်မှ ၄၅၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၅ တန်ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၀၀ ကီလိုဂရမ် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ သီဟိုဠ်စေ့တင်ပို့နိုင်ခြင်းမရှိဘူးလို့ သတင်းရရှိပါတယ်။

ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်တာကာလအတွင်းမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၄၇ တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၂၈၃ သန်းတင်ပို့နိုင်ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။

**ခင်မြနွယ်**

## နနွင်း

### ဒီတစ်ပတ် နနွင်းတန်ချိန် ၄၀၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၄ မှ ၂၀ ရက် သီတင်းပတ်အတွင်း နနွင်း၄၄၁ ဒသမ၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၆၄၃၅ တန်ဖိုးရှိ နနွင်းတန်၉၀ ကို ဘင်္ဂလားဒေ့ရှ်၊ ကန်ဒေါ်လာ ၄၉၀၀၀ တန်ဖိုးရှိ နနွင်းတန် ၇၀ ကို အိန္ဒိယ၊ ကန်ဒေါ်လာ ၁၁၄၆၂၅ တန်ဖိုးရှိ နနွင်း ၁၆၃ တန်ကို မလေးရှားနိုင်ငံ၊ ကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ နနွင်းတန် ၃၀ ကို ပါကစ္စတန်၊ ကန်ဒေါ်လာ၆၄၁၂၅ တန်ဖိုးရှိ နနွင်း ၈၈ဒသမ၅ တန်ကို စင်ကာပူသို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းအဝင်မှာ တန်ချိန် ၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ စုစုပေါင်းကန်ဒေါ်လာ ၃၁၃၁၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းဈေးကွက်မှာ နနွင်းအသစ်တွေ ဈေးကွက်သို့ဝင်

အောင်ပန်းဈေးကွက်မှာ နနွင်းအသစ်တွေ ဈေးကွက်သို့ ဝင်လာပါပြီ၊ အဟောင်းလက်ကျန်တွေ မရှိတော့ဘဲ၊ အသစ်တွေသာ ဈေးကွက်မှာ စဝင်လာတာလို့လည်း သိရပါတယ်။ နနွင်းက အလုံးအရင်းနဲ့ မရောင်းရပေမယ့် ဖြည်းဖြည်းချင်းရောင်းနေရတာကြောင့် ပစ္စည်းလက်ကျန်မရှိသလောက်ဖြစ်သွားပြီး၊ အသစ်တွေနဲ့ ဆက်သွားတယ်လို့ ဈေးကွက်က သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ ဒေသအစုံက နနွင်းတွေက အောင်ပန်းဈေးကွက်ကို ဝင်နေပါပြီ၊ အင်းလေးဒေသအရှေ့ဘက်ခြမ်းကထွက်တဲ့ အင်းစတွေက ဈေးကွက်ရှိရာ အောင်ပန်း၊ ဟိုပုံးစတဲ့ဈေးကွက်ကို ဝင်ပါတယ်။အခုလောလောဆယ်တော့ အင်းစတွေက အောင်ပန်းဈေးကွက်ကို ဝင်လာတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်ကို အဓိကဝင်နေတဲ့ ပင်းတယ၊ တောင်ပို့လစတွေကတော့ မဝင်သေးပါဘူး၊ အခုမှပြုတ်ခြောက်တွေ ပြုလုပ်နေတုန်းလို့လည်း သိရပါတယ်။ တောင်ပို့လစတွေကတော့ တပေါင်း၊ တန်ခူးမှာ ဝင်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက မဝယ်သေးပေမယ့် ပုံမှန်တော့ရောင်းနေရတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းအသစ်က တစ်ပိဿာ ၁၄၀၀ ကျပ်-၁၅၀၀ ကျပ်ရှိပြီး ဟိုပုံးနနွင်းကတော့ တစ်ပိဿာ ၁၇၇၀ ကျပ်ဈေးနဲ့ ဈေးငြိမ်နေတယ်လို့လည်း သိရပါတယ်။

**ဧခိုင်- တောင်ကြီး**

## ကြက်သွန်

### ထိုင်းနယ်စပ်မှ ကြက်သွန်နီပုံမှန်တင်ပို့

ဖေဖော်ဝါရီလ တတိယပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၆၃၀၇၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၄၃၄ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၁၉ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာလည်း မြဝတီမှ ကြက်သွန်နီ တင်ပို့မှုပိုမိုလာတာတွေ့ရပါတယ်။မြဝတီကုန်သွယ်ရေးဇုန်မှာ ယခုတစ်ပတ် ကြက်သွန်နီပေါက်ဈေးမှာ တစ်တန်လျှင် ၅၅၀၀၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

ကြက်သွန်ပြည်ပပို့ခွင့်လိုင်စင် လျှောက်ထားရာတွင် ပြည်ပသို့ တင်ပို့လိုတဲ့ ကြက်သွန်လုပ်ငန်းရှင်များ Export လိုင်စင်လျှောက်ထားရာတွင် စားဖိုဆောင် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထောက်ခံချက် ရယူရမည်ဖြစ်ပြီး ကြက်သွန်တင်ပို့မှု လိုင်စင်သက်တမ်းမှာ တစ်လရှိကြောင်း၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့် တောင်သူများအတွက် အကျိုးအမြတ်ရှိရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်ရေးနှင့် တောင်သူများအတွက် အကျိုးအမြတ်ရှိရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နေ့လယ်အချိန်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပခဲ့ကြောင်း၊ ထိုဆွေးနွေးပွဲသို့ ပခုက္ကူကုန်စည်ဒိုင်မှ စားဖိုဆောင်သုံး ကြက်သွန်နီရောင်းဝယ်ရေး အသင်းသား ငါးဦး၊ ဆိပ်ဖြူ ကုန်စည်ဒိုင်မှ ခုနစ်ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ပပရွှေ-ပခုက္ကူ**

## မန်ကျည်း



### မန်ကျည်းတန်ချိန် ၈၀၀ ကျော် တင်ပို့

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၈၁၃ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၅၂၅၀ တန်ဖိုးရှိ မန်ကျည်း ၇၅ တန်ကို မလေးရှား၊ ကန်ဒေါ်လာ ၂၃၅၀၀ တန်ဖိုးရှိ မန်ကျည်း တန် ၅၀ ကို ထိုင်းနိုင်ငံ၊ ကန်ဒေါ်လာ ၂၂၅၀၀ တန်ဖိုးရှိ မန်ကျည်း တန် ၅၀ ကိုစင်ကာပူနိုင်ငံနဲ့ကန်ဒေါ်လာ ၁၉၄၈၄၅ တန်ဖိုးရှိ မန်ကျည်း ၆၃၈ တန်ကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မန်ကျည်း တန်ချိန် ၂၆၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၆၀၉၅ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်မန်ကျည်းမှည့်အသစ်များ ရခိုင်ပြည်နယ်သို့ ပိုမိုတင်ပို့

ပြည်ဈေးကြီး မန်ကျည်းမှည့်ပွဲရုံများတွင် ဒေသတွင်းနှင့် ကျိုးသဲ၊ ထုံးဘို၊ ရွှေတောင်၊ ပန်းတောင်းတို့မှ မန်ကျည်းမှည့်အသစ်တွေ ဆက်တိုက်ဝင်လာပါတယ်။ (အစေ့ပါ)နှင့် (အစေ့လွတ်)နှစ်မျိုးလုံး ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ တစ်နေ့ကို ပိဿာချိန် ၁၈၀၀ ကျော်အဝင်ရှိနေပါတယ်။ တစ်နေ့ထက်တစ်နေ့ အဝင်ပိုမိုပြီး၊ ရခိုင်ပွဲရုံများမှ နေ့စဉ် ရခိုင်၊ သံတွဲမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်အထိ ပိဿာချိန် ၁၇၀၀ ခန့် တင်ပို့နေရကြောင်း သိရပါတယ်။

တင်ပို့ရာမှာ အဝင်ပေါ်မူတည်ပြီး တင်ပို့ရခြင်းဖြစ်ပါတယ်။ ဈေးနှုန်းမှာ ငြိမ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တစ်ပိဿာကို ၇၀၀ ကျပ်ဖြစ်ပါတယ်။ အစေ့လွတ် အသားဈေးအနည်းငယ်ပြန်တက်ပြီး တစ်ပိဿာကို ၁၅၀၀ ကျပ်ဖြစ်ကြောင်းလည်း သိရပါတယ်။ မန်ကျည်းမှည့်ဈေးအနေနဲ့ ယခင်နှစ်ထက်စာရင် အဝင်များလာပေမယ့် ဈေးထိုးကျမသွားဘဲ ငြိမ်ပြီး အရောင်းအဝယ် ပိုမိုဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# SMEs ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာသည့် တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံ၏ GDPသည် တဖြည်းဖြည်းကျဆင်းလျက်ရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်အတွက် ပိုမိုအားထုတ် ကြိုးပမ်းခဲ့ရာ ယမန်နှစ်က အောင်မြင်မှု များစွာရရှိခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ယမန်နှစ်က ၎င်း၏နှစ်စဉ်လျာထားချက်ကို ကျော်လွန်ခဲ့သည်။ အထူး သဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ အကြီးစား ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ရေနံဓာတုလုပ်ငန်းများ၊ တရုတ်နိုင်ငံတွင် ကိုရီးယားအမှတ်တံဆိပ်များ ရေပန်းစားလာမှုတို့ကြောင့် ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ဥရောပမှ နိုင်ငံခြားကုမ္ပဏီများ လွှမ်းမိုးလာသည်ကိုလည်း တွေ့ရှိရသည်။ ၁၉၆၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါက ဥရောပနိုင်ငံများမှ ၄၂ ရာခိုင်နှုန်း၊ အာရှနိုင်ငံများမှ ၃၃ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ ၂၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ လက်ရှိတွင် ဂျာမနီနိုင်ငံမှ ကုမ္ပဏီပေါင်း ၅၃၉ ခု၊ ယူနိုက်တက်ကင်းဒမ်းမှ ကုမ္ပဏီပေါင်း ၄၃၉ ခုနှင့် ပြင်သစ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၅၁ ခုတို့သည် လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည််။။

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံသော နယ်ပယ်များမှာ ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ စက်မှုလုပ်ငန်းများ ဖြစ်ကြသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အဆင့်မြင့် နည်းပညာများယူဆောင်လာနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဦး စားပေးပြီး အစိုးရကလည်း ယင်းလုပ်ငန်းများအတွက် အထူးခံစားခွင့်များ ပေးလျက်ရှိသည်။ သို့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအများစုသည် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖြစ်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ၎င်းတို့မှ အများစုသည် အဆင့်မြင့်နည်းပညာစက်ကိရိယာ ထုတ်လုပ်သူများဖြစ်ကြသည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ လတ်တလောထုတ်ပြန်ချက်များအရ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများသည် လုပ်ငန်းစုများ၏ ၉၅ ရာခိုင်နှုန်းကို နေရာယူထားပြီး အလုပ်အကိုင်အခွင့်လမ်း၏ ၆၀ ရာခိုင်နှုန်းနှင့် ၇၀ရာခိုင်နှုန်းကြားကို ဖန်တီးပေးနိုင်ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း SMEs များတွင် အားနည်းချက်ရော အားသာချက်များပါရှိနေသည်ကို တွေ့ ရှိရသည်။ ဂလိုဘယ်လိုက်ဇေးရှင်းအရ ကျယ်ပြန့်လာသည့် နည်းပညာအသစ်များနှင့်အတူ SMEs များ၏ အရေးပါမှုသည်လည်း မြင့်တက်လာခဲ့သည်။ အလားတူ အသေးစားလုပ်ငန်းစုများအကြား ထုတ်လုပ်မှု တိုးတက်နှုန်းသည်လည်း ပြင်းထန်သည့် ပြိုင်ဆိုင်မှုများ ရှိလာခဲ့သည်။

အသေးစားအလတ်စား စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံတွင် ဆောင်ရွက်သည်ဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်သည်ဖြစ်စေ SMEs များအနေဖြင့် ဘဏ္ဍာငွေပြတ်လပ်ခြင်း၊ လူ့စွမ်းအားဆိုင်ရာပြတ်လပ်ခြင်း၊ စီမံခန့်ခွဲနိုင်စွမ်းအကန့်အသတ်များရှိခြင်းနှင့် နည်းပညာအမြင့်များအတွက် ကန့်သတ်ချက်များ ကြုံတွေ့ခြင်းစသည့် ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ အရင်းအနှီး ပြတ်လပ်မှုကြောင့် SMEs များအနေဖြင့် သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို အနည်းငယ်သာ ဆောင်ရွက်နိုင်ပြီး အဓိကအားဖြင့် ၎င်းတို့သည် သေချာစွာ လေ့ကျင့်သင်ကြားထားသည့် လုပ်သားများမွေးမြူရန်အခက်အခဲများဖြစ်ပေါ်လျက်ရှိ သည်။

တောင်ကိုရီးယား SMEs လုပ်ငန်းများ၏ အဓိကအားနည်းချက် တစ်ခုမှာ စွန့်ဦးတီထွင်မှု မရှိခြင်းပင်ဖြစ်သည်။ အကြီးစားစီးပွားရေး လုပ်ငန်းများနှင့် မတူညီသည်မှာ မိသားစုတစ်နိုင်

awmifuk&D,m;Ekdif\taejzifh
tqifhjrifhenf;ynmr¸m;
,lqmifvmEkdifonfh
Ekdifjcm;&if;EkD;jrSKyfESHr¸m;ukd
ykdrkd;ay;yDtpkd;uvnf;
,if;vkyfief;r¸m;twGuf
txl;cHpm;cGifhm;ay;vsuf&Sdonf

တစ်ပိုင် SMEs များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်နှင့် အတွေ့ အကြုံရှိသည့် စွန့်ဦးတီထွင်သူများကို ငှားရမ်းဆောင်ရွက်မှုများ လွန်စွာရှားပါးနေခြင်းဖြစ်သည်။ သို့သော်လည်း အစိုးရအနေဖြင့် ခေတ်နှင့်မလျော်ညီတော့သည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို ဖယ်ရှားခြင်းအားဖြင့် SMEs လုပ်ငန်းရှင်များကို စွန့်ဦးတီထွင် မှုဆိုင်ရာအခွင့်အလမ်းများရရှိစေရန် ကူညီဆောင်ရွက်ပေးနိုင်မည် ဖြစ် သည်။ အစိုးရအနေဖြင့် မည်သည့် SMEs လုပ်ငန်းများနဲ့ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ကိုလည်း ကူညီနိုင်မည့် ပုံစံတစ်ခုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတကာချိတ်ဆက်မှု ကွန်ရက်များကို အသုံးပြုခြင်းအားဖြင့် SMEs များအနေဖြင့် ၎င်းတို့အတွက် အကျိုးကျေးဇူးများကို ရယူနိုင်မည်ဖြစ်ပြီး ပိုမိုကျယ်ပြန့်သည့်ဈေးကွက် ထိုးဖောက်မှုများလည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဥရောပနိုင်ငံများကို လေ့လာကြည့်ပါက ဂျာမနီနိုင်ငံသည် အခြားဥရောပနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အကျပ်အတည်းကြုံခဲ့ရသည့်အချိန် များတွင် SMEs လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ ဂျာမနီနိုင်ငံတွင် ကုမ္ပဏီများ၏ ၉၉ ရာခိုင်နှုန်းကျော်သည် SMEs များဖြစ်ကြပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ရာခိုင်နှုန်းခန့် ပေးနိုင်သည်ကို တွေ့ရှိရ သည်။

ဂျာမန်စီးပွားရေး လုပ်ငန်းအများစုသည် SMEs ကုမ္ပဏီများဖြစ်သည်ကို တွေ့ရှိရပြီး မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ၊ မျိုးရိုးစဉ်ဆက်လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ၊ တီထွင်ဆန်းသစ်သည့်လုပ်ငန်းများ၊ စားသုံးသူ ဦးစားပေးလုပ်ငန်းများစသည်တို့ ပါဝင်ကြသည်ကို တွေ့ရှိနိုင်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနိုင်ရန်အတွက်အလားအလာကောင်းများရှိသည့် နိုင်ငံခြားအသေးစား၊ အလတ်စားလုပ်ငန်းများကို ကြိုဆိုဖိတ်ခေါ် လျက်ရှိ သည်ကိုတွေ့ရသည်။ နိုင်ငံခြားကုမ္ပဏီများကိုလည်း အခွန်သက်သာခွင့်ပေးခြင်း၊ စက်ရုံနှင့် ရုံးခန်း ငှားရမ်းခများ လျှော့ပေါ့ပေးခြင်း အစရှိ သည့် အမျိုးမျိုးသော အကျိုးခံစားခွင့်များပေးလျက်ရှိသည်။ ထို့အပြင် အစိုးရ အနေဖြင့် ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီကဲ့သို့သော အဖွဲ့အစည်းများ၊ ပြည်နယ် အစိုးရအဖွဲ့အစည်းများမှ တစ်ဆင့် အသေးစား၊ အလတ်စား ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကိုရီးယား SMEs များနှင့် ပူးပေါင်းကာ လုပ်ငန်းထူထောင်နိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အဓိကအရေးပါသည်သာမက နိုင်ငံ၏ အလုပ်အကိုင်အခွင့် အလမ်းများစွာ ဖန်တီးပေးနိုင်သည့် SMEs လုပ်ငန်းများကို ထောက်ပံ့ အားပေးသည့် မူဝါဒများကိုလည်း အစိုးရမှ အစဉ်အမြဲစောင့်ကြည့် စီစဉ်ပေးလျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အိန္ဒိယနိုင်ငံသို့ ပြည်ပမှ တင်သွင်းတဲ့ ဓာတုပစ္စည်းများ၊ ပလတ်စတစ်ထုတ်လုပ်သော စက်ပစ္စည်းနဲ့ ဖီနောလ်တင်သွင်းမှုများအပေါ် တန်ပြန်စုပုံခွန်များစည်းကြပ်သွားမည်

အိန္ဒိယနိုင်ငံသို့ အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံများမှ တင်သွင်းတဲ့ ဓာတုပစ္စည်းများအား တစ်တန်လျှင် ကန်ဒေါ်လာ ၁၅ ဒသမ ၅၅ မှ ၁၂၇ ဒသမ ၈၂ ကြားကိုလည်းကောင်း တရုတ် (တိုင်ပေ)၊ ဖိလစ်ပိုင်၊ မလေးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းတဲ့ ပလတ်စတစ်ထုတ်လုပ်သော စက်ပစ္စည်း တင်သွင်းမှုအား စက်ပစ္စည်းတန်ဖိုးရဲ့ ၆ ဒသမ ၀၆ မှ ၄၄ ဒသမ ၇၄ ရာခိုင်နှုန်းအထိလည်းကောင်း၊ ကိုရီးယား ၊ ဥရောပသမဂ္ဂနိုင်ငံများနဲ့ စင်ကာပူနိုင်ငံမှ တင်သွင်းတဲ့ ဖီနောလ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၇၇ ဒသမ ၁၉ မှ ၂၅၃ အမေရိကန်ဒေါ်လာဖြင့် လည်းကောင်း တန်ပြန်စုပုံခွန်များစည်းကြပ်သွားဖို့ စီစဉ်နေကြောင်း money-control.comနဲ့indiatimes အွန်လိုင်းသတင်းများမှာ ဖော်ပြထားပါတယ်။

ပြည်ပမှဓာတုပစ္စည်းများ တင်သွင်းလာခြင်းအတွက် Ardhra Petrochemicals ရဲ့ တောင်းဆိုချက်အရ လည်းကောင်း၊ တန်ပြန်စုပုံခွန်နှင့် သဘောတူထားသော အခွန်အကောက်ညွှန်ကြားရေးမှူးရဲ့ ထောက်ခံချက် အရလည်းကောင်း၊ 2EH (တူးအီသိုင်းလ်ဟက်ဆနောလ်) အပေါ် သွင်းကုန်ခွန်စည်းကြပ်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စူးစမ်းလေ့လာမှုပြုလုပ်ရာမှာ ပြည်ပမှ တင်သွင်းလာသော ပစ္စည်းများဟာ ပြည်တွင်းရောင်းဈေးထက် နိမ့်နေတာကိုတွေ့ရကြောင်း၊ ပြည်ပမှတင်သွင်းမှုပမာဏများပြားပြီး ဈေးနှုန်းနိမ့်မှုများကြောင့် အခွန်ဦးစီးဌာနကလည်း တန်ပြန်စုပုံခွန်စည်းကြပ်သွားမှာဖြစ်ပါတယ်။

ပလတ်စတစ်ပစ္စည်းထုတ်လုပ်တဲ့ စက်ပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းကြောင့် ပြည်တွင်းစက်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းများကို ထိခိုက်စေခြင်း၊ လစ်မနိုတ်အထပ်သား၊ ဆေးဝါးများ၊ ပါတီကယ်လ်ဘုတ်များ(Particle board) ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဖီနောလ်တင်သွင်းတဲ့ ဈေးဟာလည်း ပြည်တွင်းဈေးထက် နိမ့်ကျနေခြင်းတို့ကြောင့် တန်ပြန်စုပုံခွန်များစည်းကြပ်တော့မှာ ဖြစ်ပါတယ်။

ယခုကဲ့သို့ တန်ပြန်စုပုံခွန်များ စည်းကြပ်ရခြင်းဟာ ပြည်တွင်း လုပ်ငန်းများအား မျှတသော ကုန်သွယ်မှု အခွင့်အရေးခံစားရစေရန် ဖြစ်ပြီး စည်းကြပ်သွားမယ့် တန်ပြန်စုပုံခွန်နှုန်းထားများအားသတ်မှတ်ရာတွင် WTO လုပ်ထုံးလုပ်နည်းနဲ့အညီ စည်းကြပ်ကောက်ခံသွားရန် သတ်မှတ်ထားတာလို့သိရပါတယ်။

**CMK**

## ဓာတ်ဆီ/ဒီဇယ်



## ဓာတ်ဆီ၊ ဒီဇယ် ဆက်လက်အဝင်နား

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်မရှိခဲ့ဘူးလို့သိရပါတယ်။ ဒီတစ်ပတ်နဲ့ဆိုရင် နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အခြားစက်ချောဆီများသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာ လည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၇၀ ကျပ်၊ အောက်တိန်း (92) ၅၁၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရောဓာတ်ဆီပါ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ပီပါဈေးများငြိမ်နေသလို တစ်ဂါလန်ဈေးများလည်း ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက် ဒီဇယ်ဝယ်ဈေးမှာ ၈၅၀၀၀ ကျပ်၊ ရောင်းဈေး ၈၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၇ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးပြန်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၁၅ ရက်က ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ကျပ်ရှိခဲ့ပြီး၊ ၁၈ ရက်တွင် ဝယ်ဈေး၊ ရောင်း ဈေး ၂၀၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ လက်လီဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ ကျပ်၊ ဒီဇယ် ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၁၀ကျပ်၊ အောက်တိန်း (95) ၇၂၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၇ ရက်တွင် ဝယ်ဈေး ၂၀၀၀ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးက ဖေဖော်ဝါရီ ၁၅ ရက်မှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ် လုံး ဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၆၀၀ကျပ်၊ ဓာတ်ဆီ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေး ငြိမ်ပြီး၊ ဒီဇယ်ဈေးမြင့်ကာ အောက်တိန်းမှာ ဈေးအနည်းငယ်ပြန်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း ၂၅၆၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း ၂၆၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာဓာတ်ဆီ ၂၆၀၀ ကျပ်၊ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### Energy NYMEX 26-2-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 33.03 | -0.04 | -0.12 |
| Brent Crude Futr (USD/bbl) | 35.20 | -0.09 | -0.26 |
| Gasoline Rbob Fut (Cent/gal) | 104.00 | -1.60 | -1.52 |
| Natural Gas Futr (USD/MMBtu) | 1.79 | 0.01 | 0.34 |
| Heating Oil Futr (Cent/gal) | 106.14 | 0.86 | 0.86 |

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်း

ယခုလဆန်းပိုင်းကတည်းက အတက်အကျကြမ်းနေခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အတက်မရှိဘဲ အကျဘက်သို့သာ ဦးတည်နေခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ နိုင်ငံတကာတွင် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ ကျဆင်းလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်းငွေလဲနှုန်းများ ကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်ကမူ ဈေးအတက်အကျကြမ်းခဲ့သဖြင့် ငွေလဲဈေးကွက်တွင် အရောင်းအဝယ်မရှိသလောက်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ အကျဘက်သို့သာ ဦးတည်နေသဖြင့် ပြန်လည်ရောင်းချသူများ များပြားနေကြောင်း သိရသည်။

“ငွေလဲနှုန်းတွေ တည်ငြိမ်ဖို့ လိုပါတယ်။ ငွေလဲနှုန်းတွေ မငြိမ်ဘူးဆိုရင် ကျွန်တော်တို့ကုန်သည်တွေ အလုပ်လုပ် ရတာ အဆင်မပြေပါဘူး။ ဒီမှာက တက်ဈေးနဲ့ ဈေးဖွင့်တယ်။ ကုန်ပစ္စည်းရောက်လာတဲ့အချိန်ကျတော့ ဈေးကကျသွားတယ်။ အဲဒီလိုမျိုးတွေဖြစ်နေရင် ဈေးကွက်ကပျက်နေဦးမှာပဲ။ ငွေဈေးနှုန်းမငြိမ်ရင် စီးပွားရေးလည်းလှုပ်နေဦးမှာပဲ။ တိုင်းပြည်စီးပွားရေးကောင်းချင်တယ်ဆိုရင် ငွေလဲနှုန်းကို အတက်အကျ အနည်းဆုံးဖြစ်အောင်လုပ်ထားဖို့လိုပါတယ်။ အခုဒီတစ်ပတ်မှာဆိုရင် ဈေးက တစ်နေ့ကို တစ်ကျပ်လောက်တော့ ကျနေတာပဲ၊ ဒီတစ်ပတ်လုံးဆိုရင် ခြောက်ကျပ်လောက်ကျသွားတယ်။ ပမာဏနည်းတဲ့သူက နည်းနည်းထိခိုက်တယ်။ ပမာဏများတဲ့သူက ထိခိုက်မှုအများဆုံးဖြစ်သွားနိုင်တာကြောင့် ငွေလဲနှုန်းငြိမ်သက်လာအောင် လုပ်ဖို့လိုပါတယ်”ဟု ကုန်သည်တစ်ဦးဖြစ်သည့် ဦးလှဟိန်းက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၂၂ ရက်က ရောင်းဈေး ၁၂၄၈ ကျပ်၊ ဝယ်ဈေး ၁၂၄၄ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောင်းဈေး ၁၂၄၅ ကျပ်၊ ဝယ်ဈေး ၁၂၄၁ ကျပ်သို့ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရောင်းဈေး ၁၂၄၂ ကျပ်၊ ဝယ်ဈေး ၁၂၃၇ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်တစ်သောင်းကျော် မြင့်တက်

ပြည်တွင်းရွှေဈေးကွက်တွင် ရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် တစ်သောင်းကျော်အထိ မြင့်တက်လာခဲ့ကြောင်းပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးသည်လည်း နေ့စဉ်မြင့်တက်လျက်ရှိရာ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်း စတော့ရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းနေမှုနှင့် စင်ကာပူနိုင်ငံရှိဘဏ်အချို့၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းနေမှုတို့ကြောင့် ကမ္ဘာ့ရွှေဈေးကွက်တွင် ရွှေဝယ်လိုအားများ နေ့စဉ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဒေါ်လာတန်ဖိုး အားပျော့လာမှုကလည်း ရွှေဈေးနှုန်း မြင့်တက်မှုကို ထောက်ပံ့ပေးလျက်ရှိနေသဖြင့် ကမ္ဘာ့ရွှေဈေးများမြင့်တက်ခြင်းသည် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ ကျဆင်းလာခြင်းကြောင့်လည်း ဖြစ်နိုင်သည်ဟု ရွှေဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။

“ကမ္ဘာ့ရွှေဈေးက နေ့စဉ်တက်လာတယ်။ ဒါကြောင့် ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီးတက်လာတယ်။ တရုတ်မှာက စတော့ဈေးတွေ ထိုးကျကုန်သလို စင်ကာပူမှာလည်း ဘဏ်တွေရဲ့ ရှယ်ယာဈေးတွေ ကျလာတာကြောင့် ရွှေဘက်ကို လှည့်လာကြတယ်။ ကမ္ဘာ့ရွှေဈေးကွက်မှာ နေ့စဉ် ရွှေအရောင်းအဝယ်က တော်တော်များနေပြီ။ အဝယ်လိုက်လာတော့ ဈေးက မြင့်တက်သွားတာပါပဲ။ ကမ္ဘာ့ရွှေဈေးမြင့်တက်တဲ့အတွက် ပြည်တွင်းရွှေဈေးကလည်း မြင့်တက်လာတော့ ဈေးကွက်ထဲမှာ ရောင်းတဲ့သူတွေက ပိုများလာတယ်။ ရွှေဈေးက ထပ်တက်ဖို့ပဲရှိတယ်။ ဒီရက်ထဲမှာ ပြန်ကျဖို့ဆိုတာကတော့ မရှိသေးဘူး။ ခုရက်ပိုင်းမှာရှစ်သိန်းအောက်ရောက်ဖို့တော့ မမြင်ပါဘူး”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၂၂ရက်က တစ်ကျပ်သားလျှင် ကျပ် ၇၉၇၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၃ ရက်တွင် ၇၉၉၀၀၀ကျပ်သို့ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၄ရက်တွင် ကျပ် ၈၀၂၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျပ် ၈၀၅၀၀၀သို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျပ် ၈၀၈၀၀၀ သို့လည်းကောင်း မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက၌ ဖေဖော်ဝါရီ ၂၂ ရက်က ၁၂၁၇ ဒေါ်လာ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ၁၂၂၉ ဒေါ်လာသို့လည်းကောင်း၊ ဖေ ဖော်ဝါရီ ၂၅ ရက်တွင် ၁၂၃၂ ဒေါ်လာသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ၁၂၃၈ ဒေါ်လာသို့ လည်းကောင်း မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

February 26, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 78.23 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.54 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 68.78 |
| I DR | Indonesia Rupiahs | 13411.25 |
| JPY | Japan Yen | 112.66 |
| MYR | Malaysia | 4.22 |
| PKR | Pakistan Rupees | 104.61 |
| PHP | Philippines Pesos | 47.56 |
| RUB | Russia Rubles | 75.43 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1238.12 |
| LKR | Sri Lanka Rupe | 143.92 |
| THB | Thailand Baht | 35.67 |
| GBP | United Kingdom Pounds | 0.72 |
| VND | VietnamDon | 22316.44 |

*Source : xe.com*

### World Gold Price

February, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1203 | 1204 | 1208 |
| 23 | 1213 | 1213 | 1213 |
| 24 | 1220 | 1220 | 1220 |
| 25 | 1233 | 1234 | 1234 |
| 26 | 1235 | 1237 | 1237 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-2- 2016 | 797.00 | 796.00 |
| 23-2- 2016 | 799.00 | 799.30 |
| 24-2- 2016 | 801.50 | 801.00 |
| 25-2- 2016 | 805.00 | 805.50 |
| 26-2- 2016 | 806.00 | 805.50 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6 .52 | 35.75 | 78.67 | 68.54 |
| 23 | 6. 53 | 35.72 | 78.49 | 68.65 |
| 24 | 6 53 | 35.71 | 78.29 | 68.51 |
| 25 | 6 .53 | 35.68 | 78.07 | 68.61 |
| 26 | 6.54 | 35.67 | 78.23 | 68.78 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22 - February | 15.16 | 1792.22 | 1584.57 | 4754.18 | 929.00 |
| 23 - February | 15.21 | 1779.68 | 1601.37 | 4705.12 | 924.00 |
| 24 - February | 15.20 | 1752.80 | 1583.68 | 4674.43 | 936.00 |
| 25 - February | 15.22 | 1783.04 | 1601.82 | 4708.26 | 939.00 |
| 26 - February | 15.11 | 1769.82 | 1611.46 | 4716.77 | 919.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ တန်ချိန် ၁၀၀၀၀ ကျော်ပိုမို တင်သွင်း



ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၄၀၀၅၀၇ တန်ဖိုးရှိ ဘိလပ်မြေ ၆၄၈၄၁ ဒသမ ၆၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယမှ တန်ချိန် ၇၀၀၁၂၁ ဒသမ ၅၃ တန်၊ တရုတ်မှ ၁၄၅၄၃ ဒသမ ၁၁၃ တန်နဲ့ ထိုင်းနိုင်ငံ မှ ၄၉၄၇၇ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့ တံဆိပ်များမှာ ဆင်၊ စိန်၊ မောင်းတိန်း၊ ရန်ကို၊ Knight၊ Coromandel စတဲ့ တံဆိပ်များ ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၃၄၀၀ ကျော်ရှိခဲ့ တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၄၃၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၄၈၄၀ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၃၄၀၀တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၁၁၄၃၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်၃၂၁၆၀ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ၂၀၉၁၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၁၁၂၄၄ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

မန္တလေးဘိလပ်မြေဈေးကွက်မှာ ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာ လည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၁၀၀ ကျပ်၊ မြန်မာ ဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၄၀၀ ကျပ်၊ ကျားခေါင်း ၄၄၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ဆင်(ထိုင်း) ၆၉၀၀ ကျပ်၊ စိန် ၆၉၀၀ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မကွေးဈေးကွက်မှာ ဘိလပ်မြေက ဒီတစ်ပတ်အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့်လုပ်ငန်းတွေလည်းကောင်းတယ်။ လုပ်ငန်းကောင်းတော့အရောင်းအဝယ်လိုက်တယ်။ ဒါပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ ကြံ့ ၅၂၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် ပုံမှန်ရှိတယ်။ ရောင်းအားရှိပေမယ့်လည်း ဘိလပ်မြေဈေးတွေငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ကမ္ဘောဇ ၄၆၀၀ကျပ်၊ နဂါး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာအဝင်ပို

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၆၁၀၁၅ တန်ဖိုးရှိမြေဩဇာ ၄၇၇၇ ဒသမ ၀၉၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ ကွန်ပေါင်းမြေဩဇာ တန်ချိန် ၆၅၀ ၊ ရုရှားမှ NPK မြေဩဇာ ၃၆၄ တန်၊ ထိုင်းနိုင်ငံမှ ကွန်ပေါင်းမြေဩဇာ တန်ချိန် ၈၄၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ အိန္ဒိယမှ အလူမီနီယမ်ဖော့စဖိတ် ၅၆% ၈ ဒသမ ၂၉၄တန်၊ ချီလီနိုင်ငံမှ မြေဩဇာ တန်ချိန် ၃၅၀၊ တရုတ်နိုင်ငံမှ အမိုးနီးယမ်းကလိုရိုဒ် ၁၂၆၄ တန်နဲ့ အမိုးနီးယမ်းဆာလဖိတ် တန်ချိန် ၁၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၉၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ် ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၁၈၄၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေးနေ

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ၄၇၇၇တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၉၃၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၄၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင် မှာ ၁၁၂၅၁ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၁၅၈၇၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၆၂၂ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီး၊ နယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ ရန်ကုန်တို့မှာ ဈေးအနည်းငယ်မြင့်လာပြီးမကွေးမှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းတက်ပေမယ့် ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ပုလဲအသေးက၁၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် နဲ့ ၁၆း၁၆း၈ က၅၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ် နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၀၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်း ရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၃၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၀၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ ၁၆% (မြား ကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ် အေးနေဆဲဖြစ်သလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၀၂၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၃၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်း အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၄၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်) ၁၉၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ က ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ တန်ချိန် ၇၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၁၀ ကျော်ဝင်

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၈၄၀၁၄၁ တန်ဖိုးရှိ နို့ဆီ ၇၁၂ ဒသမ ၈၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ Tea Pot ၂၁၆ တန်၊ စင်ကာပူမှ ဒွန်းနို့ဆီ ၂၄၈ ဒသမ ၄၀ တန်နဲ့ အခြားတံဆိပ် နို့ဆီ ၂၄၈ ဒသမ ၄၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၁၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူမှ ၂၅ တန်၊ ဗီယက်နမ်မှ ၁၆ဒသမ၇၀၈ တန်နဲ့ နယူးဇီလန်မှ ၁၇၅ ဒသမ ၉၇၅ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၅၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ**မြေဩဇာက ဒီတစ်ပတ်မှာတော့ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်၁၂း၁၃ (အပြာ)၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ ယူရီးယား ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ်၊ တောင်သူမ ၁၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၂ မှ၁၉/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၂ မှ ၁၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၁၉·၇၅ | ၆၉၆·၅၀ | (+) ၁၀၂၃·၂၅ |
| ၂။ | လွယ်ဂျယ် | ၁၆၆၂·၀၀ | ၁၅၀·၀၀ | (+) ၁၅၁၂·၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၅·၀၀ | - | (+) ၃၅·၀၀ |
| ၄။ | ကန်ပိုက်တီး | ၉၀၀၁·၅၀ | - | (+) ၉၀၀၁·၅၀ |
| ၅။ | တာချီလိတ် | - | ၈၀၀၀·၀၀ | (-) ၈၀၀၀·၀၀ |
| ၆။ | မြဝတီ | ၂၀၃၇·၅၀ | ၁၇၄၀·၀၀ | (+) ၂၉၇·၅၀ |
| ၇။ | ကော့သောင်း | ၁၆၅၇၅·၀၀ | ၇၃၃၀·၀၀ | (+) ၉၂၄၅·၀၀ |
| ၈။ | မြိတ် | ၁၁၃၀·၀၀ | ၃၀၀၀·၀၀ | (-) ၁၈၇၀·၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၃၂၁၆၀·၇၅ | ၂၀၉၁၆·၅၀ | (+) ၁၁၂၄၄·၂၅ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၂ မှ ၁၉/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၂ မှ ၁၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၉၇၂၃·၇၄၀ | ၁၁၀၄၂·၄၆၀ | (-) ၁၃၁၈·၇၂၀ |
| ၂။ | လွယ်ဂျယ် | ၇၀·၀၀၂ | - | (+) ၇၀·၀၀၂ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၃၅၆·၃၉၆ | ၄၃၃၂·၂၇၁ | (-) ၃၉၇၅·၈၇၅ |
| ၆။ | ကော့သောင်း | ၁၀၁·၆၀၀ | - | (+) ၁၀၁·၆၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၁၀၀၀·၀၀၀ | ၅၀၀·၀၀၀ | (+) ၅၀၀·၀၀၀ |
| | စုစုပေါင်း | ၁၁၂၅၁·၇၃၈ | ၁၅၈၇၄·၇၃၁ | (-) ၄၆၂၂·၉၉၃ |

တင်တင်ထွန်း MIRT

# နှမ်း

## ယမန်နှစ်ကာလတူထက် နှမ်းနဲ့ရော်ဘာစိမ်းပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်ထိ ပြည်ပသို့ နှမ်းတန်ချိန် ၉၀၀၀၀ ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၂၂ သန်းကျော်ဖိုးတင်ပို့ခဲ့ရာ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၆၇၄၃ တန်ခန့် ပိုမိုခဲ့ပါတယ်။ ရော်ဘာစိမ်းတင်ပို့မှုမှာလည်း ၇၅၆၃၇ တန်ကျော်ဖြစ်ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၁၂၆၁၄ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နှမ်းနဲ့ ရော်ဘာစိမ်းတင်ပို့နိုင်မှုအား နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | | ဧပြီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၉ ရက်ထိ | | |
|---|---|---|---|---|
| | | ၂၀၁၅-၂၀၁၆ | ၂၀၁၄-၂၀၁၅ | ခြားနားချက် |
| နှမ်း | တန်ချိန် | ၉၀၀၆၈. ၈၀၁ | ၈၃၃၂၅. ၉၄၆ | ၆၇၄၂. ၈၅၅ |
| ရော်ဘာစိမ်း | တန်ချိန် | ၇၅၆၃၇. ၂၁၁ | ၆၃၀၂၂. ၉၂၆ | ၁၂၆၁၄. ၂၈၅ |

ယခင်ဘဏ္ဍာနှစ်တွင် နှမ်းတန်ချိန် ၉၁၈၀၅ တန်ကျော်နဲ့ ရော်ဘာစိမ်း တန်ချိန် ၇၇၅၁၈ တန်ကျော် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

**MIRT**

## ပြည်နှမ်း ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်သွက်လျက်ရှိ

ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် နှမ်းအိတ်တွေ ပွဲရုံများသို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး၊ မြန်အောင်၊ ကြံခင်း၊ နတ်တလင်း၊ တာပွန်မြို့များမှ တစ်ရက်ကို အိတ် ၅၀၀ ကျော်၊ ပုံမှန်ဝင်နေကြောင်း သိရပါတယ်။ နှမ်းနီကိုတော့ ဆီစက်သမားများ အဆွဲများတာကြောင့် အရောင်းအဝယ် သွက်လျက်ရှိပြီး နှမ်းနက်များကိုတော့ မန္တလေးကုန်သည်များ အဝယ်ရှိတာကြောင့် အိတ် ၂၀၀ ကျော် တင်ပို့မှုရှိကြောင်းလည်း သိရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးနှုန်းတွေကတော့ နှမ်းနီ တစ်တင်း ၂၆၆၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၄၀၀၀၀ ကျပ်နဲ့ စမုံနက် တစ်တင်း ၅၃၃၀၀ ကျပ်ဈေးပေါက်ပြီး ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းဆီဈေးနှုန်းများ အတက်အကျမရှိဘဲ အရောင်းအဝယ် သွက်လျက်ရှိနေပါတယ်။

**ဝေဝေမင်း-ပြည်**

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ တတိယပတ်မှာ နှမ်းနက် ၄၃၇ တန်နဲ့ နှမ်းဖြူ၉၂ တန် (ကန်ဒေါ်လာ သုည ဒသမ ၆၃၄ သန်းဖိုး)တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းနက် ၄၉ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု ပိုမိုလာပါတယ်။ နှမ်းအပို့မရှိတာ နှစ်လနီးပါးရှိနေပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူဈေး ၁၅၁၇၄၆၂ ကျပ်မှ ၁၄၉၁၈၃၉ ကျပ်သို့လည်းကောင်း၊ နှမ်းနက်ဈေးမှာ ၁၈၉၉၁၄၁ ကျပ်မှ ၁၈၆၇၀၇၃ ကျပ်သို့လည်းကောင်း ဈေးအနည်းငယ် ပြန်ကျသွား ခဲ့ပါတယ်။

နှမ်းကို ပြည်ပသို့ တင်ပို့ရာမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများနဲ့ တင်ပို့မှုရှိပြီး ထိုင်း၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နဲ့ စင်ကာပူနိုင်ငံတွေကို တင်ပို့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# စားအုန်းဆီ

## ထုတ်လုပ်မှုရှုတ်တရက်မြင့်တက်မှုနဲ့ ပို့ကုန်ဝယ်လိုအားကျဆင်းမှုကြောင့် စားအုန်းဆီဈေးကျ

ထုတ်ကုန်တိုးတက်မယ့်လက္ခဏာများ ရုတ်တရက်ပြသလာပြီး ပို့ကုန်ဝယ်လိုအားလည်း ကျဆင်းတဲ့အတွက် ဖေဖော်ဝါရီ ၂၄ ရက်မှာ စားအုန်းဆီကြိုရောင်းဈေးနှုန်းက ပဥ္စမမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်း ခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ မေလအတွက်ချုပ်ဆိုတဲ့ စာချုပ်အရ စားအုန်းဆီကြိုရောင်းဈေးက ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၅၂၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၈၆ ) နှုန်းရှိခဲ့ပါတယ်။ စောစောပိုင်းကမူ စားအုန်းဆီဈေးက တစ်တန်ကို ၂၅၁၇ ရင်းဂစ်နှုန်းရှိခဲ့ရာ နေ့ချင်းကျဆင်းနှုန်းမှာ ရက်သတ္တသုံးပတ်အတွင်း အများဆုံးဖြစ်ခဲ့ပါတယ်။ ရောင်းဝယ်မှုပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၉၄၈၅ တွဲရှိခဲ့ပါတယ်။

“စားအုန်းဆီဈေးနှုန်းကျဆင်းရတာက ထုတ်လုပ်မှုတိုးတက်ကောင်းမွန်မှုနဲ့ ပို့ကုန်များကျဆင်းတဲ့အပြင် ပင်လယ်ရပ်ခြားဒေသမှာလည်း ဈေးကွက်ကျဆင်းမှု အားနည်းနေတဲ့အတွက်ဖြစ်ပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းမှုက ဈေးနှုန်းမြင့်တက်ဖို့ အထောက်အကူဖြစ်ခဲ့ပေမယ့် ပို့ကုန်ကျဆင်းမယ့် အလားအလာတွေက ဈေးနှုန်းမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

ဇန်နဝါရီကာလတူနဲ့ နှိုင်းယှဉ်ရင် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း စားအုန်းဆီ ထုတ်လုပ်မှုက ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တောင်ပိုင်းဒေသ စားအုန်းဆီကြိတ်ခွဲသူများအသင်းက ဖေဖော်ဝါရီ ၂၃ ရက်မှာ ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

အယ်လ်နီညိုရာသီဥတုကြောင့် အရှေ့တောင်အာရှဒေသမှာ ရာသီဥတုပူပြင်းခြောက်သွေ့ပြီး သီးနှံအထွက် ကျဆင်းမယ့်လက္ခဏာတွေ တွေ့ရတဲ့အတွက် စားအုန်းဆီထုတ်လုပ်မှုကျဆင်းမယ့် လက္ခဏာတွေရှိပေမယ့် မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ မိုးရွာသွန်းမှုတွေကြောင့် ထိုဂယက်ရိုက်ခတ်မှုကို လျော့ပါးစေခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ စားအုန်းဆီသုံးစွဲမှု အများဆုံးဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက စားအုန်းဆီ စားသုံးမှုကျဆင်းလာတဲ့အတွက် စားအုန်းဆီရဲ့ ဖေဖော်ဝါရီ ပို့ကုန်ဝယ်လိုအားက နှေးကွေးကျဆင်းလျက်ရှိပါတယ်။ စားအုန်းဆီ တင်ပို့မှုက ဇန်နဝါရီကာလတူနဲ့ နှိုင်းယှဉ်ရင် ဖေဖော်ဝါရီ ပထမ ၂၀ ရက်မှာ ၁၀ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ရဲ့ စစ်တမ်းအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၅ ရက်အထိ စားအုန်းဆီတင်ပို့မှုကိန်းဂဏန်းတွေကို ထုတ်ပြန်ခြင်းမရှိသေးပါဘူး။ ထုတ်ပြန်တဲ့ အချိန်မှာ ဝယ်လိုအားကျဆင်းမယ့် အလားအလာတွေကို တွေ့နေရတယ်လို့ ဆိုပါတယ်။

စားအုန်းဆီဈေးက တစ်တန်ကို ၂၅၀၆ ရင်းဂစ်နှုန်းဖြစ်ဖို့ကို ဦးတည်နေဆဲဖြစ်ကြောင်း ရိုက်တာသတင်းဌာနရဲ့ ကုန်စည်နဲ့ စွမ်းအင်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုရဲ့ သုံးသပ်ချက်အရ သိရပါတယ်။

စားအုန်းဆီနဲ့အလားတူဖြစ်တဲ့ ဟင်းရွက်ဆီဈေးကွက်တွေကို လေ့လာကြည့်ပါက တရုတ်ဒါလီယံ ကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ မေလအတွက် ပဲပုပ်ဆီဈေးနှုန်းက ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် ချီကာဂိုဒိုင်မှာ ကြိုရောင်းဈေးက သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၂-၂၀၁၆)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၄၉၅ | ၁၄၈၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၁၀ | ၁၅၈၀ | ▽ |
| ပဲခူး | ၃၄၀၀ | ၃၄၀၀ | □ | ၄၆၀၀ | ၄၈၀၀ | △ | ၁၅၆၀ | ၁၅၆၀ | □ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၀၀ | ၁၆၀၀ | △ |
| မုံရွာ | ၄၀၀၀ | ၄၁၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၆၃၀ | ၁၆၂၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလတတိယပတ် | ဖေဖော်ဝါရီလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၇.၅၀ | ၆၀၆.၀၀ | △ |
| RBD P.Olein | ၆၁၂.၀၀ | ၆၁၅.၀၀ | △ |
| RBD P.Strarin | ၅၅၇.၅၀ | ၅၇၀.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၂-၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၀.၁၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၇.၉၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၃၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၉၆.၉၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၂-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၈ ဒေါ်လာ၊ FOB ၆၄၃ ဒေါ်လာနှင့် USD ဈေး ၁၂၃၇ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၆-၂-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# လူငယ်နဲ့အလုပ်အကိုင်အခွင့်အလမ်း

|မယ်သီတာ|

ခေတ်မီနိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိနိုင်ဖို့ ကြိုးစားနေတဲ့ မြန်မာနိုင်ငံဟာ သိပ်ကို မကွာဝေးလှတဲ့အချိန် တစ်ချိန်မှာ အာဆီယံဒေသတွင်းနိုင်ငံ များအလယ်မှာသာမက ကမ္ဘာ့နိုင်ငံများ ရဲ့အလယ်မှာပါ လျှမ်းလျှမ်းတောက် ကျော်ကြားလာတော့မှာဖြစ်ပါတယ်။

စီးပွားရေးအရ၊ စစ်ရေးအရ၊ ကုန် သွယ်မှုလမ်းကြောင်းအရ အချက်အခြာ ကျနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်နေတာကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက မျက်စိကျနေတဲ့ ကာလသားများအလယ်က သမင်ပျိုမလေးအလား ဝင့်ကြွားလို့နေပြီဆိုတာ အများအသိပဲဖြစ်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံတကာက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုတွေဟာ ဝင်လာမစဲ တသဲသဲဆိုသလိုဖြစ်နေပါပြီ။

ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကြောင့် ပြည်တွင်းအလုပ်အကိုင် ရရှိမှု အခွင့်အလမ်းတွေဟာလည်း တဖြည်းဖြည်းနဲ့ များပြားလို့နေခဲ့ပါပြီ။

ဒါပေမယ့်လည်း မြန်မာနိုင်ငံက လူငယ်အများစုဟာ ပြည်တွင်းမှာ လုပ် ကိုင်ဖို့ထက် ပြည်ပကို သွားရောက်လုပ် ကိုင်ဖို့ကိုပဲ စိတ်အားထက်သန်နေကြဆဲ ပဲရှိနေတယ်ဆိုတာကလည်း မငြင်းနိုင်တဲ့ အချက်တစ်ချက်ပါ။

ဥပမာအားဖြင့် မလေးရှားနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်နေတဲ့မြန်မာနိုင်ငံက အလုပ်သမားဦးရေဟာတစ်လကို ခြောက်ထောင်နီးပါးရှိနေတယ်ဆိုတဲ့သတင်းအချက်အလက်တွေက ထောက်ပြနေပါတယ်။

မြန်မာလူငယ်တွေ ဘာကြောင့် ပြည်ပကိုသွားပြီး အလုပ်လုပ်ကိုင်နေကြသလဲ။ ဒီမေးခွန်းရဲ့အဖြေက ရှင်းနေပြီးသားပါ။ မြန်မာပြည်တွင်းမှာ အလုပ်အကိုင်ရှားပါးမှုတွေက နှစ်ပေါင်း ရာစုနှစ်နဲ့ချီပြီးဖြစ်တည်လာခဲ့တာကြောင့် ရွှေ့ပြောင်းအလုပ်သမားအင်အားဟာ တစ်နေ့တခြား ကြီးထွားလာရတာပဲဖြစ် ပါတယ်။

ပြည်တွင်းမှာရှိတဲ့အလုပ်အကိုင်တွေကျ ပြန်တော့နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် ရရှိမယ့် ဝင်ငွေက မိုးနဲ့မြေလို ကွာခြားနေတာကြောင့် ပြည်ပမှာအလုပ် လုပ်ကိုင်လို့ရရှိမယ့် ဝင်ငွေကိုသာ မျှော်ကိုးပြီး ဒုက္ခန္တွင်း အနစ်ခံကာလုပ်ကိုင် နေကြရတာပဲဖြစ်ပါတယ်။

ဒါပေမယ့် အခုလို အချိန်မျိုးမှာ နိုင်ငံအတွင်းကို စီးဝင်လာတဲ့ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက ပြည်တွင်းမှာရှိတဲ့ လုပ်သားတွေရဲ့အင်အား ကို အသုံးပြုချင်လို့ ရောက်လာခဲ့တာပဲဖြစ်ပါတယ်။

လုပ်ခလစာသက်သာမှု၊ လုပ်သားအင်အား ပေါများမှု စတဲ့ အချက်တွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံတွင်းကို အင်တိုက်အားတိုက် ဝင်ရောက်နေကြတာပဲဖြစ်ပါတယ်။

အဲဒီလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တွေ ပြည်တွင်းကို ဝင်လာတော့မယ်ဆိုတာ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက အရိပ်အယောင်တွေ ပြသခဲ့တာကို လူ ငယ်တွေ သိရှိခဲ့ကြမှာပါ။

ဒါပေမယ့်တချို့တချို့သောလူငယ် တွေဟာ အချိန်တွေကုန်ဆုံးသွားပေမယ့်ရောက်လာတော့မယ့် အခွင့်အလမ်းတွေကို မိမိရရ ဆုပ်ကိုင်နိုင်မယ့် အခွင့်အရေးတွေကို မသိသလို သိသလိုတွေလုပ်နေကြတာတွေ အခုထက်ထိ တွေ့ မြင်နေရဆဲပါ။

နည်းပညာတွေ တိုးတက်လာတာနဲ့အတူ ဖုန်းတွေကို အသုံးပြုပြီး အွန် လိုင်းပေါ် မှာပဲ အချိန်တွေ ကုန်ဆုံးနေကြသလို အွန်လိုင်းကြောင့် ဘဝပျက် စီးပွားပျက်ခဲ့ကြတဲ့လူငယ်တွေ အများကြီးရှိနေခဲ့၊ ရှိနေဆဲပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ရဲ့ထုတ်ပြန်ကြေညာချက်ကိုကြည့်မယ် ဆိုရင် ၂၀၁၆ခုနှစ်ဇန်နဝါရီလအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ၃၁ ခု ကို ခွင့်ပြုပေးခဲ့ရာတွင် အများစုမှာ အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ မြို့ပြနှင့် အိုးအိမ် တည်ဆောက်ရေးလုပ်ငန်းများဖြစ်တယ် လို့ သိရပါတယ်။

အဲဒီလို ရင်းနှီးမြှုပ်နှံမှုတွေဟာ လူငယ်တွေအတွက် အထူးသဖြင့် အလုပ်လုပ်ကိုင်လိုတဲ့လူငယ်တွေအတွက် ထူးခြားတဲ့မဟာအခွင့်အရေးကြီးပဲလို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုထူးခြားလှတဲ့အခွင့်အရေးကြီး ကို ဆုပ်ကိုင်နိုင်ဖို့အတွက် လူငယ်တွေမှာ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဒါပေမယ့်လည်းဒီအခွင့်အရေး ကို ဆုပ်ကိုင်နိုင်ဖို့ ကိုယ့်မှာအရည်အချင်းတစ်ခု လက်ဝယ်ရှိနေဖို့လိုပါတယ်။

မြန်မာနိုင်ငံက ပေးအပ်လိုက်တဲ့ ဘွဲ့တစ်ခုဟာ ကိုယ်လုပ်ချင်တဲ့ အလုပ် တစ်ခုအတွက် သင့်တော်တဲ့ဘွဲ့တစ်ခု ဖြစ်လာဖို့ဆိုတာက မလွယ်လှတဲ့ အကြောင်းတရားလို့ ပြောရမှာပါ။

ဒါကြောင့် လူငယ်တွေအနေနဲ့ နိုင်ငံခြားက ဝင်ရောက်လာမယ့် ကုမ္ပဏီတွေမှာ ဝင်ရောက်လုပ်ကိုင်လိုတယ်ဆိုရင် အနည်းဆုံး ကွန်ပျူတာနဲ့အင်္ဂလိပ်စာ ကို တတ်ကျွမ်းထားဖို့လိုပါတယ်။




တိုးတက်လာတဲ့အိုင်တီခေတ်ကြီး မှာ ကွန်ပျူတာနဲ့အင်္ဂလိပ်စာကိုမှ တတ်မြောက်မထားဘူးဆိုရင်သူများရဲ့နောက် ကို ရောက်နေမှာ သေချာပါတယ်။

အလုပ်အကိုင်ရှာဖွေရေးဌာနတစ်ခု ဖြစ်တဲ့ Work.com.mm မှ အလုပ်အကိုင် ရှာဖွေမှုစစ်တမ်းကိုထုတ်ပြန်ခဲ့ ရာမှာ ၂၀၁၆ခုနှစ်ဇန်နဝါရီလအတွင်း ကွန်ပျူတာအိုင်တီဆက်စပ်လုပ်ငန်း ကြီးများနှင့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းကြီးများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကြီးများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းကြီးများနှင့်သွင်းကုန်/ထုတ်ကုန်လုပ်ငန်းကြီးများမှ ဝန်ထမ်းခေါ်ယူမှု အများဆုံးဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီလို နယ်ပယ်အသီးသီးက အလုပ်အကိုင်တွေရှာဖွေလာတဲ့အတွက် အလုပ်လုပ်ချင်တဲ့လူငယ်တွေအနေနဲ့ မိမိရရှိထားတဲ့ဘွဲ့အပြင် တခြားသော ဘာသာရပ်တစ်ခုခုကိုပါ သင်ကြား တတ်မြောက်ထားဖို့လိုပါတယ်။

အခုလက်ရှိမြန်မာနိုင်ငံရဲ့ လုပ်သားအင်အားအခြေအနေမှာ ကျွမ်းကျင်လုပ်သား/ဝန်ထမ်းရှားပါးမှု ပြဿနာနဲ့ရင်ဆိုင်နေရပါတယ်။

လူငယ်အများစုဟာ လုပ်ငန်းခွင်ထဲမှာ သင်ပေးမှာပဲဆိုတဲ့ စိတ်နဲ့ လုပ်ငန်း ခွင်ထဲကို ရောက်မှသာ သင်ယူမှုတွေ လုပ်ကြပါတယ်။ ဒါဟာ လွဲမှားတဲ့အယူ အဆတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ကျွမ်း ကျင်လုပ်သား/ဝန်ထမ်းကိုသာ ငွေကုန်ကြေးကျခံပြီးခန့်ထားနိုင်သလိုကျွမ်းကျင် မှုမရှိတဲ့လုပ်သား/ဝန်ထမ်းတွေကိုတော့ ငွေကုန်ကြေးကျခံပြီး ခန့်ထားမှာမဟုတ် ဘူးဆိုတာကို လူငယ်တွေ သိထားကြ ဖို့လိုအပ်ပါတယ်။

"ကျွန်တော့်အနေနဲ့နောက်ပိုင်း မှာလည်း အရောင်းကျွမ်းကျင်ဝန်ထမ်း လိုအပ်ချက်တွေ ထပ်တိုးလာမယ်လို့ မြင်တယ်။ ဒီ ၂၀၁၆ ခုနှစ်မှာက ရင်းနှီးမြှုပ်နှံမှုတွေ ထပ်များလာဖို့လည်း ရှိလာမယ်ဆိုတော့ အတွေ့အကြုံရှိပြီးသား အရောင်းကျွမ်းကျင်သူတွေအတွက် အခွင့်အလမ်းတွေ များလာမှာပါ။ ဒါ့ အပြင် နောက်ပိုင်းမှာဆို ဆောက်လုပ်ရေးနှင့်အင်ဂျင်နီယာ အလုပ်အကိုင်တွေအတွက်လည်း အလားအလာတွေ ကောင်းလာဖို့ရှိမယ်။ လက်ရှိမြန်မာနိုင်ငံမှာ မြို့ပြ ဖော်ဆောင်ရေး (Property Development)လုပ်ငန်းတွေ တစ်စတစ်စလာရောက် ရင်းနှီးမြှုပ်နှံတာတွေလည်း များပြားလာတော့ ဒီလုပ်ငန်းတွေကနေအလုပ်အကိုင် လိုအပ်ချက်တွေရှိလာမှာဖြစ်တယ်။ဒါကြောင့် အသက်မွေးဝမ်းကျောင်း တစ်ခုတည်ဆောက်ချင်တဲ့ လူငယ်တွေကို ပြောချင်တာက ကိုယ့်နိုင်ငံရဲ့လက်ရှိ စီးပွားရေးအခြေအနေတွေကို သုံးသပ် ပြီး ကိုယ့်ရဲ့တက္ကသိုလ်ပညာရေးတစ်ခုတည်းကို အားမကိုးဘဲ တခြားလိုအပ်တဲ့ စီးပွားရေးသင်တန်းတစ်ခုခုကို တက်ရောက်ပြီး ပြင်ဆင်ထားသင့်တယ်"လို့ work.com.mm မှ Country Manager ဖြစ်သူ Mr.Bart Van Dijk မှ သုံးသပ်ပြောကြားခဲ့ ပါတယ်။

ဒါကြောင့် မြန်မာလူငယ်တွေ အနေနဲ့ ရရှိနေတဲ့ အခွင့်အရေးတွေကို လက်လွတ်မခံဘဲ အသုံးချတတ်ဖို့ အရေးကြီးလှပါတယ်။ အခွင့်အရေးဆိုတာ တစ်ကြိမ်ပဲရသလို နှစ်ကြိမ်ပြန်မရ တတ်တာကြောင့် ရရှိနေတဲ့အခွင့်အရေးတွေကို အမိအရ ဖမ်းဆုပ်ထားနိုင်ဖို့ လိုအပ်လှပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

## e-Sports ကို ရည်ရွယ်၍ ထုတ်လုပ်သောထုတ်ကုန်ပစ္စည်းအသစ်ဖြစ်သည့် Predator Series အား Acer မှ မိတ်ဆက်

ဂိမ်းကစားခြင်းနှင့်အီလက်ထရောနစ် အားကစားနည်း e-Sports ကို စိတ် ဝင်စားသူများ၊ ပရိသတ်များအတွက် ရည်ရွယ်၍ များစွာသောထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် Acer ကွန်ပျူတာကုမ္ပဏီလီမိတက်သည် အီလက်ထရောနစ်အားကစားနည်းအခန်းကဏ္ဍ တိုးတက်ပြောင်းလဲ လာမှုအပေါ် အခြေခံ၍ Acer Predator Series ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Acer Predator Series တွင်ခရီးဆောင်ကွန်ပျူတာ(Notebook)၊ Desktop ကွန်ပျူတာ၊ မော်နီတာ၊ ပရိုဂျက်တာနှင့်တက်ဘလက်စသည့်စက် ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ ယင်း Acer Predator Series ၏ ကုန်ပစ္စည်းအသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၆ ရက် ညနေက ရန်ကုန်မြို့၊ ကန်ရိပ်သာလမ်းရှိ Espace Gusto Bar တွင် ကျင်းပခဲ့သည်။ ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲတွင် ပြသထားသည့် Predator Series တွင် ပါဝင်သောပစ္စည်းများအားလုံးသည် Intel ၏ နောက်ဆုံးပေါ် ပရိုဆက်ဆာများကို အသုံးပြု၍ ထုတ်လုပ်ထားသောပစ္စည်းများဖြစ်ကြောင်း၊ Acer ကွန်ပျူတာ၏တွဲဖက်ဒါရိုက်တာဖြစ်သူ Mr. Boonyaphat Chooburrjerd က ပြောကြားခဲ့သည်။

၎င်းပရိုဆက်ဆာများသည် အကောင်းဆုံးသောလုပ်ဆောင်ချက်များ၊ ရင်သပ်ရှုမောဖွယ်ကောင်းသောပုံရိပ် များကို ပေးစွမ်းနိုင်သည့်အပြင် စွမ်းအင်အသုံးချမှုကို အနည်းဆုံးဖြစ်စေသော အကောင်းဆုံးပရိုဆက်ဆာများဖြစ်ကြောင်း သိရသည်။ Predator Series တွင် ပါဝင် သောပစ္စည်းများအားလုံးသည် အထူး သဖြင့် e-Sports Gamers များကို ပို၍ သာလွန်ကောင်းမွန်သော သုံးစွဲမှုအတွေ့အကြုံသစ်ကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

ကွန်ပျူတာဖြင့် ဂိမ်းကစားခြင်း သည် အီလက်ထရောနစ်အားကစားနည်း (e-Sports) ကို မွေးဖွားပေးနေခြင်းဖြစ်ပြီး ကွန်ပျူတာဂိမ်းကစားသမား များအတွက်လည်း ကစားပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခြင်းများမှ တစ်ဆင့် ဝင်ငွေများရရှိနိုင်သည်အထိ e-Sports ၏အခန်းကဏ္ဍသည် တိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း Acer ကွန်ပျူတာကုမ္ပဏီလီမိတက် (အင်ဒိုချိုင်းနား၏ ဒေသဆိုင်ရာရုံးခွဲ)၏ အုပ်ချုပ်မှု ဒါရိုက်တာ Mr. Alan Chiang က ပြောကြားခဲ့ပါသည်။

တစ်ကမ္ဘာလုံး၏ e-Sports ဈေးကွက်အချက်အလက်များကို စုစည်း ထားသော Newzoo ၏ကောက်ယူ ရရှိထားမှုများအရ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကွန်ပျူတာဂိမ်းနှင့် e-Sports လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရှိရသည်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ပြိုင်ဘက်များဖြစ်လာ

မြန်မာနိုင်ငံ၏ အဝတ်အထည် ထုတ်ကုန်တင်ပို့မှုဝင်ငွေသည် ၂၀၁၂ ခုနှစ်၌ အမေရိကန်ဒေါ်လာသန်း ၉၀၀ သာရှိခဲ့ပြီး လာမည့်သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ တိုးမြှင့်လာနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ထုတ်ဝေသည့် The Financial Express သတင်းစာတွင် ဖော်ပြထားချက်များအရ သိရသည်။

တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် အလုပ်သမားစရိတ်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားမှုကြောင့် မြန်မာနိုင်ငံ တွင် အသင့်ချုပ်အဝတ်အထည် စက်မှုလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ရန် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းလျက်ရှိရာ ယခုအခါ ကမ္ဘာ့ အဝတ် အထည် ဈေးကွက် ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှင့်မြန်မာနိုင်ငံတို့သည် ပြိုင်ဘက်နိုင်ငံများအဖြစ် ပေါ်ထွက်လာခဲ့ကြောင်း စက်မှုလုပ်ငန်း သတင်းအရင်းအမြစ်များက ပြောကြားခဲ့ကြသည်။

တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥရောပသမဂ္ဂ (အီးယူ)၊ အမေရိကန်နှင့်ကနေဒါနိုင်ငံ ဈေးကွက်များသာမက ဖွံ့ဖြိုးပြီးသော ဈေးကွက် များ၌ မြန်မာနိုင်ငံဝင်ရောက်ခွင့်ရရှိရန် ၎င်းတို့က အထူးအခွင့်အရေးအဖြစ်ပေး၍ အသင့်ချုပ်အဝတ်အထည်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အများအပြားစတင်ပြုလုပ်နေပြီဖြစ်သည်ကို တွေ့ရသည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သောအစိုးရအဖွဲ့သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၌ ယုံကြည်လက်ခံနိုင်ဖွယ်ရှိသော ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် အမေရိကန် နှင့်ဥရောပသမဂ္ဂ (အီးယူ) တို့က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ကြသည်ကို တွေ့ရသည်။

စက်မှုလုပ်ငန်းဆိုင်ရာ မြေဈေးနှုန်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယ၊ ပါကစ္စတန်နှင့်သီရိလင်္ကာနိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် အလွန်သက်သာလျက်ရှိပြီး စက်မှုလုပ်ငန်းအတွင်းမှ လူများ၏ပြောကြားချက်အရ မြန်မာနိုင်ငံ၏ အဝတ်အထည် ပို့ကုန်တင်ပို့မှုသည် ၂၀၂၀ ခုနှစ်၌ အမေရိကန်ဒေါ်လာ လေးဘီလီယံအထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းကြသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း Myanmar Garment Manufacturers Association (MGMA) ဥက္ကဋ္ဌ ဦးမြင့်စိုးက မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုပမာဏသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံရှိခဲ့ကြောင်း၊ အဆိုပါပမာဏသည် ဂျာမနီနိုင်ငံနှင့်လက်တင် အမေရိကနိုင်ငံတို့သို့ တင်ပို့ထားသော ကိန်းဂဏန်းအချက်အလက်များ မပါဝင်သေးကြောင်း၊ မိမိတို့အနေဖြင့် ဤမျှမကမျှော်လင့်ထားပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ ရရှိနိုင်မည်ဟု ခန့်မှန်းကြောင်း ပြောကြားခဲ့သည်။

ငါးနှစ်အတွင်း ပို့ကုန်တင်ပို့မှု မဟာဗျူဟာအပေါ် အခြေခံပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်တင်ပို့မှုလျာထားချက် အသစ်တစ်ခုချမှတ်ဆောင်ရွက်လျက်ရှိရာ ITC သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းဖြစ်ကြောင်း ပို့ကုန်တင်ပို့မှု တိုးတက်လျက်ရှိနေသည်နှင့်အမျှ လက်ရှိဈေးကွက်အခြေအနေသည် စိန်ခေါ်မှုများရှိနေကြောင်း ဦးမြင့်စိုးက ပြောကြားခဲ့ပါသည်။

**MOFA**

# နှစ်ဆန်းပိုင်းတွင် ဟောင်ကောင်စတော့ဈေးကွက်များကျဆင်း

ဟောင်ကောင်၏ စတော့ဈေးကွက်မှာ ၁၉၉၄ ခုနှစ်မှစ၍ ယခုနှစ်အထိ တရုတ်နှစ်သစ်ကူးပွဲတော်အစပိုင်းတွင် အဆိုးရွားဆုံးအခြေအနေများနှင့်ရင်ဆိုင်ခဲ့ရကြောင်းနှင့် ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အပေါ်တွင် စတော့ဈေးကွက်အခြေအနေမှာများစွာ တည်မြဲနေ၍ဖြစ်ကြောင်းဖော်ပြထားပါသည်။

ဟန်ဆန်း အညွှန်းကိန်းမှာ နှစ်သစ်ကူးရုံးပိတ်ရက်များအပြီး ဈေးကွက်ပြန်လည်ဖွင့်ချိန်တွင် ၃ ဒသမ ၈၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၆၇ ဘီလီယံရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ ၇ ဒသမ ၇၉၄၁ အထိကျဆင်းခဲ့သည်။ ဈေးကွက်ပြောင်းလဲမှုများ မြန်ဆန်စွာဖြစ်ပေါ်ရခြင်းမှာ စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့် ဂျပန်၊ ဥရောပနှင့်အမေရိကန်တို့မှ ကျင့်သုံးသောငွေကြေးဆိုင်ရာမူဝါဒများ မသေချာမှုနှင့်စနစ်အမျိုးမျိုးကွဲပြားမှုများကြောင့်ဖြစ်ကြောင်း ငွေကြေးအတွင်းဝန် CEAJER Chan Ka-Keung က ပြောကြားခဲ့သည်။ ၎င်းအပြင် လိုက်လျောညီထွေစွာနှင့် အန္တရာယ်များကို သတိကြီးစွာထား၍ စီမံခန့်ခွဲရန်



ရင်းနှီးမြှုပ်နှံသူများအား အကြံဉာဏ်ပေးခဲ့သည်။ ထူးခြားချက်မှာ HSBC ၏ စတော့မှာ ၅ ဒသမ ၄ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၄၉ ဒသမ ၅ ကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းမှုကြောင့် တရုတ်ပြည်မကြီးမှ ဘဏ်များနှင့် အာမခံပေါ်လစီများ ထုတ်ရောင်းသည့် ကုမ္ပဏီများအနေဖြင့်အထိနာခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ Ten Cent မှာ ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဟန်ဆန်းတရုတ်စီးပွားရေးလုပ်ငန်းများ အညွှန်းကိန်းမှာ ၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဩဂုတ်လမှစတင်၍ ယနေ့အထိ အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်ထုတ် Standard သတင်းစာတွင် ဖော်ပြထားပါသည်။

သတင်းကောင်းမှာ အလွန်နည်းပါး၍ သတင်းဆိုးမှာ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေကြောင်း ဟောင်ကောင်အိတ်ချိန်းနှင့် စာရင်းရှင်းလင်းရေးအမှုဆောင်ချုပ် Charles Li Xiaojan က ပြောကြားခဲ့ပြီး၊ ၎င်းမှာ ဈေးကွက်ယုံကြည်မှု၏ စမ်းသပ်ချက်တစ်ခုသာဖြစ်ကြောင်းနှင့် နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း Mong Kok အတွင်းဖြစ်ပွားခဲ့သော ဆူပူမှုအဓိကရုဏ်းမှာလည်း ဟောင်ကောင်၏ ပုံရိပ်ကို များစွာထိခိုက်ခဲ့ပြီး စတော့ဈေးကွက်လုပ်ငန်းဆောင်ရွက်မှုများတွင် မလိုလားအပ်သော အကျိုးသက်ရောက်မှုများ ရှိနိုင်ကြောင်း Chan က ပြောကြားခဲ့ပါသည်။

၎င်းအပြင် ဟောင်ကောင်သာမက အခြားအာဆီယံဈေးကွက်များတွင်လည်း ဆုံးရှုံးမှုများရှိခဲ့ပြီး၊ ဆိုးလ်တွင်လည်း သုံးရာခိုင်နှုန်းနီးပါး၊ စင်ကာပူတွင် သုည ဒသမ ၈ ရာခိုင်နှုန်း၊ ဥရောပစတော့ဈေးကွက်မှာ သုံးရာခိုင်နှုန်းထက်ပိုမို၍ ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ဂျပန်နိုင်ငံတွင်စီးပွားရေးကျဆင်းမှုကြောင့် စတော့ဈေးကွက် အခြေအနေ မရေရာကြောင်း စီးပွားရေးပညာရှင်များ သုံးသပ်

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၅ ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် စတော့ဈေးကွက်၏ အခြေအနေသည် ရေရာမှုမရှိကြောင်းကို စီးပွားရေးပညာရှင်များက သုံးသပ်ထားပါသည်။ နီကေးစတော့ ရှယ်ယာဈေးနှုန်းသည် ဖေဖော်ဝါရီလ ၈ ရက်တွင် ခုနစ်ရာခိုင်နှုန်းကျော်ထိအများဆုံးကျဆင်းခဲ့ပြီး တိုကျိုစတော့ ဈေးကွက်ကျဆင်းမှုသည် မည်သည့်အချိန်တွင် ရပ်တန့်နိုင်မည်ကို ခန့်မှန်းမရနိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားပါသည်။ စတော့ဈေးကွက်အခြေအနေသည် မုန်တိုင်းထန် လျက်ရှိနေပြီး တည်ငြိမ်မှုရှိရန် အနည်းဆုံး အချိန်တစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးကျ ဆင်းမှု၊ ရေနံဈေးနှုန်းကျဆင်းမှုနှင့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ပြန်လည်တိုးတက်လာမှုများသည် စတော့ဈေးကွက်ကိုများစွာ အကျိုး သက်ရောက်မှုရှိကြောင်းလည်း သုံးသပ်ထားပါသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ဟောင်ကောင် SMEs များ၏ အလားအလာ ပိုမိုဆိုးရွားလာ

ဟောင်ကောင်၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အလားအလာမှာ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ပိုမိုဆိုးရွားလာကြောင်းနှင့် Standard Chartered Bank နှင့်ဟောင်ကောင်ကုန်ထုတ်လုပ်မှုကောင်စီတို့ ပူးပေါင်းထုတ်ပြန်ခဲ့သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အညွှန်းကိန်း (SME Index) မှာ ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၄၄ ဒသမ ၄ မှ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ၄၂ ဒသမ ၈ သို့ ကျဆင်းခဲ့ကြောင်း Standard Chartered မှ ထုတ်ပြန်ခဲ့ပါသည်။

ကာလတိုစီးပွားရေးလုပ်ဆောင်ချက်များဖြစ်သော အရောင်းနှင့်အမြတ်၏ အနိမ့်ဆုံး သတ်မှတ်ချက်များမှာ ၂၀၁၅ စတုတ္ထ သုံးလပတ်တွင် ၁၁ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ၇ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အလားအလာကျဆင်းမှုနှင့် တရုတ်၏ တိုးတက်မှုအလားအလာအားနည်းမှုကြောင့် ဝမ်ငွေကြေးတန်ဖိုးလျော့နည်းမှုသည်လည်း SMEs များအတွက် အခက်အခဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၉-၂-၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေး အနည်းငယ်ကျ၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) အရောင်းအဝယ် ပုံမှန်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဘက်က ဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားပါလျော့သွားတာကြောင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်တန်ကို ၁၃၈၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုတော့ အိန္ဒိယဘက်မှ အဝယ်ပါးသလို ဈေးချအဝယ်ရှိတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်တန်ကို ၁၃၃၃၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏနည်းခဲ့ကြောင်းသိရ ပါတယ်။ ပဲတီစိမ်း (ခရမ်းရွှေဝါ) ကိုတော့ ပြည်ပဝယ်လက်တွေက တစ်ပိဿာ ၂၀၉၂ ကျပ်(တစ်တန်ကို ၁၂၈၁၁၁၉ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးတန့် ကုလားပဲ(သစ်)ဈေးစွာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားအထိုက်အလျောက်ရှိပေမယ့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)နဲ့ ကုလားပဲဖြူလုံးကြီး(သစ်) တွေ အဝင်လှိုင်လာသလို မြို့ခံပဲခွဲစက်တွေကလည်း အမြင့်ဈေးဖြင့်ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၃၀ ကျပ် (တစ်တန်ကို ၉၃၆၉၅၆ ကျပ်)ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်)ဈေးစွာ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) (သစ်) ဈေးကွက်သို့ အဝင်များလာသလို မြို့ခံပဲခွဲစက်တွေကလည်း တစ်ပိဿာကို ၁၅၂၀ ကျပ်(တစ်တန်ကို ၉၃၀၈၃၀ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက် မတ်ပဲ(သစ်) ဈေးအနည်းငယ်ကျ၊ ပဲစင်းငုံနီဈေးတန့်၊ ကုလားပဲ(သစ်) အမြင့်ဈေးနဲ့ ပုံမှန်အရောင်းအဝယ်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ ဆက်လက်ဝင်ရောက်နေပေမယ့် Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်အဝယ်လျော့သွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၃၀၀ ကျပ်(တစ်တန်ကို၁၄၀၈၄၉၇ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ဝယ်လိုအားပုံမှန်ရှိပေမယ့်ဈေးတန့်နေကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်) (သစ်)က အဝင်လှိုင်လာသလို မြို့ခံပဲခွဲစက်တွေကလည်း အမြင့်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို၁၅၂၅ကျပ် (တစ်တန်ကို ၄၃၃၈၉၄ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲဈေးစွာ ပဲစင်းငုံနီ ဈေးတန့်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(သစ်)တွေ ဆက်လက်ဝင်ရောက်နေသလိုပဲခွဲစက်တွေကလည်း ဝယ်လိုအားများတာကြောင့် ဈေးကအမြင့်ဘက်မှာ ရှိနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၀၀ ကျပ်(တစ်တန်ကို၉၁၈၅၈၅ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်ဝယ်လက် ဝယ်လိုအား အထိုက်အလျောက်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့်တစ်ပိဿာကို ၂၁၅၀ ကျပ်(တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးဈေးမာ နှမ်းမျိုးစုံပုံမှန် အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး(သစ်)တွေ ပုံမှန်ဝင်ရောက်နေသလိုမြို့ခံပဲခွဲစက်တွေကလည်း ဝယ်လိုအားများတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၅၀ ကျပ်(တစ်တန်ကို ၉၄၉၂၀၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့်ဆီစက်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် နှမ်းဖြူတစ်ပိဿာ ၂၁၆၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၆၇၀ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၆၇၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံ တစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက် ဈေးချအဝယ်ရှိ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်)တွေ အဝင်ပုံမှန်ရှိပေမယ့် ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၄၇၅ကျပ်(တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်(သစ်) ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၉၂၅ ကျပ် (တစ်တန်ကို ၅၆၆၄၆၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်တွင် မတ်ပဲနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်ပါး၊ ကုလားပဲ(သစ်) အရောင်းပို

မုံရွာဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲ(သစ်)ကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်နဲ့ ပဲခွဲစက်များက ဝယ်လိုအားပါးတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၃၂၅ ကျပ်(တစ်တန်ကို ၁၄၂၃၈၀၀ ကျပ်) ဈေးနဲ့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၂၅ ကျပ်(တစ်တန်ကို ၁၃၀၁၃၂၈ ကျပ်)ဈေးဖြင့် ဝယ်ယူလိုပေမယ့် ရောင်းသူကုန်သည်များက ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့်ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဈေးပေးအဝယ်ရှိလာသလို ဝယ်လိုအားပါ များလာတာကြောင့် ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၂၆ ကျပ်(တစ်တန်ကို ၉၃၄၅၀၇ ကျပ်)ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၇၉ ကျပ် (တစ်တန်ကို ၉၆၆၉၆၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့်ပဲစင်းငုံနီ အရောင်းအဝယ်ပါး၊ ကုလားပဲ(သစ်) အဝင်လှိုင် အရောင်းအဝယ်ဖြစ်မှုများ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) ကို ရန်ကုန်နှင့်ပဲခွဲစက်များက အဝယ်ပါးတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၂၈၀ ကျပ်(တစ်တန်ကို ၁၃၉၆၂၄၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က အဝယ်ပါးတာကြောင့် ဈေးအေးပြီး တစ်ပိဿာကို ၂၁၃၀ ကျပ် (တစ်တန်ကို ၁၃၀၄၃၉၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့်ကုလားပဲ(ထိုင်ဝမ်)(အသစ်)တွေ ဈေးကွက်သို့ အဝင်လှိုင်လာသလို ပဲခွဲစက်များနဲ့ လှော်လက်များကလည်း ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်)ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၂၀ကျပ် (တစ်တန်ကို ၉၃၀၈၃၂၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုနည်းပေမယ့် ရန်ကုန်-မန္တလေး ဝယ်လက်နှင့်အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သုံးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ပြောင်းဝင်ရောက်မှု အနေဖြင့် နည်းသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၅၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လျော့ပေမယ့် တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် ၂၀၀၀၀ နီးပါးဝင်ရောက်ခဲ့လို့ အဝင်လျော့သွားတယ်လို့ဆိုရမှာပါ။ ပြောင်းအဝင်လျော့သွားပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၇၃ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

# Work.com.mm ဝက်ဘ်ဆိုက်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများနှင့် ဘွဲ့ကြိုကျောင်းသားများအတွက် ပညာပေးသင်တန်းများ ပို့ချပေးသွားမည်

လာမည့် ၂၀၁၆ခုနှစ် မတ် ၉ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်စစ်ဆေးသွားတော့မည်ဖြစ်ပြီး ယင်းစာမေးပွဲကြီး၌ ဝင်ရောက်ဖြေဆိုရန် တစ်နိုင်ငံလုံးတွင် စာရင်းသွင်းလျှောက်ထားသူပေါင်း ၆၇၀၀၀၀ ခန့်ရှိကြောင်း သိရသည်

အဆိုပါတက္ကသိုလ်ဝင် စာမေးပွဲတွင် ပါဝင်ဖြေဆိုခဲ့ကြသည့် ကျောင်းသားလူငယ်များအတွက် လိုအပ်မည့် ပညာပေးအစီအစဉ်များကို Work.com.mm အလုပ်အကိုင် ရှာဖွေရေးဝက်ဘ်ဆိုက်မှ ပညာရေးအတိုင်ပင်ခံဝန်ဆောင်မှုသင်တန်းများနှင့် ပူးပေါင်းကာ အခမဲ့ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် Work.com.mm အွန်လိုင်း အလုပ်ရှာဝက်ဘ်ဆိုက်မှ မြန်မာလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရှာဖွေနိုင်ရန် လိုအပ်မည့် ပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံရှိ အလုပ်ရှာဖွေသူများအတွက် အလုပ်ရှာဖွေရန်နည်းလမ်းမျိုးစုံရှိနေပြီ ဖြစ်သောကြောင့် မိမိလိုချင်သည့် အလုပ်အကိုင်ကို စနစ်တကျရှာဖွေနိုင်ရန် အဓိကထား၍ ကိုယ်ရေးအကျဉ်း (Curriculum Vitae-CV) ကောင်းတစ်စောင် ရေးသားနည်း၊ cover letter (မိမိအကြောင်း ဖော်ပြပေးသောစာ) ကောင်းတစ်စောင် ရေးသားနည်းနှင့် အလုပ်အင်တာဗျူးဖြေဆိုနည်းတို့ကို သင်ကြားပေးမည်ဖြစ်ပါသည်။

နိုင်ငံတကာမှ ကုမ္ပဏီပေါင်းများစွာ ဝင်ရောက်လာချိန် ဖြစ်သောကြောင့် မြန်မာလူငယ်များ၏ CV မှာ အရည်အသွေးပြည့်ဝ၍ နိုင်ငံတကာမှ လက်ခံထားသော အချက်အလက်များပါဝင်သည့် CV တစ်စောင်ဖြစ်စေရန် လိုအပ် လာပြီ ဖြစ်သည်။ ယခင်က အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီဘက်မှ တောင်းဆိုလေ့မရှိသော cover letter များ၏ အခန်းကဏ္ဍမှာလည်း အရေးပါလျှက်ရှိနေပြီ ဖြစ်သောကြောင့် မြန်မာနိုင်ငံမှ အလုပ်အကိုင်ရှာဖွေသူများအတွက် အကျွမ်းတဝင်ရှိလာစေရန် ယခုကဲ့သို့ သင်တန်းများ ပြုလုပ်ပေးလျက်ရှိခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာကုမ္ပဏီများသို့ သွားရောက်လျှောက်ထားသူများအတွင်း အရည်အသွေးပြည့်ဝသော CV များဖြစ်သော်လည်း ဝတ်စားဆင်ယင်မှုနှင့် စကားပြောစွမ်းရည်ကြောင့် ထိပ်တန်းကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းလွဲချော်သွားခဲ့ရသူများ စွာရှိနေသဖြင့် အဆိုပါလူငယ်များ အနေဖြင့် အင်တာဗျူးဖြေဆိုရာတွင် သိရှိထားသင့်သည့် အချက်များကိုလည်း လေ့လာထားရန် လိုအပ်မည်ဖြစ်ပါသည်။

"ဒီလိုသင်တန်းတွေ ပြုလုပ်ပေးနေတာဟာ မြန်မာနိုင်ငံရဲ့အလုပ်သမားအင်အားစုအတွက် အရေးကြီးတဲ့ အခန်း ကဏ္ဍတစ်ခုဖြစ်သလို ကျွန်တော်တို့ အွန်လိုင်းအလုပ်ရှာဖွေနိုင်တဲ့ ဝက်ဘ်ဆိုက် ဈေးကွက်အတွက်လည်း သက်ရောက်မှုရှိနေလို့ပါပဲ။ အလုပ်အကိုင်ရှာဖွေခြင်းနဲ့ပတ်သက်တဲ့ အသိပညာပေးသင်တန်းတွေကနေ CV တစ်စောင်ရဲ့ အရေးပါပုံတွေကို အလုပ်ရှာနေတဲ့သူတွေဆီ တိုက်ရိုက်ပြောပြလို့ရတဲ့အတွက် ကုမ္ပဏီတွေအတွက်လည်း လူတစ်ယောက်ရဲ့ အရည်အချင်းကို အကဲဖြတ်တဲ့အခါ လွယ်ကူသွားတော့မှာပါ။ အရည်အသွေးပြည့်ဝတဲ့ အလုပ်ရှာဖွေသူတွေနဲ့ အရည်အသွေးကို ကောင်းကောင်းအကဲဖြတ်နိုင်တဲ့ ကုမ္ပဏီတွေ များလာတဲ့အချိန်မှာ သူတို့တွေကြားမှာ ပေါင်းကူးအနေနဲ့ ရပ်တည်နေတဲ့ ကျွန်တော်တို့အတွက်လည်း အထောက်အကူဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် ယခုလိုသင်တန်းတွေ ပြုလုပ်ပေးရတာဖြစ်ပါတယ်"ဟု Work.com.mm မှ ဌာနေမန်နေဂျာ ဖြစ်သူ Mr.Bart Van Dijk ကပြောသည်

ယင်းဝက်ဘ်ဆိုက် အနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ရန်ကုန်နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ Temasek International College၊ HTTC၊ ဟိုတယ်သင်တန်းကျောင်းအစရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးမှုဆိုင်ရာသင်တန်းကျောင်းများတွင်လည်း အဆိုပါ ပညာပေးအစီအစဉ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ပညာပေး သင်တန်းများကို တက္ကသိုလ်ကောလိပ်များ၊ သင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများတွင်လည်းကောင်း သင်ကြားပေးလျှက်ရှိပြီး သင်တန်းပို့ချပေးခြင်း အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော ကျောင်းများ၊ အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်လျက်ရှိသည်။

ယင်း ပညာပေးသင်တန်းများနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုသူများအနေဖြင့် ဖုန်း-၀၉၂၆၁၆၀၁၀၉၆ သို့ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။

# အသုံးပြုပြီးတစ်ပတ်ရစ်စက်ပစ္စည်း (Used Machine) တင်သွင်းခွင့်အား တစ်နှစ်ဆက်လက်ခွင့်ပြု

အသေးစား/အလတ်စား စက်မှုလုပ်ငန်းများ (SMEs)အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ တည်ထောင်ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်သက်သာစေရန် အသုံးပြုနိုင်ပြီး ပြုပြင်ထားခြင်းမရှိသော တစ်ပတ်ရစ်စက်ပစ္စည်း(Used Machine)များကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ၃၁ ရက်ထိ ပထမစမ်းသပ်ကာလအဖြစ် တင်သွင်းခွင့်ပြုထားခဲ့ပြီးဖြစ်ပါတယ်။ ယခု ဒုတိယနှစ်အဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ ဆက်လက်၍တင်သွင်းခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆နှင့် ထုတ်ပြန်ထားပါတယ်။ အသုံးပြုပြီး စက်ပစ္စည်းများ တင်သွင်းခွင့်ပြုတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို နှစ်စဉ် ပြန်လည်သုံးသပ်ထုတ်ပြန်ပေးသွားမယ်လို့လည်း အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။

အသုံးပြုပြီး စက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး အသုံးပြုပြီး စက်ပစ္စည်း (Used Machine) များကို တင်သွင်းရာမှာ ပြည်တွင်းတွင် အသုံးမတည့်သည့် စက်ပစ္စည်းများ စုပုံနေခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းများ မဖြစ်ပေါ်စေရန်နဲ့ လုပ်ငန်းရှင်များရဲ့ ထုတ်လုပ်မှု စွမ်းရည် တိုးတက်စေရန်တို့အတွက် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တင်သွင်း ရမှာဖြစ်ပါတယ်။

တင်သွင်းမည့် စက်ပစ္စည်းအား တင်သွင်းခွင့် လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းများကို Brand Name ၊ Capacity ၊ ထုတ်လုပ်သည့်ခုနှစ် (Model Year)၊ ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)၊ စက်၏ သုံးစွဲသည့်စွမ်းအင်/လောင်စာ (လျှပ်စစ်၊ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး) အသုံးပြုပြီးသည့်ခုနှစ် ၁၀ နှစ်ထက် မပိုသော စက်ပစ္စည်းဖြစ်ရမည်။ အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ ၇၀ ရာခိုင်နှုန်းထက်မနည်းသော အရည်အသွေးရှိရမည်။ အသုံးပြုပြီး စက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။ အသုံးပြုပြီး စက်ပစ္စည်းများတင်သွင်းလာပါက ပြည်ပနိုင်ငံတွင် Running Condition နှင့်ပတ်သက်၍ Pre inspection Certificateတင်ပြရမည်။ စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ နည်းပညာဖြင့် ထုတ်လုပ်သော စက်ပစ္စည်းဖြစ်ရမည်။ လိုအပ်ပါက တင်သွင်းလာသော အသုံးပြုပြီး စက်ပစ္စည်းများအား လျှောက်ထားချက်နှင့်ကိုက်ညီမှုရှိ/မရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာနမှ စစ်ဆေးမှုခံယူရမည်။ စတဲ့ အချက်များ အညီ လျှောက်ထားရမှာ ဖြစ်တယ်လို့ သိရှိရပါတယ်။ **MIRT**

# ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများကိုကုန်သွယ်မှုပြုရာတွင် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များထုတ်ပြန်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် အဓိက အရေးကြီးပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် "ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများ" စသည့် ကုန်ပစ္စည်း လေးမျိုးကို တင်သွင်းနိုင်ရန် နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ရက်စွဲပါ "အမိန့်ကြော်ငြာစာ ၉၆/၂၀၁၅" ဖြင့်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေနဲ့ ဖော်ပြပါ ကုန်ပစ္စည်းလေးမျိုးကို ကုန်သွယ်မှုပြုရာတွင် လိုက်နာဆောင်ရွက် ရမည့် သတ်မှတ်ချက်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲ ပါ အမိန့်ကြော်ငြာစာ ၁၁/၂၀၁၆ နှင့် ထုတ်ပြန်လိုက်ကြောင်း သိရပါတယ်။

အဆိုပါအမိန့်ကြော်ငြာစာမှာ ဖက်စပ်ကုမ္ပဏီသည် ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်စဉ် ခွင့်ပြုပေးသည့် ဖက်စပ်ကုမ္ပဏီများ၏ Equity အချိုးအရ ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ၎င်းတို့တရားဝင် ယူဆောင်လာသည့် နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဖက်စပ်ကုမ္ပဏီအား ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံ သုံးကိရိယာများစသည့် ကုန်ပစ္စည်းလေးမျိုးကို လက်လီ/လက်ကား ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် Form 6/26 နှင့်အတူ Bank Statement တို့အား တင်ပြရမည်ဖြစ်ကြောင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးတင်သွင်းမှုအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ဆေးရုံသုံး ကိရိယာများ တင်သွင်းမှုအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့်လည်းကောင်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။

အမိန့်ကြော်ငြာစာ အမှတ် ၉၆/၂၀၁၅ ကိုထုတ်ပြန်ကြေညာခဲ့စဉ်က မြန်မာကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများသာ တင်သွင်းခွင့်ရှိမည်ဖြစ်ပြီး ဖက်စပ်လုပ်ငန်း ဆောင်ရွက်သည့်နိုင်ငံသား ကုမ္ပဏီများအနေဖြင့် ၎င်းတို့တရားဝင်ယူဆောင်လာသော နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရန်၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ယခုခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်း ကုမ္ပဏီများကို သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရန်နဲ့ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုထားတဲ့ကုန်ပစ္စည်းများစာရင်းကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများရဲ့ အခြေအနေ စသည်တို့ပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမယ်လို့ ဖော်ပြထားပါတယ်။ **MIRT**

Vol: 16, No.9 Monday February 29 2016

# ယမန်နှစ်ကာလတူထက် မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုပိုမို

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၄ ဒသမ ၂၇၆ သန်း ၊ သွင်းကုန်ကန်ဒေါ်လာ ၅၄ ဒသမ ၂၄၈ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅၈ ဒသမ ၅၂၄ သန်း ရရှိခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၉၄၇ သန်း ၊ သွင်းကုန် ကန်ဒေါ်လာ ၁၇ ဒသမ ၁၅၇ သန်းပိုမိုဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ ၁၈ ဒသမ ၁၀၄ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပေမယ့် အနီးစပ်ဆုံးကာလထက်တော့ ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့ပါတယ်။

ယမန်နှစ် ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထက် ကုန်သွယ်မှု ပိုမို ရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်၊ သစ်တောထွက်နဲ့ အခြားပစ္စည်းတို့ ပိုမို တင်ပို့နိုင်၍ဖြစ်ပြီး သွင်းကုန် ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်း ပိုမိုတင်သွင်းနိုင် ၍ ဖြစ်ပါတယ်။

ဇန်နဝါရီလအတွင်း အများဆုံး တင်ပို့သော ပစ္စည်းများမှာ ပြောင်း၊ မြေပဲဆံ၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ ငါးချဉ်ပြီးအထည်၊ ပုစွန်၊ ကဏန်း၊ ပဲလွန်းဖြူ၊ အုန်းသီးတို့ဖြစ်ပြီး အများဆုံး တင်သွင်းသော ပစ္စည်းများမှာ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊တယ်လီဖုန်းနဲ့ ဆက်သွယ်ရေး ပစ္စည်းကိရိယာများ၊ ရုပ်မြင်သံကြားစက်များ၊ လေအေးပေးစက်များ၊ အင်ဂျင်များ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ စက်ဘီးအပို ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ပုံနှိပ်စက္ကူများ၊ စားအုန်းဆီ၊ချည်ထည်များ၊ အဖျော်ယမကာမျိုးစုံ တို့ဖြစ်ပါတယ်။

**ခင်မြနွယ်**

# မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၉ ရက် တာကာလအတွင်း ကန် ဒေါ်လာ ၄ ဒသမ ၇၂၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၇၆၇ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၄၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၀၅ တန်ကျော် ၊ ကဏန်း ၁၉ တန်ကျော်နဲ့ ပုစွန်သုံးတန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၁၉၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၁၂ တန်ကျော်။ ပုစွန်ကိုးတန်ကျော်၊ အခြားရေထွက်ပစ္စည်း ၅၄ တန်ကျော်။ ကင်းမွန်တန် ၂၀၊ ပင်လယ်ငါးရှဥ့်လေးတန်ကျော်၊ ရေဘဝဲနှစ်တန်နီးပါး တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၂ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၃၆၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၅၉၂ တန်ကျော်၊ ငါးမှုန့် ၄၄၂ တန်ကျော်၊ ရေချန်ပုစွန် ၅၉ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) တန် ၄၀ ကျော်၊ အေးခဲကဏန်းပျော့ ၂၆ တန်၊ ကဏန်းနီ ၅၁ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၇၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပိုမိုဆောင်ရွက်



မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ် ကုန်သွယ်ရေစခန်းရဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ကုန်သွယ်မှုပမာဏဟာ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန် ကန်ဒေါ်လာ ၇ ဒသမ ၄၁၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁ ဒသမ ၁၂၆ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈ ဒသမ ၅၄၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ သုည ဒသမ ၀၅၀ သန်း၊ အနီးစပ်ဆုံး ကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၃၆၀ သန်း အသီးသီး ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပို့ကုန်ပိုင်းမှာတော့ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းမှာတော့ အနီးစပ်ဆုံးကာလက ပိုမိုခဲ့သော်လည်း ယမန်နှစ်ကာလတူထက်တော့ လျော့နည်းခဲ့ပါတယ်။

ပို့ကုန်ပိုင်း ပိုမိုရခြင်းမှာ ဆန်၊ဆန်ကွဲ၊ပြောင်းတို့ကိုယမန်နှစ်ကာလတူထက်ရော အနီးစပ်ဆုံးကာလထက်ပါ ပိုမိုတင်ပို့နိုင်ခဲ့၍ ဖြစ်ပါတယ်။

လွယ်ဂျယ်ကုန်သွယ်ရေး စခန်းရဲ့ ဇန်နဝါရီလ အများဆုံးပို့ကုန်များမှာ ဆန်၊ဆန်ကွဲ၊ပြောင်းနဲ့ ပဲတောင့်ရှည်တို့ ဖြစ်ပြီး အများဆုံး သွင်းကုန်များကတော့ ဘိလပ်မြေ၊ ပိုလီယက်စတာပိတ်လိပ်များ၊ ၁/၄၀ ချည်၊ ချွေးသုတ်ပုဝါ၊ ကတ္တီပါစ၊ ဓာတ်မြေဩဇာ(ယူရီးယား/ကွန်ပေါင်း)၊ သိုးမွှေးတုစောင်နဲ့ နိုင်လွန်/ချည်ဇာများတို့ ဖြစ်ကြပါတယ်။

ယခုလအတွင်း လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှာ ITC ကတ် လျှောက်ထားမှုမရှိသလို ITC ကတ်နဲ့ လုပ်ငန်းဆောင်ရွက်မှုလည်းမရှိဘူးလို့ သိရပါတယ်။

လာမယ့်ကာလများမှာ ကြံရိတ်သိမ်းကာလဖြစ်ခြင်း၊ ပြောင်းနဲ့ ဖရဲရာသီရောက်ရှိလာပြီဖြစ်လို့ ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်လာနိုင်မယ်လို့ သုံးသပ်နေကြပါတယ်။

**MIRT**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလတွင် ငါးမှုန့်အများဆုံးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ဧပြီလမှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၅၆၁ သန်းတန်ဖိုးရှိ ငါးမှုန့် ၁၈၇၀၅ တန်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့နိုင်မှုများကိုလအလိုက် အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | လ | တန် | တန်ဖိုး(ကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ဧပြီ | ၁၇၁၀ | ၁. ၂၄၇ |
| ၂ | မေ | ၁၄၅၅ | ၁. ၀၁၂ |
| ၃ | ဇွန် | ၂၀၈၅ | ၁. ၄၅၃ |
| ၄ | ဇူလိုင် | ၁၇၀၅ | ၁. ၁၇၂ |
| ၅ | ဩဂုတ် | ၉၆၀ | ၀. ၇၂၆ |
| ၆ | စက်တင်ဘာ | ၁၆၉၀ | ၁. ၂၆၃ |
| ၇ | အောက်တိုဘာ | ၁၃၈၀ | ၁. ၀၁၁ |
| ၈ | နိုဝင်ဘာလ | ၁၅၆၀ | ၁. ၀၉၅ |
| ၉ | ဒီဇင်ဘာ | ၂၀၇၀ | ၁. ၄၃၆ |
| ၁၀ | ဇန်နဝါရီ | ၄၀၉၀ | ၃. ၅၆၁ |

အထက်ပါငါးမှုန့်တင်ပို့နိုင်မှုများတွင် ဇန်နဝါရီလ တင်ပို့နိုင်မှုမှာ အများဆုံးဖြစ်ပါတယ်။

**ခင်မြနွယ်**

# မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်များတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလ ၁၃ ရက်မှ ၁၉ ရက်တာသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၉၈၂၀ တန်ဖိုးရှိ ငါးစုံလေးခြောက် ၁၀၉၄၂၅ ကီလိုနဲ့ ငါးနီတူခြောက် ၁၅၀၀၀ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၆၆၉၉ တန်ဖိုးရှိ ငါးစုံလေးခြောက် ၇၀၈၉၁ ကီလိုနဲ့ ငါးနီတူခြောက် ၁၅၀၀၀ ကီလို လျော့နည်း တင်ပို့ခဲ့ပါတယ်။ ထိုသို့လျော့နည်းခဲ့သဖြင့် လာမယ့်လများတွင် အဓိကတင်ပို့သော ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ငါးခြောက်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန် ရေထွက်ပစ္စည်းတင်ပို့သော ပို့ကုန်ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆံ ၄၈ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၉၆ သန်းတန်ဖိုးရှိ ဆီးဆံ ၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆံတင်ပို့မှုမရှိဘူးလို့ သိရပါတယ်။ စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှု မရှိသော်လည်း ဆီးဖတ် ၄၂ တန်၊ ဆီးသီးခြောက် ၄၉ တန်နဲ့ ဆီးယိုထုတ်တန် ၁၃၀ တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်းဖိုးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

# ဖေဖော်ဝါရီလ တတိယသီတင်းပတ်ကာလ ကုန်သွယ်မှုပိုငွေပြ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရဲ့ တတိယသီတင်းပတ်ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိကာလမှာ ပို့ကုန်တင်ပို့နိုင်မှု ကန်ဒေါ်လာ ၄၀၅ သန်းကျော်၊ သွင်းကုန်တင်သွင်းမှု ကန်ဒေါ်လာ ၂၉၄ သန်းကျော်၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သန်း ၇၀၀ ကျော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၁၁၁ သန်းကျော်ရှိပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ ကမ်းလွန် ပင်လယ်ရေနံတွင်းတူးစက်မှ ဆက်စပ်အပိုပစ္စည်းများအား ပြန်လည်တင်ပို့ခဲ့တဲ့အတွက်လို့သိရပါတယ်။

ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်ထိမှာတော့ ပို့ကုန်ကန်ဒေါ်လာ ၉၆၀၅ သန်းကျော်၊ သွင်းကုန် ကန်ဒေါ်လာ ၁၄၅၄၉ သန်းခန့်ဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၉၄၃ သန်းကျော်ပြပါတယ်။ ကုန်သွယ်မှုပမာဏကတော့ ကန်ဒေါ်လာ ၂၄၁၅၄ သန်းကျော်ဖြစ်ပါတယ်။

**MIRT**

# ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် " SMEs ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့" ဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တွင် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်က ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကရင်ပြည်နယ် CCI တို့ပါဝင်သောအဖွဲ့ဟာ "အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှု ဖွံ့ဖြိုးရေးသို့"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

ဆွေးနွေးပွဲသို့ ကော့ကရိတ်ခရိုင်၊ အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်၊ စက်မှုကြီးကြပ် ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းတို့က ဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများနဲ့ SME ဥပဒေများ အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါတယ်။

ကရင် CCI အတွင်းရေးမှူး ဦးစိုးသိန်းက အသင်းဖွဲ့စည်းထားမှု၊ အသင်း၏ ရည်ရွယ်ချက်များ ဆောင်ရွက်ချက်များ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များနှင့် ဆက်စပ်ဆောင်ရွက်နေမှုများနှင့် အသင်းပြန်လည်ဖွဲ့စည်းရာတွင် ပါဝင်ကြရေး ဆွေးနွေးပြီးနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ဦးတည်ချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ ဖွဲ့စည်းထားရှိမှု၊ ကုန်သွယ်မှုအခြေအနေများ၊ အခွင့်အလမ်းများပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ တရားမဝင်ကုန်သွယ်မှုကြောင့် SMEs များနှင့် စားသုံးသူများအပေါ် ရိုက်ခတ်မှုများ၊ ယှဉ်ပြိုင်နိုင်ရေးအတွက်ပြင်ဆင်သင့်သည်များကို ဆွေးနွေးခဲ့ပါတယ်။ တက်ရောက်လာတဲ့ လုပ်ငန်းရှင်များက တရားမဝင်ကုန်သွယ်မှုများ အကြောင်း၊ မွေးမြူရေးလုပ်ငန်းများအပေါ် ရိုက်ခတ်နေမှု၊ ကုန်စည်သီးနှံများ၏ ဈေးနှုန်းများ သတ်မှတ်မှု မြဝတီမှ ထိုင်းသို့ကြက်သွန်နီတင်ပို့ရာတွင် ကုန်သွယ်ရေးဇုန်၌ အကောက်ခွန် ပေးဆောင်ပြီးသော်လည်း ထိုင်းဘက်တွင် ထပ်မံပေးဆောင်ရမှုများရှိကြောင်း၊ ဆွေးနွေးတင်ပြရာ ပြည်နယ်ဦးစီးမှူးက ကုန်စည်သီးနှံများ၏ ဈေးနှုန်းကို Market ကသာ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ Market Economy System အားလည်းကောင်း၊ တရားမဝင် ကုန်သွယ်မှုများကို ဝိုင်းဝန်းဟန့်တားအရေးယူဆောင်ရွက်ပေးရန်နဲ့ ကြက်သွန်နီတင်ပို့မှုကိစ္စအား မြဝတီကုန်သွယ်ရေးဇုန်နဲ့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းတို့ကိုပြန်လည် ရှင်းလင်းကာ ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**ထွန်းနိုင်လင်း-ကရင်**

## ASEAN - China Entrepreneurs Conference ကို မလေးရှားနိုင်ငံတွင် ကျင်းပမည်

ASEAN - China Entrepreneurs Conference 2016 ကို မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မလေးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား စီးပွားရေး အခွင့်အလမ်းများ ဖန်တီးနိုင်ရန် ရည်ရွယ်ပြီး "Exploring Business Opportunities" ခေါင်းစဉ်နဲ့ ကျင်းပ သွားမှာဖြစ်ကြောင်းကိုမလေးရှားနိုင်ငံမှ ကုန်စည်ပြပွဲကျင်းပရေး တာဝန်ယူဆောင်ရွက်နေသောအဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ကုန်သည်လုပ်ငန်းရှင်များအား လာရောက်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ကွန်ဖရင့်ပထမနေ့မှာ ဖွင့်ပွဲအခမ်းအနား၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နဲ့ မလေးရှားနိုင်ငံတို့ အွန်လိုင်းစီးပွားရေးလုပ်ဆောင်ရန်၊ ၂၀၁၆ မှ ၂၀၂၅ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာမဟာဗျူဟာ၊ အာဆီယံ နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုဆိုင်ရာ ပြဿနာများ အဖြေရှာခြင်း၊ SMEs များစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံသို့ ခြေဆန့်ခြင်းစတဲ့ ခေါင်းစဉ်များနဲ့ကျင်းပသွားမှာဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးခြင်း (Business Matching) အပါအဝင် နားလည်မှုသဘောတူညီချက် စာချွန်လွှာများကိုလည်း လက်မှတ်ရေးထိုးကြမယ်လို့ သိရပါတယ်။ ဒုတိယနေ့မှာတော့ လူငယ်များအတွက် အာဆီယံဒစ်ဂျစ်တယ် အွန်လိုင်းဂိမ်းများမှတစ်ဆင့် ခေတ်သစ်စီးပွားရေးလုပ်ငန်းများ စတင်ခြင်း၊ တရုတ်နိုင်ငံသို့ ဦးတည်နေတဲ့ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးမဟာဗျူဟာများ၊ ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို မျှော်မှန်းကြည့်ခြင်းနဲ့ ဈေးကွက်အနေအထား၊ ကုန်စည်သယ်ယူပို့ဆောင်မှုပိုင်းဆိုင်ရာ ဘဏ္ဍာငွေကြေး၊ အာဆီယံနိုင်ငံများ၏ ပေါင်းစည်းလေကြောင်းပျံသန်းခြင်းဆိုင်ရာ ဈေးကွက် စတဲ့ ခေါင်းစဉ်များနဲ့ ဆွေးနွေးကြမယ်လို့ သိရပါတယ်။

ကုန်စည်ပြပွဲကို တစ်ပေါင်းတည်းကျင်းပသွားမှာဖြစ်တဲ့အတွက် အာဆီယံနိုင်ငံများနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ ပြည်ပနိုင်ငံများနဲ့ ပြည်တွင်းကုမ္ပဏီများရဲ့ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို နိုင်ငံပေါင်းစုံမှ တက်ရောက်လာကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်များ ပြပွဲသို့လာရောက်ကြသူများ လေ့လာသိရှိခွင့် ရစေနိုင်မှာဖြစ်ပါတယ်။ ကွန်ဖရင့်ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်မှု အခွင့်အလမ်း (Networking Opportunities) များကိုရရှိစေရန်ဖြစ်ပါတယ်။

**MIRT**

# တောင်ကြီးမြို့ စီးပွားရေးလုပ်ငန်း ဆန်းသစ်တီထွင်မှုပြိုင်ပွဲကျင်းပ




ရှမ်းပြည်နယ်အတွင်းရှိ လူငယ်များအတွက် စီးပွားရေးလုပ်ငန်း ဆန်းသစ်တီထွင်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ Classic Restaurant မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ပြိုင်ပွဲကို GIZ - PSD Program ရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Entrepreneurship Development Program ကဆောင်ရွက်ပေးခဲ့တာဖြစ်ပြီး ရှမ်းပြည်နယ်အတွင်းမှ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းကိုးမျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ညောင်ရွှေမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာမှ (" Phyu Sin " Chemical-less Soap Production ) ဖြူစင်ဓာတုလျော့ဆပ်ပြာထုတ်လုပ်ခြင်းလုပ်ငန်းက ပထမဆု၊ ကလောမြို့နယ် သာမိုင်းခန်းကျေးရွာမှ ("Shwe Myay Gyi" Chemical less Vegetable production ) ဓာတုလွတ် ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချခြင်းလုပ်ငန်းက ဒုတိယဆုနှင့် (Kalaw Mushroom Production ) ကလောမြို့ မှိုစိုက်ပျိုးရေးလုပ်ငန်းက တတိယဆု အသီးသီးရရှိခဲ့ကြပါတယ်။

ဆုရရှိသူများအား GIZ Regional Director Dr. Petra Mutlu က ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ပထမဆု အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၃၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၂၀၀၀ အသီးသီး ချီးမြှင့်ခဲ့ပါတယ်။ ဆုများကို အမေရိကန်ဒေါ်လာနဲ့ ညီမျှတဲ့ လုပ်ငန်းသုံးလိုအပ်ချက်များကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်-တောင်ကြီး**

# Self - Certification System ကို ကျင့်သုံးဆောင်ရွက်ရာမှာ လိုက်နာရမည့် စည်းကမ်းချက်များအား ထုတ်ပြန်

အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN Trade in Goods Agreement-ATIGA) အရ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား တင်ပို့သော ပို့ကုန်များ၊ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရေးကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ထုတ်လုပ်တင်ပို့သူ ကိုယ်တိုင်ပင်ရင်း ထုတ်ကုန်ဖြစ်ကြောင်း ကြေညာတဲ့စနစ် (Self - Certification System) ကို ကျင့်သုံးဆောင်ရွက်ရာမှာ လိုက်နာရမယ့် စည်းကမ်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံးမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် ၉/၂၀၁၆ နဲ့ ထုတ်ပြန်ပါတယ်။ အမိန့်ကြော်ငြာစာတွင် အခန်းလေးခန်း ပါဝင်ပါတယ်။ ဒီအခန်းတွေကတော့ အတည်ပြုပို့ကုန် တင်ပို့သူ (Certified Exporter) အဖြစ် လျှောက်ထားခြင်း၊ အတည်ပြု ပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ပင်ရင်း ထုတ်ကုန်ဖြစ်ကြောင်း ကြေညာခြင်းနဲ့ အထွေထွေတို့ဖြစ်ပါတယ်။ ပုံစံ နှစ်ရွက်မှာ အချက်အလက်များ ဖြည့်စွက်ရန် လိုအပ်ပြီး ဝန်ခံချက်ထည့်သွင်းဖော်ပြရန်လိုအပ်ပါက ဝန်ခံချက်မှာ "အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား အကောင်အထည် ဖော်ဆောင်လျက်ရှိသည့် ထုတ်လုပ်တင်ပို့သူ ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသောစနစ် (Self - Certification System) ကိုကျင့်သုံး ဆောင်ရွက်နိုင်ရေးအတွက် အတည်ပြုပို့ကုန် တင်ပို့သူအဖြစ် ပင်ရင်းထုတ်ကုန် ဖြစ်ကြောင်းကြေညာရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပါမည်ဖြစ်ကြောင်းနဲ့ အတည်ပြုပို့ကုန် တင်ပို့သူအနေနဲ့ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာ ရာတွင် မမှန်မကန် အချက်အလက်များ ဖော်ပြကြေညာခြင်း၊ ပင်ရင်းထုတ်ကုန် လိမ်လည်ကြေညာခြင်းနဲ့ အပ်နှင်းထားသော အခွင့်အာဏာကို အလွဲသုံးစား ပြုလုပ်ကြောင်း တစ်နည်းနည်းဖြင့် တွေ့ရှိရလျှင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ကို သိရှိပါကြောင်း" ဖော်ပြပေးရမှာဖြစ်ပါတယ်။

**MIRT**




*သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းလာမှုတို့ကြောင့် နိုင်ငံတကာ၏အသိအမှတ်ပြုလာမှုနှင့် အတူ နိုင်ငံတကာ၏ ပေါင်းစည်းမှုများ (Global Integration) ပိုမိုများပြားလာပြီဖြစ်သည်။ စီးပွားရေးပေါင်းစည်းမှုအရ ကြည့်သော် အရေးပါ ဆုံးဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ တွင်သိသာသည့် တိုးတက်မှုများလည်း ရှိနေပြီဖြစ်သည်။ ဈေးကွက် စီးပွားရေးစနစ်နှင့် တံခါးဖွင့်မူဝါဒကျင့်သုံးနေသည့် နိုင်ငံတိုင်း အတွက် ကုန်သွယ်မှုကဏ္ဍသည် ဦးဆောင်ကဏ္ဍဖြစ်သည်နှင့်အညီ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကိုလည်း ပို့ကုန်နှင့် ဆက်စပ်နေသော ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများလေ ပို့ကုန်တန်ဖိုး သိသိသာသာ မြင့်တက်လေလေဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ဖွံ့ဖြိုးလာသည့် အာရှနိုင်ငံများမှာလည်း ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးမှုပုံစံ (Export-Led Growth Model) ကို မြန်မာနိုင်ငံ၌ လည်းဖော်ဆောင်ရန် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။*

အထူးသဖြင့် ယခုသုံးနှစ်ကျော်ကာလအတွင်း ဝင်ရောက်လာသည့် FDIအများစုသည် ထုတ်လုပ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာမှုတို့တွင် အများဆုံးဖြစ်ပြီးဈေးကွက် ဦးတည်သည့် FDI များဖြစ်၍ မကြာမီ တန်ဖိုးမြှင့်ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ ယခုထက် များစွာတက်လာမည်ဖြစ်သည်။ ထို့အတူ ကုန်သွယ်မှုကဏ္ဍအနေဖြင့်လည်း ဖြေလျှော့မှုများ၊ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပညာပေးရေးတို့ကို ဟန်ချက်ညီညီ စဉ်ဆက်မပြတ် လုပ်ဆောင်မှုများကြောင့် ယခင်ကထက် ကုန်သွယ်မှုတန်ဖိုး သိသိသာသာ တိုးတက်နေပြီး ယခုထက် များစွာတိုးတက်ရန် အခြေအနေကောင်းများလည်း တွေ့ရသည်။ မြန်မာ့ပို့ကုန်များ တိုးတက်လာရေးအတွက် ယခင် ကောက်ယူသည့် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းအနက် ကုန်သွယ်လုပ် ငန်းခွန် ၈ ရာခိုင်နှုန်းကို ပယ်ဖျက်ပေးခဲ့ပြီး ပို့ကုန် အသစ်များကိုလည်း အားပေးခဲ့သည်။ လိုင်စင်အများစုကို ရန်ကုန်မှ အမြန်ဆုံး ထုတ်ပေးနေပြီး အချို့ပို့ကုန်များလိုင်စင်မလိုဘဲ ပို့ခွင့် ရှိနေပြီဖြစ်သည်။

ယခင်က တင်းကျပ်သည့် စီးပွားရေး ပိတ်ဆို့မှုများကြောင့် မြန်မာ့ပို့ကုန်များ အာရှဈေးကွက် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနှင့် အိန္ဒိယကိုသာ အဓိကမှီခိုနေရ၍ စုစုပေါင်းပို့ကုန်၏ သုံးပုံနှစ်ပုံကျော်တင်ပို့ခဲ့ရပြီး ယခုအခါအဆိုပါ သုံးနိုင်ငံသာမက ဂျပန်၊စင်ကာပူ၊ ကိုရီးယားနှင့် EU ဈေးကွက်များလည်း အရေးပါလာကြောင်းတွေ့ရသည်။

zGdtenfqkdKH;taejzif
LDCs rSvGwfrmuf&;twGuf
GSP tcGifha&; tjynfh0 tokH;csEdkifa&;u
ta&;ukd;ovkd GSP tcGifha&;aMumifh
ykdYukefO;pm;ay; FDI vkyfief;BuD;rsm;
ykdrkdwif&mufvma&;ukdvnf;
tav;xm;vkyfaqmif&rnfjzpfonf

သို့သော်လက်ရှိရရှိနေသည့် အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (GSP) များ၊ AEC နှင့် ဆက်စပ်နေသည့် ကုန်သွယ်မှုအခွင့်အရေးများအပြင် အကြီးဆုံးအိမ်နီးနားချင်း ဈေးကွက်ကြီးနှစ်ခု၏ တစ်နေ့တခြားတိုးပွားနေသည့် ဝယ်လိုအားများနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ပို့ကုန်ပမာဏတိုးတက်လာမှုသည် များစွာ လျော့နည်းနေဆဲဖြစ်ကြောင်းတွေ့ရသည်။ အဓိကအကြောင်းရင်းမှာ လုပ်ငန်းရှင် များနှင့် တင်ပို့သူများ လက်ရှိအဆိုပါအထူးအခွင့်အရေးများ လက်တွေ့အသုံးချနိုင်မှု အားနည်းနေခြင်းကြောင့်ဖြစ်ပြီး ထိထိရောက်ရောက် အသုံးချနိုင်မှသာ မြန်မာ့ပို့ကုန်များ ပိုမိုထွန်းကားလာမည်ဖြစ် သည်။

## အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (Generalized System of Preference-GSP)

အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (GSP) ဆိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် အဆိုပါနိုင်ငံများမှ တင်ပို့သည့် ပို့ကုန်များ၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဝယ်ယူတင်သွင်းသည့် သွင်းကုန်များအပေါ် အခွန်အကောက် ကင်းလွတ်ခွင့်များ တစ်ဖက်သတ်ပေးခြင်းပင်ဖြစ်သည်။ ယခုအခါ အဆိုပါအခွင့်အရေးမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၈ နိုင်ငံကို ဖွံ့ဖြိုးပြီးနိုင်ငံများကပေးသည့် အထူးအခွင့်အရေးပင်ဖြစ်သည်။

GSP ပေးခြင်း၏ ရည်ရွယ်ချက်များအနေဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများ၏ ပို့ကုန်ဝင်ငွေသိသိသာသာ တိုးတက်စေရေး၊ စက်မှုလုပ်ငန်းများ ထွန်းကားလာစေရေးနှင့် စီးပွားရေး တိုးတက်မှုကို အားပေးရန်ဖြစ်သည်။ ထို့အတွက် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအနေဖြင့် LDCs မှ လွတ်မြောက်ရေးအတွက် GSP အခွင့်အရေး အပြည့်အဝ အသုံးချနိုင်ရေးက အရေးကြီးသလို GSP အခွင့်အရေးကြောင့်ပို့ကုန်ဦးစားပေး FDI လုပ်ငန်းကြီးများပိုမိုဝင်ရောက်လာရေးကိုလည်း အလေးထားလုပ်ဆောင်ရမည် ဖြစ်သည်။

## လက်ရှိမြန်မာနိုင်ငံက ရရှိနေသည့် GSP များ

GSP အခွင့်အရေးပေးနေသည့် ဖွံ့ဖြိုးပြီးနိုင်ငံ ၃၈ နိုင်ငံရှိသည့် အနက် မြန်မာနိုင်ငံအနေဖြင့် ၃၆ နိုင်ငံကပေးသည့် GSP အခွင့်အရေးရရှိနေပြီး အရေးပါသည့် အမေရိကန်ပြည်ထောင်စု၏ GSP အခွင့်အရေးရရှိရန်ကြိုးစားနေသည့် အချိန်ဖြစ်သည်။ ဥရောပ သမဂ္ဂ (EU) မှပေးသည့် GSP ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ပြန်လည်ရရှိခဲ့ပြီး လက်ရှိရရှိနေသည့် GSP များအနက် အခွင့်အရေး အပေးဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ ပို့ကုန်များအားလုံး (လက်နက် မှလွဲ၍) အကျုံးဝင်သည့်အတွက် (Everything But Arms-EBA) အရေးပါသလို အကောက်ခွန်ကင်းလွတ်မှုနှင့် ခွဲတမ်းသတ်မှတ်မှုကင်းလွတ်ချက် (Duty Free Quota Free) လည်း ဖြစ်သည်။ EU-GSP အပြင် အခြားအရေးပါသည့် GSP မှာ ဂျပန် နိုင်ငံ၏ GSP ဖြစ်ပြီး မြန်မာ့ပို့ကုန်များ၏ ၉၈ ရာခိုင်နှုန်းကို ပေးနေပြီး လယ်ယာအခြေခံကုန်စည်အချို့ကို ချန်လှပ်ထားဆဲ ဖြစ်သည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်း အနောက်အုပ်စု၏ စီးပွားရေး ပိတ်ဆို့မှုများကြောင့် အမေရိကန်ဈေးကွက်ပျောက်ခဲ့ပြီး အထည်ချုပ် ပို့ကုန်လုပ်ငန်းများ ကျဆင်းလာခဲ့သော်လည်း နောက်ပိုင်းပြန်လည် ဦးမော့လာခြင်းမှာ ဂျပန်နိုင်ငံ၏ GSP ကြောင့်ဖြစ်ပြီး ယခုအခါ ယခင်က အမေရိကန်ဈေးကွက်တင်ပို့သည့် ပမာဏထက် ဂျပန်ဈေးကွက်သို့တင်ပို့နေပြီဖြစ်သလို ဂျပန်ဈေးကွက်သို့ အများဆုံး တင်ပို့နေသည့် ပို့ကုန်လည်းဖြစ်သည်။ ထို့အတူ နော်ဝေ၊ နယူးဇီလန်၊ ရုရှား၊ ဩစတြေးလျ၊ အိုက်စလန်၊ ဘီလာရု၊ ဆွစ်ဇာလန်၊ ကနေဒါ နိုင်ငံများမှလည်း အချို့ကုန်စည်များအတွက် GSP ပေးနေပြီဖြစ်သည်။ GSP ပေးသည့်နိုင်ငံ များအနက်အရေးပါဆုံးနှင့် အကျယ်ပြန့်ဆုံးဖြစ်သည့် EU / GSP ကို ယခုထက် ထိထိရောက်ရောက် ပိုမိုအသုံးချနိုင်မှသာ မြန်မာ့ပို့ကုန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ပြီး ရေရှည်အရေးပါသည့် ဈေးကွက် ကောင်းတစ်ခုကို ရရှိမည်ဖြစ်သည်။

## EU- GSP အတွက်လိုအပ်ချက်များ

GSP အတွက် အရေးကြီးဆုံးအထောက်အထားမှာ ပင်ရင်းနိုင်ငံဆိုင်ရာ သက်သေခံလက်မှတ် (Country of Origin Certificate Form-A)ပင်ဖြစ်ပြီး ယင်းအထောက်အထား သက်တမ်းမှာလည်း ထုတ်ပေးသည့်နေ့ရက်မှစ၍ ၁၀ လသာ အကျုံးဝင်ပြီး သက်တမ်းတိုးပေးလေ့မရှိပါ။ မူလနိုင်ငံဆိုင်ရာ စည်းမျဉ်းစနစ်နှစ်မျိုးအပေါ် အခြေခံထားပြီး ပထမစည်းမျဉ်းမှာ နိုင်ငံတစ်နိုင်ငံတည်း၌ အပြည့်အဝထုတ်လုပ်သည့် ကုန်ပစ္စည်းများအားလုံး EU/ GSP အပြည့်အဝရရှိမည်ဖြစ်သည်။ ဒုတိယ အမျိုးအစားမှာ တတိယနိုင်ငံ (အခြားနိုင်ငံ)၏ သွင်းအားစုများကို လုံလုံလောက်လောက်အသွင်ပြောင်းလဲခြင်း (သို့မဟုတ်) ထပ်ဆင့် ပြုပြင်ထားသည့် ကုန်ပစ္စည်းများအပေါ်တွင်လည်း GSP ပေးလေ့ရှိသည်။ ဆိုလိုသည်မှာ အခြားနိုင်ငံများမှ ကုန်ကြမ်းများတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောပြုလုပ်ခြင်းဖြင့် ထွက်ပေါ်လာသော ကုန်စည်များကိုဆိုလိုပါသည်။ ဥပမာ

အားဖြင့် အထည်ချုပ်လုပ်ငန်းအတွက် ဖျင်စများတင်သွင်းပြီး ချုပ်ပြီး အထည်များအတွက် GSP ပေးပါသည်။

EU ဈေးကွက်သို့ ယခုထက် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး အတွက် ကုန်စည်အမျိုးအစားအလိုက် စံချိန်စံညွှန်းများ လယ်ယာထုတ်ကုန်များနှင့် စားသောက်ကုန်များအတွက် လူ၊ တိရစ္ဆာန်၊ အပင်၊ ပိုးမွှားသန့်စင်ရေးဆိုင်ရာ စံချိန်စံညွှန်းများ (Sanitary & Phytosanitary Standards-SPS)၊ Antivirus အထောက် အထားများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်သတ်မှတ်ချက်များ အသေးစိတ်သိရှိရန် အရေးကြီးပေသည်။ ထို့ပြင် ရောင်းချလိုသည့် ကုန်ပစ္စည်းနှင့် ပတ်သက်၍ လက်ရှိ EU ဈေးကွက်၏ ဝယ်လိုအားအခြေအနေနှင့် ပြောင်းလဲမှု၊ ကြိုက်နှစ်သက်သည့် ဒီဇိုင်းနှင့် ထုပ်ပိုးမှု၊ ပျမ်းမျှဖြစ်ပေါ်နေသော ဈေးနှုန်းများ၊ အဆိုပါ ထုတ်ကုန်နှင့်ပတ်သက်၍ မည်သူကအဓိကရောင်းချနေသည်။ ၎င်းတို့၏ အားသာချက်များ၊ အားနည်းချက်များ စသည်တို့ကိုပါ အသေးစိတ်သိရှိရမည်ဖြစ်သည်။ GSP ရရှိထားမှုကြောင့် ဈေးနှုန်း ချိုသာမှုတွင် အခြားသူများထက် အားသာနိုင်သော်လည်းဈေးကွက် ကောင်းဖြစ်သောကြောင့် အရည်အသွေး၊ ဘေးကင်းလုံခြုံစိတ်ချ ရမှု၊ ပုံမှန်ရောင်းချသူဖြစ်နိုင်ရေး ယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းဖော် ဆောင်ရေးစသည်တို့ ဘက်ပေါင်းစုံ ကြိုတင်လေ့လာပြီး တင်ပို့နိုင်ရန် အကောင်းဆုံးပြင်ဆင်ရမည်ဖြစ်သည်။ ထို့ပြင် Country of Origin-Co နှင့်ပတ်သက်၍ ကြေညာခြင်းကို Self-Certification System ကိုယ်တိုင်အကဲဖြတ်သည့် စနစ်ကို အာဆီယံနှင့် GSP လျှောက်ထားမှုတို့တွင် အသုံးပြုနိုင်တော့မည်ဖြစ်၍ ICT ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးကို လုပ်ငန်းရှင်တိုင်း ပိုမိုအလေးထားရတော့မည် ဖြစ်သည်။

**GSP ကြောင့်တိုးလာသည့် EU – မြန်မာကုန်သွယ်ရေး**

EU/GSP ကို ၂၀၁၃ ခုနှစ်၊ ဇွန်လမှ ပြန်လည်စတင် ရရှိခဲ့ပြီး မြန်မာ့ပို့ကုန်များ EU ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ခဲ့သည်။ GSP မပေးမီ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၃ ခုနှစ် မေ ၃၁ ရက်အထိ EU သို့ မြန်မာ့ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၂ သန်းသာ တင်ပို့နိုင်ခဲ့ပြီး GSP ရရှိခဲ့ပြီး ဇွန်လမှ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၇ သန်း ဖြစ်သောကြောင့် ပို့ကုန်နှစ်ဆကျော်တက်လာသလို အဆိုပါ ကာလအတွင်း သွင်းကုန်အနေဖြင့် ယခင်အမေရိကန်ဒေါ်လာ ၃၀၂ သန်းဝန်းကျင်မှ GSP ရရှိပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဝန်းကျင်ဖြစ်၍ သိသိသာသာ တိုးလာပေသည်။ သို့သော် ကုန်သွယ်မှု ရှင်းတမ်းအနေဖြင့် သွင်းကုန်က ပို့ကုန်ထက်များနေသောကြောင့် မြန်မာပို့ကုန်များ EU ဈေးကွက်သို့ GSP အခွင့်အရေးအသုံးပြုလျက် ယခုထက် တိုးချဲ့တင်ပို့ရဦးမည်ဖြစ်သည်။

အမှန်တကယ်မူ GSP ရပြီးနောက်ပိုင်း EU သို့ ပိုမိုတင်ပို့နိုင်သည့် ကုန်စည်အမျိုးအစားအနက် CMP အခြေခံပို့ကုန်များကိုသာ အများဆုံး တင်ပို့နိုင်ပြီး လယ်ယာနှင့် ရေထွက်ပစ္စည်းအနည်းငယ်တင်ပို့နိုင်ကြောင်း တွေ့ရသည်။ စာရင်းများအရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ GSP လျှောက်ထားသည့် စောင်ရေ ၁၁၀၉ စောင်သာရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀ ဝန်းကျင်သာဖြစ်၍ အဆိုပါ ကာလအတွင်း မြန်မာလုပ်ငန်းရှင်များ GSP အသုံးချနိုင်မှု အားနည်းကြောင်း တွေ့ရသည်။ ထို့ပြင် သစ်အခြေခံထုတ်ကုန်များ၊ သတ္တုအခြေခံဖြစ်သည့် ကျောက်မျက်ရတနာပို့ကုန်များ၊ အရည်အသွေးဦးစားပေး အထည်ချုပ်ပို့ကုန်များ၊ အရည်အသွေးမြင့် လယ်ယာနှင့် သားငါးထွက်ကုန်များအတွက် EU ၏ ဝယ်လိုအားရှိနေပြီး ယင်းအခွင့်အရေးကို အပြည့်အဝအသုံးချနိုင်ရေး လုပ်ငန်းတိုင်းအထူးအလေးထားရတော့မည် ဖြစ်သည်။

လက်ရှိအခြေအနေတွင် EU နိုင်ငံများအနက် မြန်မာ့ ပို့ကုန်အများဆုံးဝယ်ယူနေသူမှာ ဂျာမနီနိုင်ငံဖြစ်ပြီး ဒုတိယမှာ ဗြိတိန်နိုင်ငံဖြစ်သည်။ အခြေခံအရေးပါသည့် ဝယ်ယူသူများမှာ စပိန်၊ အီတလီ၊ နယ်သာလန်တို့ဖြစ်ပြီး အလားအလာရှိသည့် ဈေးကွက်များမှာ ပြင်သစ်၊ ဂရိ၊ ဘယ်လဂျီယံ၊ ဘူဂေးရီးယား၊ ပိုလန် စသည်တို့ဖြစ်သည်။ EU နှင့် မြန်မာကုန်သွယ်မှုပမာဏသည် ၂၀၁၃- ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၅၀ ရှိပြီး ယခင် သုံးနှစ်ကျော်ကာလထက် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော် တိုးလာခဲ့သည်။

GSP အခွင့်အရေးရရှိပြီးနောက်ပိုင်း မြန်မာ့ပို့ကုန်များ EU ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်သော်လည်း ရှိနေသည့်အခွင့်အရေးများနှင့် နှိုင်းယှဉ်လျှင်မူ နည်းနေသေးကြောင်း တွေ့ရသည့်အပြင် ကုန်စည်အများစုယခုထက်ပိုမိုတင်ပို့ရန် လိုနေသေးပေသည်။ စားသုံးသူဦးရေ သန်း ၅၀၀ ကျော်ဖြင့် ဝယ်လိုအားကြီးမားသည့် EU ဈေးကွက်သို့ မြန်မာ့ပို့ကုန်များ ယခင်ထက်အဆများစွာ တင်ပို့နိုင်ရေးအတွက် အထူးအလေးထားရတော့မည် ဖြစ်သည်။

သို့မှသာ ပို့ကုန်ဖွံ့ဖြိုးမှုမှတစ်ဆင့် တိုင်းပြည်စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံမှ လွတ်မြောက်နိုင်မည်ဖြစ်၍ ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တင်ပို့သူများအားလုံး အထူးကြိုးစားကြစေရန် လိုအပ်နေပြီ ဖြစ်ပါသည်။

■

# Emirates လေကြောင်းလိုင်းမှ ဒူဘိုင်း-ရန်ကုန်နှင့် ဒူဘိုင်း-ဟနွိုင်းခရီးစဉ်များအား ဩဂုတ်လ ၃ ရက်မှ စတင်ပြေးဆွဲပျံသန်းပေးမည်

ယူအေအီး လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Emirates လေကြောင်းလိုင်းသည် မြန်မာနိုင်ငံ ရန်ကုန်-ဒူဘိုင်းနှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်း-ဒူဘိုင်း ခရီးစဉ်တို့ကို ဩဂုတ်လ ၃ ရက်မှ စတင် ကာ နေ့စဉ်ပျံသန်းပြေး ဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ ခရီးစဉ်များအား ခရီးသွားပုံစံသုံးမျိုးပါဝင်သည့် ဘိုးရင်း 777-300 ER ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယင်းခရီးစဉ်သည် Emirates အနေဖြင့် အရှေ့တောင်အာရှသို့ ပျံသန်းမှုအား ချဲ့ထွင်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါခရီးစဉ်သစ်သည် ယခုနှစ် မတ်၃၀ ရက်တွင် စတင် ပြေးဆွဲမည့် ဖိလစ်ပိုင်နိုင်ငံရှိ စီဘူးနှင့် ကလာ့ခ်မြို့ခရီးစဉ်များ အပါအဝင် အရှေ့တောင်အာရှဒေသရှိ နိုင်ငံခုနစ်နိုင်ငံမှ မြို့ကြီး ၁၂မြို့သို့ တိုးချဲ့ပျံသန်း ပြေးဆွဲမည့် Emirates လေကြောင်းလိုင်း၏ ဝန်ဆောင်မှုကို တိုးချဲ့လိုက်ခြင်းပင် ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ပြေးဆွဲနေတဲ့ ခရီးစဉ်တွေအပြင် Emirates က အရှေ့ တောင်အာရှခရီးစဉ်တွေကိုတိုးချဲ့ပြေးဆွဲ ပြီး မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံက ခရီးသွားတွေအနေနဲ့ဥရောပက မြို့တော် ၃၉ မြို့၊ အရှေ့အလယ်ပိုင်းက မြို့ ၁၆ မြို့အပြင် ကျွန်တော်တို့လေ ကြောင်းလိုင်းက ချိတ်ဆက် ပျံသန်းနေတဲ့ အာဖရိကနဲ့အမေရိကမှာရှိတဲ့ မြို့ တွေကိုပါ သွားရောက်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုရလာတော့မှာပါ"ဟု Emirates လေကြောင်းလိုင်း၏ Strategic Planning၊ Revenue Optimisation နှင့် Aeropolitical Affairs ဌာန၏ အကြီးတန်း ဒုတိယ ဥက္ကဋ္ဌဖြစ်သူ Adnan Kazim က ပြောသည်။

"Emirates ရဲ့ မြန်မာနိုင်ငံကို တိုးချဲ့ ပျံသန်းတဲ့ခရီးစဉ်သစ်က ၂၀၂၀ မှာ ခရီးသွား ၇ဒသမ ၅သန်း ရောက် ရှိရမယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွား မဟာစီမံကိန်းကိုအထောက် အကူပြုစေမှာပါ။ ပြီးတော့ ဗီယက်နမ်နိုင်ငံသူ နိုင်ငံသားတွေအတွက် ဒူဘိုင်းကို သွားရောက်ဖို့ အတွက် ရွေးချယ်စရာတွေ ပိုမိုရရှိလာပြီး Emirates ရဲ့ နိုင်ငံ တကာနဲ့ ချိတ်ဆက်ထားတဲ့ ခရီးစဉ်တွေမှာ ပါဝင်ပျံသန်းနိုင်တော့မှာပါ။ နိုင်ငံ ပြင်ပမှာ ရောက်နေတဲ့ ဗီယက်နမ် လူမျိုးတွေအတွက်ရော ဗီယက်နမ်နိုင်ငံကို လာလည်ချင်တဲ့သူတွေအတွက်ပါ အဆင်ပြေစေမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ အသစ်ပြေးဆွဲမည့် ခရီးလမ်းကြောင်းကိုအသုံးပြု၍ မြန်မာနိုင်ငံ မှ အဝတ်အထည်များနှင့် ရေထွက်ကုန်ပစ္စည်းများနှင့် ဟနွိုင်း၏ ထုတ်ကုန်ဖြစ်သည့် ပင်လယ်ထုတ်ကုန်များနှင့် လျှပ်စစ်ပစ္စည်းများကို အပြန်အလှန် တင်ပို့ရောင်းချလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါခရီးစဉ်အသစ်၏ ပျံသန်းပြေးဆွဲချိန်များကို ဒူဘိုင်းမှတစ်ဆင့် ဥရောပနိုင်ငံများနှင့် GCC (ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီ အာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု)နိုင်ငံများသို့ အချိန်ကုန်သက်သက်သာသာနှင့်အလွယ်တကူ သွားလာနိုင်စေရန် ရေးဆွဲထားသည်။

Emirates လေကြောင်းလိုင်း၏ လေယာဉ်အမှတ်စဉ် EK388 သည် ဒူဘိုင်းမြို့မှ နံနက် ၂နာရီ ၅၀ မိနစ်တွင် ထွက်ခွာလာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေ့လယ် ၁၂နာရီ ၃၅မိနစ်အချိန်တွင် ပြန် လည်ထွက်ခွာကာ ဟနွိုင်း၏ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နေ့လယ် ၂နာရီ ၅၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အပြန်ခရီးစဉ်အဖြစ် စီးနင်းလိုက်ပါမည့် ခရီးသွားများအတွက် လေယာဉ်နံပါတ် EK 389 သည် ဟနွိုင်းမြို့မှ ည ၁၀ နာရီ ၅၀မိနစ်တွင် ထွက်ခွာလာပြီး ည ၁၂ နာရီ ၂၀မိနစ်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ လေယာဉ်သည် ရန်ကုန်မြို့မှ နံနက် ၁နာရီ ၅၀ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၅နာရီ ၅မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

Emirates လေကြောင်းလိုင်းကို စီးနင်းပြီး ရန်ကုန်မြို့မှ ဟနွိုင်းမြို့သို့ သွား ရောက်မည့် ရိုးရိုးတန်းစီးခရီးသွားများအတွက် ခရီးဆောင်အိတ် ၃၀ကီလို အခမဲ့သယ်ယူခွင့်ပြုမည်ဖြစ်ကာ Business Class ခရီးသွားများအတွက် ၄၀ ကီလို၊ ပထမတန်းစီးခရီးသွားများအတွက် ၅၀ ကီလိုအထိ အခမဲ့သယ်ယူ ခွင့်ရရှိမည်ဖြစ်သည်။

**မယ်သီတာ**

## ပြောင်း

### ပြောင်းတန်ချိန် နှစ်သောင်းနီးပါးတင်ပို့

ဖေဖော်ဝါရီလ တတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၈၄၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၆၇၅၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၉၉ သန်း တန်ဖိုးရှိ ပြောင်း ၄၂၉ တန်ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၆၀၀၀ တန်ဖိုးရှိ ပြောင်းတန် ၂၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၁၀၃၄၁ တန် ၊ မြဝတီမှ ၁၅၆၀ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၅၄၇၈ တန်ကျော် ပိုမိုလာတာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၂၈၈၄၅၄ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၂၈၃၅၈၃ကျပ်သို့ ဈေးကျဆင်းသွားခဲ့ပါတယ်။ မန္တလေးကုန်စည်မှာတော့ ရှမ်းပြောင်း တစ်တန်ကို ၂၇၈၀၂၅ ကျပ်ဈေး၊ ဗမာပြောင်း တစ်တန်ကို ၂၆၆၃၉၀ ကျပ်နဲ့ CP ပြောင်း တစ်တန် ၂၈၃၅၃၇ ကျပ်ဈေးရှိပြီး နေ့စဉ်သုံးတင်းဝင်အိတ်ရေ ၂၀၀၀ ကျော် အရောင်းအဝယ်ရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပရဆေး

### ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၉၆ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း ၇၁၈ တန်ခွဲတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ပရဆေးကုန်ကြမ်း ခြောက်မျိုးကို ၁၃၁ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပရဆေးကုန်ကြမ်းတင်ပို့မှု ၅၈၇ တန်ခွဲ ပိုမိုတင်ပို့လာနိုင်တာတွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ)၊ မာလာဉ၊ မာလာဉခေါင်း၊ ဆီးဆံ၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ ဖန်ခါးသီးခြောက်၊ တောချင်း၊ ဒရင်ကောက်မြစ်၊ ကွမ်းသီးခွံ၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ခပေါင်းစေ့၊ နေလဲစေ့နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံက တိုင်းရင်းဆေး ဖော်စပ်တဲ့ နေရာတွေမှာ အဓိကအသုံးပြုကြပြီး အချို့ကုန်ကြမ်းတွေကိုတော့ ဟင်းခတ်အမွှေးအကြိုင်လုပ်ရာမှာ လည်းကောင်း၊ စားသောက်ဆိုင်လုပ်ငန်းများတွင်လည်းကောင်း၊ သဘာဝဓာတ်မြေဩဇာထုတ်လုပ်ရာမှာ လည်းကောင်း၊ အဖျော်ယမကာဖော်စပ်ရာမှာလည်းကောင်း အသီးသီးထည့်သွင်း အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

| ၂၂-၂-၂၀၁၆ မှ ၂၆-၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 254 | 13,047,342.120 |
| 2 | Form D | 31 | 1,993,126.160 |
| 3 | Form E | 76 | 2,778,775.200 |
| 4 | Korea GSP | 8 | 210,385.400 |
| 5 | Form AK | 51 | 3,066,358.050 |
| 6 | Form AJ | 1 | 26,235.300 |
| 7 | Form AI | 61 | 2,054,667.598 |
| 8 | Form AANZ | 2 | 353.330 |
| 9 | Form DFTP | - | - |
| **Grand Total** | | **484** | **23,177,243.158** |

## ရော်ဘာ

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံသို့ ရော်ဘာတန် ၃၀၀၀ ကျော်တင်ပို့

ရက်သတ္တပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၅၃၃၆၆၀ တန်ဖိုးရှိ ရော်ဘာ ၆၀၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။တင်ပို့တဲ့ နိုင်ငံတွေကတော့ မလေးရှားနဲ့ ဂျပန်နိုင်ငံဖြစ်ပြီး မလေးရှားနိုင်ငံသို့ RSS-3 တန် ၃၁၀၊ MSR-20 ၂၀၁ တန်ကျော်နဲ့ ဂျပန်နိုင်ငံသို့ MSR-20 ၉၈ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၈၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီ ၂၀ ရက်ထိ ဂျပန်နိုင်ငံသို့ MSR-20 ၃၀၂၂ တန် ၊ ရော်ဘာခွဲသား ၁၂ တန်ကျော်နဲ့ RSS-3 ၁၂ တန်ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။

ရော်ဘာဈေးအနေနဲ့ နိုင်ငံတကာဈေး ယခုတစ်ပတ်မှာ အပြောင်းအလဲသိပ်မရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း ထုတ်ပြန်ထားပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၇၅၀-၈၅၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၇၀၀ - ၈၀၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၆၅၀ - ၇၅၀ |
| **Concentrate** | တစ်တန်လျှင် | ဒေါ်လာ | ၅၁၀ - ၆၀၀ |
| **Latex 60% DRC** | | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၇၃၀ သန်းတန်ဖိုးရှိ ရော်ဘာ ၇၅၅ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 တန် ၄၀၀၊ MSR-20 တန် ၁၀၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 ၁၅၅ တန်နဲ့ MSR-20 တန် ၁၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုထက် ၇၃၈ တန်ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 တစ်တန်လျှင် ၁၃၀၄၂၂၁ ကျပ်ရှိပြီး ယခင်တစ်ပတ်က ၁၃၂၆၆၂၂ ကျပ်ရှိတဲ့အတွက် ဈေးအနည်းငယ်ကျလာပါတယ်။ ဒေသပေါက်ဈေးအနေနဲ့ မြိတ်ဒေသမှာ RSS-3 တစ်တန်ကို ကျပ် ၁၂၀၀၀၀၀ ရှိပြီး၊ RSS-5 တစ်တန်ကို ကျပ် ၉၈၀၀၀၀ ရှိတယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဝဥ

### ဝဥတင်ပို့မှုကြောင့် နိုင်ငံခြားဝင်ငွေများရရှိ

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ တတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ဝဥခြောက် ၃၂ တန်တင်ပို့ခဲ့ပါတယ်။ပထမပတ်မှာ ၇ တန်ခွဲ တင်ပို့ခဲ့ပြီး ဒုတိယပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း ဝဥခြောက် ၃၉ တန်ခွဲ တင်ပို့ခဲ့ပြီးဖြစ်တယ်လို့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ဝဥများကို ပြည်ပနိုင်ငံများမှ စိတ်ဝင်စားကြကြောင်း၊ အင်ဒိုနီးရှားနိုင်ငံက ထွက်တဲ့ ဝဥထက် မြန်မာနိုင်ငံမှ ဝဥက ပိုပြီးအရည်အသွေးကောင်းမွန်တာကြောင့် ဂျပန်နိုင်ငံက ရသလောက်ဝယ်ယူမှုရှိကြောင်း၊ ဝဥသည် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါနဲ့ အဝလွန်ရောဂါတွေကို ကာကွယ်ပေးနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ **မော်မော်အောင်**

## သကြား

### မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ သကြားဖြူ တန်ချိန်တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၆ ဒသမ ၁၄၈ သန်း တန်ဖိုးရှိ သကြားဖြူ ၁၀၈၆၉ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၂၉၆ တန် လျော့နည်းခဲ့ပါတယ်။ တရုတ်နိုင်ငံ၌ သကြားဈေး အနည်းငယ်ကျပြီး တရုတ်ဝယ်လက်သိပ်မရှိလို့ သကြားဈေး တစ်ပိဿာလျှင် ၅၀ ကျပ်ခန့်ဈေးကျတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ လက်လီတစ်ပိဿာပေါက်ဈေး ယခင်သီတင်းပတ်က ၁၂၀၀-၁၂၅၀ ကျပ် ဈေးရှိရာမှ ယခုသီတင်းပတ်မှာ ၁၂၀၀ ကျပ်နဲ့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ **မြင့်မြင့်မာ**

## ဂျုံ

### ဂျုံစေ့တန်ချိန် သုံးသိန်းကျော်တင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ထိ ပြည်ပမှ ဂျုံစေ့တင်သွင်းမှုမှာ တန်ချိန် ၃၁၈၁၃၂ တန်ရှိပြီး ဂျုံမှုန့်တင်သွင်းမှုကတော့ တန်ချိန် ၃၀၀၀ ကျော်ရှိတယ်လို့ ကုန်သွယ်မှု ကိန်းဂဏန်းများအရ သိရှိရပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ဂျုံစေ့တင်သွင်းမှု တန်ချိန် ၅၀၀၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ဂျုံမှုန့် တင်သွင်းမှုကတော့ ကာလတူထက် တန်ချိန် ၃၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**



သင့်ကျန်းမာရေး

# ဆင်ခြေထောက်ရောဂါ

ဒေါက်တာလွင်သန့်

**ခြင်ကိုက်ခံရလို့ဖြစ်ပွားရတဲ့** ရောဂါများမှာ ငှက်ဖျား၊ ဆင်ခြေထောက်ရောဂါစတဲ့ ပါရာဆိုက်များနဲ့ သွေးလွန်တုပ်ကွေးနှင့် ဆိုဆိုပလတ်မိုးစစ်ရောဂါ၊ ဇီကာ (Zika) ဗိုင်းရပ်စ်တို့ပါဝင်တယ်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် သန်ချဆေးပေါင်းတိုက်ကျွေးတဲ့ နိုင်ငံပေါင်း ၆၀ အနက် သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ဗင်နွာတူနဲ့ မော်လ်ဒိုက်ဖ်နိုင်ငံတို့ အပါအဝင် ၁၅ နိုင်ငံမှာ ဆင်ခြေထောက် ရောဂါကင်းဝေးတော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၂၀ ပြည့်နှစ်မှာ ဆင်ခြေထောက်ရောဂါကင်းဝေးစေဖို့ အုပ်ချုပ်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးခန်း ဆရာဝန်များနဲ့ ပင်စင်စား ကျန်းမာရေးဝန်ထမ်းများ ပြည်သူများအားလုံးကို "အိမ်ရှိလူကုန်" တိုက်ကျွေးရာမှာ ကူညီကြရမယ်။

**ဆင်ခြေထောက်ရောဂါဟာ** သွေးကြောထဲမှာနေတဲ့ သန်ကောင်ကြောင့်ဖြစ်တယ်။ ခြင်ကိုက်ခြင်းမှ ကူးစက်နိုင်ပါတယ်။ ဆင်ခြေထောက်ရောဂါပိုး သယ်ဆောင်တဲ့ခြင် ပေါက်ဖွားရာနေရာများ၊ ရေပုပ်ရေသိုးများ၊ ရေစီးရေလာ မကောင်းတဲ့ရေမြောင်းများ၊ မလုံခြုံတဲ့ အိမ်သာကျင်းများ၊ မလုံခြုံတဲ့မြေအောက်မြောင်းများမှာ ခြင်ပေါက်ဖွားနိုင်တယ်။

**ရောဂါလက္ခဏာများ**

**ငုပ်နေတဲ့အဆင့်။** အချို့လူများမှာ ရောဂါပိုးရှိနေပေမယ့် ရောဂါလက္ခဏာ လုံးဝမပြဘဲ ငုပ်နေတတ်ပါတယ်။

**ရောဂါနုစဉ်လက္ခဏာများ။** ချမ်းတုန်ဖျားခြင်း၊ ယားယံပြီးအင်ပျဉ်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးရင်ကျပ်ခြင်း၊ အကျိတ်များရောင်ခြင်း၊ ဝှေးစေ့များရောင်ပြီး အောင့်ခြင်း၊ နာခြင်း၊ ခြေလက်တစ်ဖက်(သို့မဟုတ်) နှစ်ဖက်နီရဲပူလောင်ခြင်း၊ ရောင်ရမ်းပြီးနာခြင်း၊ မှင်ထခြင်း၊ ပင့်ကူရှုပ်ခြင်း၊ ကပ်ပယ်အိတ်ကြီးခြင်း၊ ဆန်ဆေးရေကဲ့သို့ အဖြူရောင် ဆီးပျစ်ပျစ်သွားခြင်း၊ ဆီးထဲသွေးပါခြင်းတို့တွေ့ရှိရနိုင်ပါတယ်။

**ရောဂါသက်ရင့်ခြင်း။** ရောဂါရင့်လာရင် ခြေ၊ လက်၊ ရင်သားစသည်တို့ တစ်ဖက်(သို့မဟုတ်) နှစ်ဖက်စလုံးကြီးလာပြီး နောက်ဆုံး ဆင်ခြေထောက်အသွင်ဖြစ်လာတယ်။

သန်ချဆေးနှစ်မျိုးတစ်ကြိမ်တည်း သောက်ဖို့လိုအပ်တယ်။ အသက်နှစ်နှစ်မှ ငါးနှစ်မှာ သန်ချဆေးတစ်ပြားနဲ့ ဒီအီးစီ ၂၀၀ မီလီဂရမ်တစ်ခြမ်း(သို့မဟုတ်) ၁၀၀ မီလီဂရမ်တစ်ပြား တိုက်ရမယ်။ အသက် ငါးနှစ် မှ ၁၄ နှစ်မှာ သန်ချဆေးတစ်ပြားနဲ့ ဒီအီးစီ ၂၀၀ မီလီဂရမ်တစ်ပြား(သို့မဟုတ်) ၁၀၀ မီလီဂရမ်နှစ်ပြားတိုက်ရမယ်။ အသက် ၁၄ နှစ်ပြည့်နှင့် အထက် သန်ချဆေးတစ်ပြားနဲ့ ဒီအီးစီ ၂၀၀မီလီဂရမ် တစ်နှစ်ပိုင်းတစ်ပိုင်းပြား (သို့မဟုတ်) ၁၀၀ မီလီဂရမ် သုံးပြားတိုက်ပါ။

**ဆေးမသောက်သင့်။** အသက်နှစ်နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိခင် ရောဂါတစ်ခုခု ဆိုးဆိုးရွားရွား ခံစားနေရသူများ ရှောင်ရပါမည်။ ကလေးများနဲ့ ဆေးမျိုချဖို့ ခက်ခဲနေသူများကို ကြိတ်တိုက်ရမယ်။ အတင်းအကျပ်ချုပ်တိုက်ခြင်း၊ နှာခေါင်းပိတ်ခြင်း မပြုလုပ်သင့်ပါ။

သန်ချဆေးနဲ့ ဒီအီးစီဆေးပေါင်းကို အချိန်မရွေးသောက်နိုင်တယ်။ အစာစားပြီးချိန် ညအိပ်ခါနီးသောက်ပါ။

**ဆေးသောက်ပြီးရင်** သန်ချဆေးဖြစ်လို့ ဆေးသောက်ပြီး လှုပ်ရှားမှုများရင် အနည်းငယ်မူးဝေခြင်း(သို့မဟုတ်)ပျို့တတ်တယ်။ ရောဂါရှိသူများမှာ ဆေးအာနိသင်ကြောင့် ဖျားခြင်း၊ ကိုက်ခဲခြင်းဖြစ်တတ်တယ်။ ဆေးသောက်ပြီး အင်ပျဉ်ထွက်ရင် ဘာမီတွန်တစ်ပြား တိုက်ရမယ်။ ကိုယ်လက်ကိုက်ခဲရင် ပါရာစီတမော့တစ်ပြား၊ ခေါင်းမူး၊ ပျို့အန်ရင် ဘီစစ်တစ်ပြား တိုက်နိုင်တယ်။ မသက်သာရင် ဆေးတိုက်အဖွဲ့နဲ့ ဆက်သွယ်ကုသမှု ခံယူသင့်ပါတယ်။

**အကျိုး။** ဆင်ခြေထောက်နဲ့ သန်ကောင်များ သေကျေပျက်စီးပြီး ရောဂါကင်းမယ်။ ရောဂါပိုးမရှိတဲ့လူနာများ ဆေးကြောင့်ရောဂါပိုး ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်တယ်။ အူလမ်းကြောင်းရှိ သန်ကောင်အမျိုးမျိုးသေနိုင်တယ်။

# ဇီကာဗိုင်းရပ်စ်ပိုးကူးစက်မှုဖြစ်ပွားနေသည့်ဒေသများတွင် သွေးစုဆောင်းခြင်း ပြုလုပ်နေမှုများအား တားမြစ်ထားရန် အမေရိကန်အက်ဖ်ဒီအေ တောင်းဆို

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့(အက်ဖ်ဒီအေ) သည် ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်မှုများဖြစ်ပွားနေသည့်ဒေသများတွင် သွေးစုဆောင်းခြင်းကို တားမြစ်ထားရန် တောင်းဆိုလိုက်ကြောင်း ဝါရှင်တန်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

သွေးဘဏ်များတွင် သွေးလှူရှင်များအား ဖိတ်ခေါ်၍ သွေးစုဆောင်းထားခြင်းများအား ရပ်တန့်ထားရန်နှင့် သွေး အရည်ကြည်ထုတ်ယူခြင်းများကို လိုအပ်မှသာ ပြုလုပ်ရန်သွေးဘဏ်များအား တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အမေရိကန်အက်ဖ်ဒီအေအနေဖြင့်လက်တင်အမေရိကနှင့်ကာရစ်ဘီယံ ဒေသတစ်ဝိုက်ရှိ နိုင်ငံပေါင်း ၃၀ ကျော်တွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်မှု ဖြစ်ပွားနေမှုအားရပ်တန့်နိုင်ရန်အတွက် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ သွေးကို လိုအပ်မှသာသွင်းကြရန် တိုက်တွန်းပြောကြားခဲ့သည်။

"အခုတွေ့ရှိထားတဲ့တွေ့ရှိချက်အသစ်တွေအရ ဒီရောဂါပိုးဟာ သွေးသွင်းရာကနေ ကူးစက်လာတယ်ဆိုတာကို တွေ့ရှိရပါတယ်။ သွေးဘဏ်တွေအနေနဲ့ သွေးစုဆောင်းတာဟာ လိုအပ်တဲ့အချိန်မှာ သုံးလို့ရပေမယ့် တကယ်တမ်းကူးစက်မှုက သွေးသွင်းကုသမှုကနေတစ်ဆင့် ကူးစက်နေတယ်ဆိုတာကို တွေ့နေရပါတယ်။ ဒါကြောင့် ဇီကာ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရတဲ့ သွေးလှူရှင်တွေဆီက သွေးကို ရယူထားမိရင် အဲဒီရောဂါပိုးဟာ တခြားတစ်ယောက်ကို ကူးစက်သွားနိုင်ပါတယ်" ဟု အက်ဖ်ဒီအေ၊ ဇီဝဗေဒဌာနခွဲမှ ဒါရိုက်တာ ဒေါက်တာ ပီတာမာ့ခ်က ပြောကြားခဲ့ သည်။

ဇီကာဗိုင်းရစ်ပိုး ကူးစက်ပျံ့နှံ့နေမှုအား ဖြေရှင်းရန် သုတေသနပညာရှင်များသည် လေ့လာစမ်းသပ်မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အချိန် ၆လမှ တစ်နှစ်အတွင်း ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းအား ရပ်တန့်နိုင် ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ **မယ်သီတာ**

# Colgate-Palmolive ၏ ပညာသင်ဆု ကျပ် ၅၄သိန်းတန် ပထမဆုအား ကျိုးသဲမြို့မှ မကြည်စင်ဖြူ ဆွတ်ခူးရရှိ




Colgate-Palmolive သည် Colgate Scholarship Campaign 2016 အစီအစဉ်၏ ပထမဆုံးပညာသင်ဆု ဆွတ်ခူးရရှိသူကို ကြေညာလိုက်ပြီဖြစ်သည်။ Colgate ပညာသင်ဆုအစီအစဉ် ၂၀၁၆ ၏ပထမဆုဖြစ်သည့် ငွေကျပ် ၅၄ သိန်းကို ကျိုးသဲမြို့မှ ပထမနှစ် သမိုင်းအဓိကဘာသာရပ်မှ မကြည်စင်ဖြူက ရရှိခဲ့သည်။

ပညာသင်ဆုအစီအစဉ်၏ ပထမဆု ကျပ် ၅၄ သိန်းကို ရရှိသူ မကြည်စင်ဖြူသည် ၎င်းနေထိုင်ရာ ကျိုးသဲမြို့မှ ပြည်မြို့သို့ ပြည်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတင်ရန် လာရောက်စဉ် ပြည်မြို့၊ မြို့မဈေးတွင် အဒေါ်ဖြစ်သူနှင့်အတူ Colgate Super Strong နှစ်ဘူးကို ဝယ်ယူခဲ့ရာမှ အဆိုပါ ပညာသင်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပညာသင်ဆု ရရှိသူမကြည်စင်ဖြူသည် ပြည်တက္ကသိုလ်တွင် သမိုင်းဘာသာရပ်အထူးပြုဖြင့် ပညာသင်ကြားမည့် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်ကာ အဆိုပါပညာသင်ဆုငွေများကို ၎င်း၏အနာဂတ်ပညာရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုငွေ ကျပ် ၅၄ သိန်းဆုကို ဆွတ်ခူးရရှိခဲ့သည့် အသက် ၁၇ နှစ်အရွယ်ရှိ မကြည်စင်ဖြူက "ကျွန်မ ဒီဆုကို ရတယ်ဆိုတာ မယုံနိုင်လောက်အောင်ပါပဲ။ ကျွန်မက ကျိုးသဲလို့ခေါ်တဲ့ မြို့ငယ်လေးကပါ။ နောက်ပြီးအဲဒီလိုမျိုးတွေ ဒီမှာ ရလေ့မရှိပါဘူး။ ကျွန်မက သွားနဲ့ခံတွင်းကျန်းမာရေးကောင်းမွန်အောင် Colgate ကို အမြဲသုံးပါတယ်။ ဒါပေမယ့် ဒီလို ဆုရရှိလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။ အခုလို မမျှော်လင့်ဘဲရရှိခဲ့လို့ အရမ်းဝမ်းသာပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ အမေ့လို ကျောင်းဆရာမတစ်ယောက်ဖြစ်ဖို့ပါ။ ဒါမှ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးတွေကို ပညာရေး ပိုမိုတိုးတက်လာအောင် ကူညီနိုင်မှာပါ။ အခုရရှိတဲ့ဆုငွေနဲ့ ကွန်ပျူတာတစ်လုံးဝယ်မယ်၊ ပြီးရင် ပြည်မြို့မှာရှိတဲ့ ကွန်ပျူတာနဲ့ အင်္ဂလိပ်စာသင်တန်းတွေ ဆက်တက်မှာပါ။ အခုလို ကျွန်မရဲ့ရည်ရွယ်ချက်တွေ အမှန်တကယ်ဖြစ်လာအောင် ကူညီပေးတဲ့ Colgate ကိုအရမ်းပဲကျေးဇူးတင်မိပါတယ်"ဟု ပြောကြားခဲ့သည်။

Colgate အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာ၊ Mr.Kunal Chadhaက "Colgateအနေနဲ့ မြန်မာနိုင်ငံမှာပညာရေးဆိုင်ရာ အခွင့်အလမ်းတွေ ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့ စိတ်အားထက်သန်တဲ့အပြင် ကလေးငယ်တွေရဲ့ ပညာရေးကို အကောင်းဆုံးထောက်ပံ့ပေးချင်တဲ့မိခင်တွေကို တတ်နိုင်သမျှ အကူအညီပေးသွားဖို့လည်း တစိုက်မတ်မတ်လုပ်ဆောင်နေပါတယ်။ သွားနဲ့ခံတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်း ဈေးကွက်မှာ ထိပ်တန်းက ဦးဆောင်နေတဲ့အမှတ် တံဆိပ်တစ်ခုဖြစ်တာနဲ့အညီ မြန်မာနိုင်ငံဈေးကွက်ထဲကို ဝင်ရောက်နိုင်အောင် လက်ခံကြိုဆိုခဲ့ကြတဲ့ မြန်မာပြည်သူတွေအတွက် လူမှုအကျိုးပြုလုပ်ငန်းတွေ လုပ်ဆောင်ပေးဖို့ကို ကျွန်တော်တို့ တာဝန်လို့ မှတ်ယူထားပါတယ်။ အခုလို ကျွန်တော်တို့ ပညာသင်ဆုအစီအစဉ်ရဲ့ပထမဆုရှင်ကို ကြေညာနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိတဲ့အပြင် ကြည်စင်ဖြူအတွက်လည်း ဂုဏ်ယူပါတယ်။ နောက်ထပ် ၅၄ သိန်းတန် ပထမဆုနဲ့ ၅၄၀,၀၀၀တန် ဒုတိယဆုပေါင်းများစွာ ကျန်ပါသေးတယ်။ ဒါကြောင့်မို့ အားလုံးပဲ ကံထူးကြပါစေ၊ ကိုးလ်ဂိတ်ကိုပျော်ရွှင်စွာ သုံးစွဲနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုပညာသင်ဆုအစီအစဉ်တွင် ပညာသင်ဆုဆွတ်ခူးရရှိသူများကို ပညာသင်ဆုအစီအစဉ် ကာလတစ်လျှောက် ကြေညာပေးသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ပညာသင်ဆုအစီအစဉ်ပြီးဆုံးချိန် ဧပြီ ၁၅ ရက်နောက်ပိုင်းတွင် ဆုများအား ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်နှင့်ပတ်သက်သည့် အသေးစိတ် သတင်းအချက်အလက်များကို အစီအစဉ်ပြီးဆုံးချိန်တွင် ထပ်မံအသိပေးကြေညာသွား မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**



# စစ်ကိုင်းတိုင်းဒေသကြီးကတော့ ပန်းပန်လျက်ပါ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို UMFCCI ရှိ မင်္ဂလာခန်းမ၌ ဖေဖော်ဝါရီ ၅ရက်က ကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲကို ဇေယျာသားတစ်ယောက် တိုင်းဒေသကြီးကိုယ်စားပြု တက်ရောက်ခွင့်ရခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် စာတမ်းရှင်တစ်ဦးက ဆန်စပါးနှင့်ပတ်သက်ပြီး စာတမ်းတစ်စောင် တင်သွင်းခဲ့ရာ ၂၀၁၅-၂၀၁၆ခုနှစ် မိုးစပါးများစိုက်ပျိုးရာသီချိန် ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ဧကများလျော့ကျခဲ့ပြီး မိုးစပါးအထွက် လျော့ကျခဲ့၍ လည်းကောင်း၊ အထူးသဖြင့် ပေါ်ဆန်းမွှေးစပါးတိုးချဲ့စိုက်ပျိုးလာမှုကြောင့် ပေါ်ဆန်းမွှေးဆန်များ ပိုလျှံနေပြီး Export ဆန်များလျော့နည်းခဲ့၍ ယခုနှစ်ပြည်ပတင်ပို့နိုင်မှု ဆန်တန်များ လျော့ကျခဲ့ကြောင်း တင်ပြဆွေးနွေးခဲ့ပါတယ်။

အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင် မဆိုလိုသော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်စပါးအထွက်ကို အောက်ပါအတိုင်းသုံးသပ်တင်ပြလိုပါတယ် -

စစ်ကိုင်းတိုင်း ဒေသကြီးမှာ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီချိန် ဇွန်၊ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး ၁၀၃၁၃၅ ဧက ပျက်စီးခဲ့ပြီး၊ ၆၄၉၂၅ဧက အစားထိုးပြန်လည် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ၃၈၂၁၀ဧက အချိန်မီ မစိုက်နိုင်ခဲ့ဘဲ ရာသီပိတ် မိုးစပါးစိုက်ဧကပေါင်း ၁၇၈၆၂၇၇ ဧကစိုက်ပျိုးခဲ့ပြီး ကာလတူထက် ၃၉၁၀၀ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့တာကြောင့်ပျက်စီးခဲ့သည့် ဧကကိုကာမိအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။

ရေကြီးနစ်မြုပ်မှုဒဏ်ကို အများဆုံးခံစားခဲ့ရသည့် ကလေး၊ တမူးခရိုင်များသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစပါး ထောက်ပံ့ပေးခဲ့သည့် အထွက်တိုးစပါး ရွှေသွယ်ရင်နှင့် ပုလဲသွယ်များ၏ ရိတ်သိမ်းချိန်တစ်ဧက အထွက်နှုန်းများမှာလည်းရွှေသွယ်ရင်စပါး ၁၀၆ တင်း၊ ပုလဲသွယ်စပါး ၁၅၀ တင်းထိ ယခင်နှစ်များထက်ပိုမိုထွက်ရှိခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးအထွက်များမှာ ထိခိုက်မှုမရှိကြောင်း သိရပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးကိုလည်း ဆည်ရေသောက်၊ မြစ်ရေတင်၊ မြေအောက်ရေ စသည့်ရေရရှိမှု နည်းလမ်းများဖြင့် ၅၁၀၅၀၀ ဧက စိုက်ပျိုးသွားရန် တိုင်းဒေသကြီးအစိုးရက ဒေသဆိုင်ရာအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများအား တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ယခင်နှစ်က သဖန်းဆိပ်ရေလက်ကျန် နည်းခဲ့သဖြင့် တိုင်းဒေသကြီးတစ်ခုလုံး နွေစပါး ၁ ဒသမ ၇၅ သိန်းဧကသာ စိုက်ပျိုးနိုင်သော်လည်း ယခုနှစ် နွေစပါးစိုက်ပျိုးချိန် သဖန်းဆိပ်ရေလက်ကျန်က ဧက ၂၆ သိန်းကျော်ပေးနိုင်သဖြင့် နွေရေလုံလောက်စွာပေးဝေနိုင်ခဲ့သော ၂၀၀၈-၂၀၀၉ ခုနှစ်၊ ၂၀၀၉-၂၀၁၀ ခုနှစ်၊ ၂၀၁၀-၂၀၁၁ ခုနှစ် များတွင် နွေစပါးစိုက်ဧက ၄ ဒသမ ၆ သိန်းအထိ အများဆုံး စိုက်ပျိုးခဲ့သော အစဉ်အလာကောင်းများရှိ၍ ယခုနှစ်တွင်လည်း နွေစပါးကိုဧက ၄ ဒသမ ၅ သိန်းကျော် စိုက်ပျိုးသွားနိုင်လိမ့်မည်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်၂၀၁၅-၂၀၁၆ခုနှစ်ရဲ့ မိုး+နွေဆန်စပါးအထွက် ယခင်နှစ်ထက်သာလွန်မှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ကို ပြန်လည်သုံးသပ်ရင် ၂၀၀၈-၂၀၀၉ ခုနှစ်ကစိုက်ဧက ၈၄၉၄၊ ထောင်ဂဏန်းသာရှိခဲ့ရာမှ နှစ်စဉ်စိုက်ဧကတိုးတက်လာပြီး ၂၀၁၅-၂၀၁၆ မှာ ဧက သုံးသိန်းသုံးသောင်းကျော်အထိ မြင့်တက်ခဲ့ပါတယ်။ ဈေးနှုန်းများမှာလည်း ၂၀၀၈-၂၀၀၉ ခုနှစ်မှာ စပါးတစ်တင်း အမြင့်ဆုံးဈေး ကျပ် ၆၀၀၀ကျော်၊ ၂၀၁၄- ၂၀၁၅ ခုနှစ်မှာအမြင့်ဆုံးဈေး တစ်တင်းကျပ် ၁၅၀၀၀ အထိ ရရှိခဲ့သဖြင့် ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး မြို့နယ်များမှတောင်သူများဈေးကွက်ရရှိပြီး၊ ဈေးကောင်းရတဲ့ ရွှေဘိုပေါ်ဆန်းမွှေးကို အများဆုံး စိုက်ပျိုးလာကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အတွင်း ပြုလုပ်ခဲ့တဲ့ ရွှေဘိုခရိုင် ဆန်စပါးလေ့လာဆန်းစစ်ရေးအစီအစဉ်အရ စိစစ်တွေ့ရှိခဲ့ရပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ် မိုးစပါးထွက်ပေါ်ချိန် ပေါ်ဆန်းမွှေးစပါးသစ် တင်း ၁၀၀ကို ကျပ်ကိုးသိန်းအဖွင့်ဈေးဖြင့် ဈေးစတင်ဖွင့်ပြီး လက်ရှိဈေးကတော့စပါးတစ်တင်း ၉၈၀၀ ကျပ် ဈေးများဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ် အဖွင့်ဈေးနှင့် တွက်ပါက ယခုနှစ်အဖွင့်ဈေးမြင့်ခြင်း၊ ဈေးကွက်လိုအပ်ချက်ကြောင့် စပါးတင်း ၁၀၀ လျှင် အမြင့်ဆုံးဈေးကွက် ကျပ် ၁၆ သိန်းမှ ၁၇ သိန်းအထိ ဖြစ်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ ဈေးကွက်ဝင်စပါး မျိုးကောင်း၊ မျိုးသန့်များပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တောင်သူများတစ်ဧက ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးမြင့်မားရေးကို ရှေးရှုဆောင်ရွက်နေသည့်အတွက် တောင်သူသဘောကျစိုက်ပျိုးခြင်းကို အားပေးရမှာဖြစ်ပါတယ်။ ယခင်ကရွှေဘိုပေါ်ဆန်းမွှေးမှာ တန်းမြင့်ဆန်ဖြစ်၍ အထက်တန်းလူနည်းစုသာ စားသုံးခဲ့ရာမှာ ယခုအခါ ရွှေဘိုပေါ်ဆန်းမွှေးကို အထက်တန်း၊ ဆင်းရဲသား လူတန်းစားမရွေး စားသုံးသည့် ပုံစံများ ပြောင်းလဲလာကြောင်း၊ ဟင်းကောင်း မစားနိုင်သော်လည်း ဆန်ကောင်းကိုတော့ စားမည်ဆိုသည့် အတွေးအမြင်များ ရှိလာပါကြောင်း၊ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးစိုက်ဧကများ နှစ်စဉ်တိုးတက်လာပြီး ဒေသတွင်းမှာ ရွှေဘိုပေါ်ဆန်းစပါးလက်ကျန်များစုပုံနေမှုမရှိသလို ဈေးကွက်ဝေစုများလည်း နှစ်စဉ်နှစ်တိုင်း တိုင်းဒေသကြီး/ ပြည်နယ်များ အနှံ့ရရှိနေပြီ ဖြစ်ပါတယ်။

အစိုးရအဆက်ဆက်မှာ တောင်သူကိုစိုက်စေလိုသော စပါးစိုက်ရမည်ဟူသောအစီအမံများကြောင့် ယုံကြည်မှု အားနည်းခဲ့သည့် သာဓကများလည်း ရှိခဲ့ပါတယ်။ စိုက်လိုသောစပါးကို ဝင်ငွေတွက်သားကိုက်အောင် စီမံပေးရန်လိုအပ်ပါတယ်။ ယခုနှစ်ပေါ်ဆန်းမွှေးတစ်ဧကပျှမ်းမျှအထွက် ၇၅တင်းရှိပြီး၊ တောင်သူ ရဈေး စပါးတင်း ၁၀၀လျှင် ကျပ် ၉ သိန်းနှုန်းဖြင့် တွက်ချက်ပါက တစ်ဧကဝင်ငွေ ကျပ် ၆၇၅၀၀၀၊ တစ်ဧကအမြတ်ငွေ ၃သိန်း ကျော်ရရှိနေပြီဖြစ်တယ်။Exportတန်းဝင် စပါးအထွက်တင်း ၁၀၀ ရရှိပါက ဝင်ငွေမှာ ကျပ် ၄/၅ သိန်း ထက်ပိုမရနိုင်ကြောင်း၊ ရောမင်းစပါး အသစ်ဈေး တစ်တင်းကျပ် ၈၀၀၀ ခန့်ရှိနေသဖြင့် ယခုနှစ်မှာ ယခင်နှစ်ထက်ဧက ၆၀၀၀၀ ကျော်စိုက်ပျိုးလာကြောင်း၊ ကုန်သည်ကိုက်ဖို့ထက်၊ ကုန်သည်၊ တောင်သူနှစ်ဦး နှစ်ဖက် အကျိုးရှိပါက တောင်သူများလည်း စိုက်ပျိုးလာမည် ဖြစ်ပါကြောင်းနှင့် ရာသီဥတု၊ ရေကြီး/ရေလျှံသဘာဝဘေးဒဏ်ဖြစ်ခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးကတော့ ဝင်ငွေရော၊ စပါးအထွက်ပါ ပန်းပန်လျက်ပါလို့တင်ပြပါရစေ။

**အောင်မင်း-တန့်ဆည်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၄၅) ပေ | (ပ) လွှာ၊ အခန်းဖွဲ့ | ၈၀၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | မြေ | သန်လျင်မြို့နယ်၊ GTU အနီးအိမ်ရာဝင်း | (၄၀×၆၀) ပေ | မြေသီးသန့် | ၅၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | မြေ/အိမ် | အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း | ၁၂၀၀ စ/ပေ | RC (၂) ထပ် | ၁၀၅၀ သိန်း | | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးအနီး | ၁၁၀၀ စ/ပေ | MB (၁) BR (၁) (၄) လွှာ | ၁၆၀၀ သိန်း | အသင့်နေ | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၅။ | ကွန်ဒို | ရန်ကင်းမြို့နယ်၊ ပညာဝတီကွန်ဒို | ၁၆၅၀ စ/ပေ | MB (၁) BR (၂) | ၄၅၀၀ သိန်း | Lift ပါ | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ/အိမ် | ဒဂုံမြို့သစ် (မြောက်) (၃၅) ရပ်ကွက် | ၂၄၀၀ စ/ပေ | BN (၂) ထပ် | ၂၅၀၀ သိန်း | ရပ်ကွက်သန့်၊ လမ်းသန့် | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၇။ | အဆင့်မြင့် တိုက်ခန်း | ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း | (၂၅×၅၀) ပေ | (၄) လွှာ၊ ပြင်ဆင်ပြီး | ၆ သိန်း (အငှား) | လမ်းသန့် | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၈။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း | (၁၂.၅×၅၀) ပေ | (၆) လွှာ၊ အခန်းဖွဲ့ | ၃၂၅ သိန်း | ဂရန်မြေ | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ (၄) လမ်း | (၃၀×၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | ရပ်ကွက်သန့် လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | တိုယိုတာအက်ဇီယို (၂၀၁၂) | ယာယီ | ၁၈၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဟွန်ဒါအင်ဆိုက် (၂၀၁၀) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ဗီလ်ဒါ (ဝက်စီ) | အနီ | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အဲဝေ့ဗ် (၂၀၁၀) | ယာယီ | ၁၅၀ သိန်း | 1.5 ဓာတ်ဆီ |
| ၆။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | အာဗီအာ (၂၀၁၀) | ယာယီ | ၃၂၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | အေဒီဗင် (၂၀၁၀) | 9K | ၉၅ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | တိုယိုတာဝုရှ် (၂၀၀၃) (အိပ်စ်ဘက်စ်) ဂရိတ် | 1J | ၁၇၀ သိန်း | 1.8 ဓာတ်ဆီ |

# အီးယူကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးမည့် စုံစမ်းရေးဌာနထူထောင်ရေးကိစ္စကိုဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲရှိ မြန်မာကုန်သွယ်မှုဌာန၊ (Myanmar Trade Centre-MTC) တွင် ဖေဖော်ဝါရီလ ၂၅ ရက်က ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Trade Development Programme - TDP) ကို ပံ့ပိုးပေးနိုင်ရန် အတွက် EU-Information Desk ကိုမြန်မာကုန်သွယ်မှုဗဟိုဌာနတွင် ထူထောင်နိုင်ရေးအတွက် နိုင်ငံတကာ ကုန်သွယ်မှုသတင်းအချက် အလက်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Onno Roukens က မြန်မာကုန်သွယ်မှု ဌာနမှ ဝန်ထမ်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရတဲ့ အဓိကရည်ရွယ်ချက်မှာ EU Information Desk အနေနဲ့ ကုန်သွယ်မှုသတင်းအချက်အလက်စနစ်များကို မျှဝေပေးရန်နဲ့ မြန်မာကုန်သွယ်မှုဌာနတွင် EU Information Desk ထူထောင်နိုင်ရေးနည်းဗျူဟာ ဖွံ့ဖြိုးစေရန်အတွက် ဖြစ်ပါတယ်။ Mr. Onno က ဝန်ထမ်းများနဲ့ ဆွေးနွေးရာမှာ အဓိကလာရောက် စုံစမ်းမေးမြန်းသူအများစုသိချင်တဲ့ကိစ္စရပ်တွေ၊ သတင်းအချက်အလက်ပေးရုံ သက်သက်မဟုတ်ဘဲ တန်ဖိုးရှိ စနစ်ကျတဲ့ သတင်းအချက်အလက်မျိုးဖြစ်အောင်လုပ်ပေးရန်၊ လာရောက်စုံစမ်းမေးမြန်းသူရဲ့ ကုန်သွယ်မှုဆိုင်ရာ အတွေ့အကြုံပေါ်မူတည်ပြီး ပေးသင့်တဲ့ သတင်းအချက်အလက်၊ စုံစမ်း မေးမြန်းမှုများသည့်ကဏ္ဍ (ရေထွက်ကုန်၊ လယ်ယာထွက်ကုန်၊ ဝန်ဆောင်မှု စသည်) ကိုသိရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ ပြီးလျှင် စုံစမ်းမေးမြန်းချက်များကို ခွဲခြမ်းစိတ်ဖြာဖို့ လိုကြောင်း၊ အဖွဲ့ဝင် ခြောက်ဦးမှ ရှစ်ဦးခန့်အထိပါရှိတဲ့ အနီးကပ်ဖြေကြားပေးမယ့်အဖွဲ့ Focus Group ကို ဖွဲ့ပြီး လာရောက်စုံစမ်းမေးမြန်းမယ့် လုပ်ငန်းရှင်ကို ထဲထဲဝင်ဝင်ရှင်းရှင်းလင်းလင်းသိအောင် ပြောပြထားဖို့လည်းလိုကြောင်း၊ သတင်းအချက်အလက် စုဆောင်းပြီး ဈေးကွက်သုတေသနများပြုလုပ်ထားဖို့လည်းလိုကြောင်း၊ အရေးကြီးပစ္စည်းအမယ်လိုက် EU Export Market Scan များပြုစုထား ဖို့လိုမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ လုပ်ငန်းရှင်ကဘာကိုလိုချင်တယ်၊ ပေးမယ့်သတင်းအချက်အလက်ဟာ လက်တွေ့မှာ အသုံးချလို့ ရနိုင်မယ့် ရှင်းရှင်းလင်းလင်း တင်ပြမှုမျိုးဖြစ်ရန်လိုကြောင်းနဲ့ အချိန်နဲ့ တစ်ပြေးညီ အချက်အလက်များ၊ သတင်းများဖြစ်နေဖို့ လိုကြောင်းကို ရှင်းလင်းဆွေးနွေးပါတယ်။ Market Scan များကို ပြုစုရာမှာ ထည့်သွင်းဖော်ပြသင့်တဲ့ အချက်များ၊ Focus group ဖွဲ့ရာမှာ ပါဝင်ရမယ့် လူပုဂ္ဂိုလ်များ၊ သတင်းအချက်အလက်များ ရရှိစုဆောင်းသုတေသနပြုရန် အတွက် တွေ့ဆုံမေးမြန်းသင့်တဲ့ လူအမျိုးအစား များကို ရွေးချယ်ရန်လိုအပ်ကြောင်းနဲ့ ယခုအခါ NGO အဖွဲ့များ၊ Donor အဖွဲ့ အစည်းများ အများအပြားနဲ့လည်း ဆက်စပ်လုပ်ကိုင်နေကြချိန် ဖြစ်တဲ့ အတွက် သူတို့နဲ့ မေးမြန်းတိုင်ပင်သင့်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပေးခဲ့ပါတယ်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုဌာနနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နဲ့ ရန်ကုန် ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦး တက် ရောက်ခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၂၆ ရက်မှာ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနအရာရှိများအား ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးဖော် ထုတ်ရရှိခဲ့တဲ့ အချက်အလက်များနဲ့ စပ်လျဉ်းပြီး ရှေ့ဆက်လုပ်ဆောင်ရမယ့် ကိစ္စများကို ဆွေးနွေးခဲ့တယ်လို့ သတင်း ရရှိပါတယ်။

**MIRT**



## ကျိုက်လတ်မြို့နယ် ပန်းပဲစုကျေးရွာတွင် သင်ဖြူးဖျာလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုပညာပေးသင်တန်းဖွင့်

ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် ပန်းပဲစုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ဖေဖော်ဝါရီ ၁၉ ရက်က သင်ဖြူးဖျာလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ပညာပေးသင်တန်း အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ထိုအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဇင်က အဖွင့်အမှာစကားပြောကြားရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယခုဆိုရင် လုပ်ငန်းအမျိုးအစား ခုနစ်ခု၊ ကျေးရွာ ၇၉ ရွာ၊ အစုအဖွဲ့ ၇၆ ဖွဲ့၊ အသင်းဝင် ၃၆၉ ဦး ဖွဲ့စည်းနိုင်ခဲ့ပြီး ချေးငွေပံ့ပိုးမှုမှာ ကျပ်သန်း ၂၂ ဒသမ ၅၀ အားပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ အခုလိုပံ့ပိုးကူညီဆောင်ရွက်နေခြင်းဟာ ရွာတစ်ရွာထုတ်ကုန်တစ်မျိုး (one village one product ) ပွားများလာစေရန်အတွက် ဖြစ်ပါကြောင်း၊ ဒါ့အပြင် ဈေးကွက်မှာ မိမိတို့၏ ထုတ်ကုန်များယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် အရည်အသွေးသာမကထုပ်ပိုးမှုကောင်းမွန်ရေး၊ ဈေးကွက်သတင်းအချက်အလက်များ၊ ဈေးကွက်ဖွံ့ဖြိုးစေရန် အားပေးခြင်းများ၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များနဲ့ ကျေးရွာများချိတ်ဆက်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးနိုင်ရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနဲ့ ပူးပေါင်းပြီး အမျိုးအစားအလိုက် လိုအပ်တဲ့နည်းပညာများ ပံ့ပိုးကူညီပေးကာ အသေးစားလုပ်ငန်းအတွက် စက်ကိရိယာများ ရွေးချယ်ကူညီပေးလျက်ရှိပါကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ ဦးမင်းဇော်က ဌာနရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်များနဲ့ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ရရှိရေး၊ ပြည်တွင်းမှသည် ပြည်ပပို့ကုန်အထိ တင်ပို့နိုင်ရေးများအကြောင်းကိုလည်းကောင်း၊ သင်ဖြူးဖျာထုတ်လုပ်သူ ဒေါ်ရင်ချိုက သင်ဖြူးဖျာထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်လက်ရှိဈေးကွက်အခြေအနေများ တင်ပို့မှု၊ ဖြန့်ဖြူးမှုအကြောင်းများကိုလည်းကောင်း ပို့ချသွား ကြပါတယ်။

အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စုစုပေါင်း ၇၃ ဦးတက်ရောက်ကြောင်း သိရ ပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

# တရုတ်(တိုင်ပေ)တွင် Myanmar Products Show ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနနှင့် တရုတ် (တိုင်ပေ) Ministry of Foreign Affairs, Bureau of International Trade တို့ ပူးပေါင်း၍ တိုင်ပေမြို့ World Trade Center တွင် "Myanmar Products Show in Taipei" ကုန်စည်ပြပွဲကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ရက် မှ ၂၀ရက် အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ ထုတ်ကုန်များဖြစ်သော ကျောက်မျက်ရတနာ၊ စားသောက်ကုန် အမျိုးမျိုး၊ မြန်မာ့ရိုးရာလက်မှုထည်များ၊ သစ်အချောထည်များနှင့် ရေထွက်ကုန်ပစ္စည်းများ စသည့် ကုန်ပစ္စည်းများ ပါဝင်ပြသ နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ လေ့လာလိုသူများနှင့် ပါဝင်တက်ရောက်ပြသလိုသည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များသည် မြန်မာကုန်သွယ်မှု ဗဟိုဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈-၂၄၀၊ ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ် - ၀၁ ၂၅၄၀၂၃ နှင့် Email:itpic.moc@gmail.com သို့ ၂၀၁၆ ခုနှစ် မတ်လ ၃ ရက် နောက်ဆုံးထား၍ ဆက်သွယ် စုံစမ်းမေး မြန်းနိုင်ပါကြောင်း သတင်း ကောင်းပါးအပ်ပါသည်။

**MTC**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၉-၂-၂၀၁၆ မှ ၆-၃-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းပိုင်ဆိုင်ရာတွင် ဉာဏ်အား စိုက်ထုတ်၍သော်လည်းကောင်း ကြိုးစားအားထုတ်မှုပြုရတတ်သည်။ စီးပွားရေးတိုးတက်မှုရှိနေမည်ဖြစ်သည်။ ဘာသာမတူလူမျိုးခြားများနှင့် စီးပွားရေးလုပ်ကိုင်နေရတတ်သည်။ ကျောင်းနေပညာရေး၊ အဝေးသင်ပညာရေး၊ လုပ်ငန်းခွင်ပညာရေးတို့ ကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးတွင် ရာသီဥတု အပြောင်းအလဲကြောင့် ဖြစ်တတ်သောရောဂါ အသံဝင်ခြင်း၊ အသံအိမ်၌ရောဂါဖြစ်ခြင်း၊ လည်ချောင်း နာခြင်းတို့သတိထားသင့်ပါသည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာတတ်သူနှင့် ကြုံတွေ့ရလိမ့် မည်။

**ယတြာ။ ။ဘုရားတွင် ရွှေပလ္လင်အားရွှေချပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတိုင်းတွင် အတိုက်အခံအပြိုင်အဆိုင်များနှင့် လုပ်ရတတ်သည်။ အခင်မင်မပျက်အပြုံးမပျက် ကြိုးစားရင်အောင်မြင်ခြင်းကို ရရှိလာတတ်ပါသည်။ ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်ပတ်သက်သော စီးပွားရေးဖြစ်ထွန်းပြီး ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေး ကျန်းမာရေးကံကောင်းနေမည်။ ခရီးဝေးသွားခြင်းဖြင့် ဆုံဆည်းရသော မိတ်ဆွေနှင့် ချစ်သူအဆင့်ရောက်ရတတ်သည်။ ဘဝလက်တွဲဖော်အဖြစ် စိတ်ကူးယဉ်မိတတ်လိမ့်မည်။

**ယတြာ။ ။ဆီမီးတိုင် ၂ တိုင် ပူဇော်၍ လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် မုန့်မျိုးစုံစားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများ တိုးတက်အောင်မြင်လိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် လျှို့ဝှက်လုပ်ငန်းများလုပ်ကိုင်ရတတ်သည်။ ပညာရေးတွင် စီမံခန့်ခွဲမှုပညာ၊ ဓာတုဗေဒပညာ စသည်တို့ အကျိုးပေးမည်။ ကျန်းမာရေးတွင် အသည်းအဆီဖုံးခြင်း၊ အသည်းနှင့် ပတ်သက်သောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျသူနှင့် ကြုံဆုံရတတ်သည်။

**ယတြာ။ ။ရဟန်းသံဃာတော်များ စာပြန်ပွဲတွင် ငွေကြေးထည့်ဝင်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများတွင် ပိုမိုလွန်ကဲသော အမြတ်အစွန်းများကို ရရှိနေလိမ့်မည်။ ခရီးသွားလုပ်ငန်း၊ ပရိဘောဂပစ္စည်းများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ အကျိုးဖြစ်ထွန်း နေမည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးတက်တတ်ပါသည်။ ပညာရေးတွင် ဝါသနာနဲ့ကိုက်ညီသော ပညာရေးကို ရွေးချယ်သင်ယူသင့်ပါသည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ရှနာဒဏ်ရာရရှိတတ်သည်။ မေ့လျော့ခြင်းလည်းဖြစ်တတ်ပါသည်။ အချစ်ရေးတွင် အတွေးအခေါ်စိတ်သဘောခြင်း မတိုက်ဆိုင်သော သူကိုမှ ချစ်သူအဖြစ်ရွေးချယ်မိတတ်သည်။

**ယတြာ။ ။ဘုရားတွင် သစ်သီး ၇ မျိုးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ဆရာသမားအကြီးအကဲတို့၏ အကူအညီများရရှိပြီး စီးပွားရေးအောင်မြင်လိမ့်မည်။ ဓာတုဗေဒပစ္စည်းများရောင်းဝယ်ထုတ်လုပ်သော စီးပွားရေးမှ အထူးဝင်ငွေရရှိလိမ့်မည်။ မီးနှင့် ပြုလုပ်ရသောလုပ်ငန်းများ ပိုမိုဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးအတွက်အကောင်းဆုံးထောက်ပံ့မှုများ ရရှိလိမ့်မည်။ ကျန်းမာရေးတွင် အိပ်ချိန်မမှန်ခြင်း၊ အိပ်ရေးပျက်ခြင်းတို့ကြောင့် ရောဂါဝေဒနာတစ်မျိုးမျိုးကို ခံစားရလိမ့်မည်။

**ယတြာ။ ။ဆေးဝါးလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလောကတွင် မာယာများနှင့် တန်ဆာဆင်ထားသည်ကို ယခုအခါ သိမြင်နားလည်သဘောပေါက်ခွင့်ရလိမ့်မည်။ ပညာရေးတွင် မိမိစိတ်ဝင်စားသော ပညာရပ်ကို သင်ယူတတ်မြောက်မှုရှိလိမ့်မည်။ ကျန်းမာရေးတွင် အစားအသောက်နှင့် ပတ်သက်ပြီးဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အထူးသဖြင့် ရေဓာတ်အားနည်းသောရောဂါဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မိမိ၏ စိတ်ကူးယဉ်မှုကို အကောင်အထည်ဖော်ဖြစ်လိမ့်မည်။ အိမ်ထောင်ရေးကိစ္စရှုပ်ထွေးမှုတော့ ရှိတတ်သည်။

**ယတြာ။ ။အပေါင်းအသင်းများအား အကြော်လှူဒါန်းကျွေးမွေး၍ လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** တည်ငြိမ်စွာလုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများတွင် မိတ်ဆွေအပေါင်းအသင်းလုပ်ဖော်ကိုင်ဖက်များကို အရင်းခံထား၍ လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ လယ်ယာသုံးပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် ယှဉ်ပြိုင်ယူရတတ်သောသဘော ရှိလိမ့်မည်။ ပညာရေးတွင် ဇီဝဗေဒ၊ ဆေးဝါးပညာ၊ စိတ်ပညာတို့ အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် အရိုးအဆစ်များ ထုံကျင်ကိုက်ခဲခြင်းရောဂါဝေဒနာခံစားရမှု သတိရှိသင့်ပါသည်။

**ယတြာ။ ။ထမင်းနဲ့လှူပါ။**

## မြန်မာနိုင်ငံ၏အလှအပဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၆၊ ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်စာများဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၆ နှင့် နိုင်ငံတကာ အားကစားနှင့် နည်းပညာရပ် ဆိုင်ရာကုန်စည်ပြပွဲများကို တစ်နေရာတည်းတွင် စုစည်းပြသသွားမည်




မြန်မာနိုင်ငံ၏ အလှအပဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၆၊ မြန်မာနိုင်ငံ၏ ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်စာများဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၆ နှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာအားကစားနှင့် နည်းပညာရပ်ဆိုင်ရာ ကုန်စည်ပြပွဲများကို မေ ၂၂ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပြပွဲ ကျင်းပရေးတာဝန်ခံထံမှ သိရသည်။

အဆိုပါ ကုန်စည်ပြပွဲများသို့ နိုင်ငံတကာအလှအပဆိုင်ရာ လုပ်ငန်း နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများနှင့် စီးပွားရေး ချိတ်ဆက်လိုသူများ၊ မြန်မာနိုင်ငံမှ အလှအပ ထုတ်ကုန်ပစ္စည်းထုတ်လုပ်သူများ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အလှအပဆိုင်ရာ ပြပွဲတွင် မြန်မာနိုင်ငံတွင် အောင်မြင်ကျော်ကြားလျက်ရှိသည့် ချန်လုံးမိတ်ကပ် ဆံပင်အလှပြင် သင်တန်းကျောင်းမှလည်း အလှအပဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို စုံလင်စွာပြသမည်ဖြစ်ပြီး ၂၀၁၆ခုနှစ်အတွက် ဆံပင်ပုံစံအမျိုးမျိုး၊ မိတ်ကပ်နှင့်ဆံပင် ပညာပြပွဲများ၊ ပြိုင်ပွဲများ၊ နောက်ဆုံးပေါ် မိတ်ကပ်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်စာများဆိုင်ရာ ကုန်စည်ပြပွဲတွင် အစားအသောက် ဖြည့်စွက်မှုနည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၊ အသိပညာဆိုင်ရာ ဗဟုသုတများဖွံ့ဖြိုးတိုးတက်ရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအစားအသောက် ဖြည့်စွက်မှု နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲသည် အနာဂတ်ကာလတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် နယ်ပယ်အသီးသီးတွင် စားသောက်ကုန်ဖြန့်ဝေမှုညှိနှိုင်းရန် ဆွေးနွေးပွဲများ၊ စီးပွားရေးလုပ်ငန်းတွေ့ကြုံမှုများ၊ ပညာရပ်ဆိုင်ရာဖလှယ်မှုများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စုစည်းပြသမည့်ကုန်စည်ပြပွဲ သုံးခုစလုံးတွင် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုများ (Business Matching)၊ စီးပွားရေးမိတ်ဖက်ရှာဖွေမှုများ၊ ဆွေးနွေးပွဲများ၊ အရောင်းကိုယ်စားလှယ်ခန့်အပ်ခြင်းများကိုပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲများသို့ နိုင်ငံတကာမှ ကုန်သည်လုပ်ငန်းရှင် စုစုပေါင်း ၆၀ ကျော်တို့ လာရောက်ပြသ ရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ သုံးခုစလုံးအား VEAS ကုမ္ပဏီက ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ပြည်မြို့သားငါးကဏ္ဍနဲ့ ဈေးကွက်ဈေးနှုန်း

ပြည်မြို့ ဈေးကြီးနဲ့ သားငါးပွဲရုံ(ရွှံ)များတွင် ဒေသတွင်းမွေးမြူရေးကန်များ၊ စီးပွားဖြစ် မွေးမြူတဲ့ ဆည်များ၊ ဧရာဝတီမြစ်တွင်းမှ ရေချိုငါးများ၊ ရေလုပ်သားများ၏ ဖမ်းဆီးရသည့်ငါး၊ ပုစွန်ထုပ်များကို ငါးရွှံများသို့ လာရောက်ပို့ကြပြီး ဈေးကွက်တစ်ခုအနေဖြင့် လုပ်ကိုင်စားသောက်လျက်ရှိကြပါတယ်။ ရန်ကုန်ဗဟိုစံပြငါးဈေးကြီး၊ သာယာဝတီ၊ လက်ပံတန်းတို့မှလည်း မွေးမြူရေးငါးဖြစ်သော ငါးကြင်းများအရွယ် ပြည်ဈေးကြီးသို့ ဝင်ရောက်လျက်ရှိလို့ အခြားမြို့များနဲ့စာရင် အသားငါးပေါတယ်လို့ ဆိုရပါတယ်။

အသားငါးပွဲရုံ (ရွှံ) များသို့ ဝင်ရောက်လာတဲ့ ယခုတစ်ပတ်ဈေးတွေကတော့ ငါးကြင်းခုတ်သား ပိဿာလွန် (သုံးပိဿာအထက်) တစ်ပိဿာဈေး (ပွဲရုံဈေး) ၄၂၀၀ ကျပ်၊ ၇၀ ကျပ်သားမှ တစ်ပိဿာအောက် (လတ်) တစ်ပိဿာဈေး ၃၀၀၀ ကျပ်နဲ့ (အသေး) ၂၀ ကျပ်သားနဲ့ ၃၅ ကျပ်သားဝန်းကျင် တစ်ပိဿာကို ၂၄၀၀ ကျပ်တို့ဖြစ်ပါတယ်။

ဒေသတွင်း လက်လီရောင်းဈေးတွေကတော့ (ခုတ်သား) (ကြီး) တစ်ပိဿာ ၆၀၀၀ ကျပ်၊ (လတ်) တစ်ပိဿာ ၃၅၀၀ ကျပ်၊ (အသေး) ၃၀၀၀ ကျပ်တို့ဖြင့် ဈေးကွက်တွင် ရောင်းချလျက်ရှိပါတယ်။ ဒေသစုံမှ တစ်နေ့ကို ပြည်ပွဲရုံများသို့ ငါးကြင်းဆိုဒ်စုံ ပိဿာချိန် ၁၀၀၀ ခန့်အဝင်ရှိပြီး ဒေသတွင်း ဖြန့်ဖြူးရောင်းချ ပေးသည့်ဈေးကွက် အရောင်းအဝယ်တွင် ပိဿာချိန် ၇၀၀ နီးပါးဖြစ်ကြောင်း သိရပါတယ်။ ယခုနှစ်ငါးဈေးမှာ ယခင်နှစ်ထက်စာရင် အနည်းငယ် မြင့်တက်နေပါတယ်။ သဘာဝဘေးမကြုံရင် ငါးမွေးမြူရေးသမားတွေ အမြတ်ရ တွက်ခြေကိုက်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ယင်းမာပင်ခရိုင်တွင် ငရုတ်စိုက်တောင်သူများ အဆင်ပြေ

ယင်းမာပင်ခရိုင်မှာ စားဖိုဆောင်သီးနှံဖြစ်တဲ့ ငရုတ်ကို ဆင်တဲ၊ ဆင်စွယ်၊ ရင်ပေါင်တိုင်၊ ပုထိုးသား၊ ပုပ္ပါး၊ ရွာသစ်စတဲ့ ကျေးရွာများမှာ စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ အဦးဆုံးသီးသော ငရုတ်ဂွသီးများကို အစိမ်းအဖြစ် ခူးဆွတ်ရပြီး အစိုဂွသီး အချိန် ပိဿာ ၃၀ အတွက် ဝင်ငွေ ၄၅၀၀၀ ကျပ်ရရှိပါတယ်။

ငရုတ်သီးရင့်မှည့်ချိန်မှာ ငရုတ်မှည့် ငါးကြိမ်ခူးဆွတ်ရပြီး စုစုပေါင်း ငရုတ်မှည့် အချိန် ၁၀၀၀ ရရှိပါတယ်။ ငရုတ်သီးမှည့်အစို တစ်ပိဿာကို ၁၀၀၀ ကျပ်ရောင်းရတဲ့အတွက် တစ်ဧကဝင်ငွေ ကျပ် ၁၀ သိန်းရရှိပါတယ်။

ငရုတ်စိုက်ခင်းများသို့ ပွဲစားများ လာရောက်ဝယ်ယူကြပြီး ငရုတ်ခြောက်လုပ်ငန်းကို ပေါင်းခံ၍ အခြောက်လှန်းတဲ့ ငရုတ်သီးများက အရောင်လှပေမယ့် တာရှည်စွာသိုလှောင်ပါက အစိုဓာတ်ပြန်ပြီး မှိုတက်တတ်ပါတယ်။ နေဖြင့်အခြောက်ခံပါက တာရှည်စွာနေလှန်းရခြင်းကြောင့် အရောင်များ အနည်းငယ်ဖျော့ခြင်းမျိုး ဖြစ်တတ်တယ်လို့ ဆိုပါတယ်။

ယင်းမာပင်ခရိုင်ရှိ ငရုတ်သီးမှည့်ဈေးနှုန်းမှာ သဘာဝအခြောက် တစ်ပိဿာ ၅၀၀၀ ကျပ်နဲ့ ပေါင်းခံအခြောက် တစ်ပိဿာ ၄၀၀၀ ကျပ်ရှိကြောင်း၊ ငရုတ်စိုက်တောင်သူ ပုလဲမြို့နယ်၊ ပုထိုးသာရွာမှ ဦးခင်မောင်အေးက ပြောပါတယ်။

**သန်းပို-ယင်းမာပင်**

# မြို့ကြီးများ၏ ၂၉-၂-၂၀၁၆ မှ ၄-၃-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၂-၂၀၁၆) | အင်္ဂါ(၁-၃-၂၀၁၆) | ဗုဒ္ဓဟူး(၂-၃-၂၀၁၆) | ကြာသပတေး(၃-၃-၂၀၁၆) | သောကြာ(၄-၃-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၇°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| လားရှိုး | ၄၀% ၂၄°C/၇၅°F | ၄၀% ၂၄°C/၇၆°F | ၅၀% ၂၆°C/၇၉°F | ၃၀% ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၄၀% ၂၃°C/၇၃°F | ၅၀% ၂၆°C/၇၈°F | ၄၀% ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F |
| လွိုင်ကော် | နေသာ ၂၅°C/၇၇°F | ၄၀% ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| တောင်ကြီး | ၄၀% ၂၀°C/၆၈°F | ၅၀% ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၂°C/၇၃°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ဘားအံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| ထားဝယ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F |
| မိုးညှင်း | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြိတ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၅°C/၉၅°F |
| စစ်တွေ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| မကွေး | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၃°C/၉၃°F |
| ဖလမ်း | ၃၀% ၁၉°C/၆၇°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F |

## ယခုနှစ်သည် မီးခိုးများဖုံးလွှမ်းမှု အဆိုးရွားဆုံးနှစ်ဖြစ်လာမည်ကို စိုးရိမ်လျက်ရှိသည်ဟု ထိုင်းရာသီဥတု ကျွမ်းကျင်သူများကဆို

အယ်လ်နီညိုရာသီဥတု ပြင်းထန်လာမှုနှင့် အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုများကြောင့် ယခုနှစ်သည် ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် မီးခိုးများဖုံးလွှမ်းလာမှုသည် အဆိုးရွားဆုံး နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း ထိုင်းနိုင်ငံရာသီဥတုကျွမ်းကျင်သူများက မှတ်ချက်ပြုပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် လောင်ကျွမ်းနေဆဲဖြစ်သည့် တောမီးများသည် ထိန်းချုပ်ထား၍ ရနိုင်သော်လည်း ဆက်လက်လောင်ကျွမ်းဆဲအနေအထားတွင် ရှိနေသဖြင့် အယ်လ်နီညို၏အရှိန်ကြောင့် မီးခိုးများပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးခိုးများ ဖြစ်ပေါ်မှုသည် ၁၉၉၈ ခုနှစ်ကဖြစ်ပေါ်ခဲ့သည့် မီးခိုးဖုံးလွှမ်းမှုထက် ပိုမိုဆိုးရွားနိုင်ကြောင်း သုံးသပ်လျက်ရှိသည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ၁၉၉၈ ခုနှစ်က မိုးခေါင်ခြောက်သွေ့မှုကြောင့် လယ်မြေစိုက်ဧကပေါင်း ရိုင် ခုနစ်သိန်း ပျက်စီးဆုံးရှုံးခဲ့ရပြီး အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောစိုက်ဧရိယာပေါင်း ရိုင် သန်း ၂၀ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

“၁၉၉၈ခုနှစ်ကလိုမျိုးပဲ။ အယ်လ်နီညိုရဲ့သက်ရောက်မှုက ပိုပြီးဆိုးလာတယ်။ မီးခိုးငွေ့တွေက အခုအချိန်မှာပဲ အများကြီးဖြစ်လာပြီ။ အင်ဒိုနီးရှားက တောမီးလောင်ကျွမ်းမှုကို အဆုံးမသတ်နိုင်ဘူးဆိုရင် ဒီမီးခိုးငွေ့တွေကြောင့် ကျွန်တော်တို့နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေကိုပါ သက်ရောက်မှုတွေ ရှိသွားနိုင်ပါတယ်။ အယ်နီညိုရဲ့ တစ်ကျော့ပြန်သက်ရောက်မှုက ဒီနှစ်မှာ အဆိုးဆုံးကို ကြုံတွေ့နိုင်ပါတယ်”ဟု တောမီးလောင်ကျွမ်းမှုများအား ထိန်းချုပ်ကာကွယ်ရေးအဖွဲ့၏ ဒါရိုက်တာ ဒေါက်တာဆီရီအာကာကာရာက ပြောကြားခဲ့သည်။

ပြီးခဲ့တဲ့နှစ်က ထိုင်းနိုင်ငံတစ်ဝန်းမှာ ဇန်နဝါရီ ၁ ရက်ကနေ ဖေဖော်ဝါရီ ၂၄ ရက်အထိ လေထုအရည်အသွေးတိုင်းတာချက်တွေအရ အဆင့်ခုနစ်ကိုရောက်ရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## ဖီဂျီနိုင်ငံတွင် အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ် ၄၂ ဦး သေဆုံးပြီး တစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ကျွန်းနိုင်ငံလေးတစ်နိုင်ငံဖြစ်သည့် ဖီဂျီနိုင်ငံတွင်းသို့ အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်စတန်ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူ ၄၂ ဦး သေဆုံးခဲ့ရပြီး လူပေါင်း တစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။

လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၂၀၀ ခန့်အင်အားရှိသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်စတန်ကြောင့် ဖီဂျီနိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ရကြောင်း၊ သေဆုံးသူများမှာ မြေပြိုကျမှုများကြောင့်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဖီဂျီကျွန်းနိုင်ငံလေးတွင် လူဦးရေပေါင်း ကိုးသိန်းကျော်နေထိုင်ကြပြီး ကျွန်းပေါင်း သုံးရာကျော်ရှိသည့်အနက် ကိုရိုကျွန်းသည် ဝင်စတန်မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို အများဆုံးခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါဒေသသို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က အကူအညီများ လာရောက်ပေးအပ်ခဲ့ကြောင်း၊ ကိုရိုကျွန်းသည် ဖီဂျီနိုင်ငံ၏ သတ္တမမြောက်အကြီးဆုံးသော ကျွန်းတစ်ကျွန်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

“ဖီဂျီနိုင်ငံမှာက ဆိပ်ကမ်းတွေ အများကြီးရှိနေတဲ့အတွက် ဘယ်ဆိပ်ကမ်းက ထိခိုက်မှုအများဆုံးဖြစ်မလဲဆိုတာကို လိုက်ပြီးစစ်ဆေးနေတုန်းပါ။ ဆိပ်ကမ်းတော်တော်များများကတော့ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ကိုရိုကျွန်းမှာရှိတဲ့ဆိပ်ကမ်းပါ။ အခုလိုဆိပ်ကမ်းတွေ တော်တော်များများ ပျက်စီးခဲ့ရတဲ့အတွက် အကူအညီတွေကို ရေကြောင်းကနေ ပို့ပေးဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ဒါကြောင့်လည်း အကူအညီပေးဖို့ နောက်ကျနေရတာပါ”ဟု ဖီဂျီနိုင်ငံအခြေစိုက်Care Australia မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒိုင်လင်းကွင်းန်က ပြောကြားခဲ့သည်။

ဖီဂျီနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ ဖီဂျီနိုင်ငံတစ်ဝန်းလုံးရှိ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း၊ စာသင်ကျောင်းများလည်း ပျက်စီးခဲ့ရကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဖီဂျီပြည်သူပြည်သားများသည် တဲအိမ်များ၊ သံတိုင်အိမ်များကို ယာယီတဲများအဖြစ် ဆောက်လုပ်ကာနေထိုင်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရေးအတွက် Save the Children အဖွဲ့က ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

Domestic Sport News
Vol: 16, No.9 Monday February 29 2016




# ရန်ကုန်ယူနိုက်တက်အသင်းနှင့် FNI Insurance တို့ ဒေါ်လာ သုံးသိန်းတန် တစ်နှစ်သက်တမ်းရှိ စပွန်ဆာစာချုပ် ချုပ်ဆို

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၆ ခုနှစ် ဘောလုံးရာသီအတွက် အဓိကပံ့ပိုးပေးသည့် စပွန်ဆာ စာချုပ်အဖြစ် FNI Insurance ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာသုံးသိန်းတန်ကြေးရှိသည့် စာချုပ်တစ်ရပ်ကို ဖေဖော်ဝါရီ ၂၀ ရက်က ချုပ်ဆိုလိုက်ကြောင်း သိရသည်။

အဆိုပါစာချုပ် ချုပ်ဆိုပွဲကို ရန်ကုန်ယူနိုက်တက်အသင်း၏မြက်ခင်းတုကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သက်တမ်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ယူနိုက်တက် အသင်းကို အခုလို စပွန်ဆာပေးနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ မြန်မာနိုင်ငံမှာ အကောင်းဆုံးအသင်းပါ။ ပြီးခဲ့တဲ့နှစ်တုန်းကလည်း FNI Insurance ကုမ္ပဏီအနေနဲ့ ရန်ကုန်ယူနိုက်တက်ကို စပွန်ဆာပေးခဲ့တဲ့အချိန်မှာ အောင်မြင်မှုရရှိခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ အခုလည်း အာရအဆင့်ပြိုင်ပွဲမှာ ရန်ကုန်ယူနိုက်တက်အသင်း ဂျာစီရဲ့ရင်ဘတ်ပေါ်မှာ FNI ရဲ့ တံဆိပ်ကို မြင်တွေ့ရတော့မှာမို့ ကျေနပ်မိပါတယ်။ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အကောင်းဆုံး ထောက်ပံ့ပေးဖို့ FNI က ရည်မှန်းထားပါတယ်"ဟု FNI Insurance ကုမ္ပဏီ၏ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကိုကိုတင်ဝင်းက ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်း၏ အမှုဆောင်အရာရှိချုပ်ကလည်း "FIN ရဲ့ကူညီမှုအတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်ယူနိုက်တက်အသင်းရဲ့ အောင်မြင်မှုအပြင် FNI ရဲ့အောင်မြင်မှုအတွက်ပါ ပူးပေါင်းလုပ်ဆောင်သွားကြမှာပါ"ဟု ပြောကြားခဲ့သည်။

FNI Insurance ကုမ္ပဏီသည် ရန်ကုန်ယူနိုက်တက်အသင်းအား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှစ၍ စပွန်ဆာပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပံ့ပိုးမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

# ၂၀၁၆ ဆူဇူကီးဖလား ပူးတွဲအိမ်ရှင်အဖြစ်မှ ဖိလစ်ပိုင်အသင်း နုတ်ထွက်

၂၀၁၆ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသောဖိလစ်ပိုင်နိုင်ငံသည် အိမ်ရှင်အဖြစ်မှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။



အာဆီယံဘောလုံးအဖွဲ့ချုပ် ဆူဇူကီးဖလား (AFF Suzuki Cup) စည်းမျဉ်းအရ ပရိသတ်သုံးသောင်းဝင်ဆံ့သည့် ဘောလုံးကွင်း၌ ကျင်းပရမည့်အစားပရိသတ်နှစ်သောင်းသာ ဆံ့သည့်ကွင်းတွင်ကျင်းပရန် ဖိလစ်ပိုင်ဘောလုံးအဖွဲ့ချုပ်က စီစဉ်ခဲ့သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်က ခွင့်ပြုခြင်းမရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အစားထိုးအိမ်ရှင်နိုင်ငံများအဖြစ် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်တို့ရှိနေကြပြီး ၂၀၁၄ ခုနှစ် ဆူဇူကီးဖလား အိမ်ရှင်များဖြစ်သည့် စင်ကာပူနှင့် ဗီယက်နမ်တို့ကိုကျော်လွှားကာ မလေးရှားနိုင်ငံအား အိမ်ရှင်နိုင်ငံအဖြစ် အစားထိုးဖွယ်ရှိနေကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံနှင့်ပူးတွဲကျင်းပမည့် အစားထိုး အိမ်ရှင်နိုင်ငံအမည်စာရင်းကို မတ် ၁၂ရက်တွင်ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အိမ်ရှင်မြန်မာနိုင်ငံက အုပ်စု(က) ပွဲစဉ်များကို လက်ခံကျင်းပခွင့်ရရှိထားသည်။

၂၀၁၄ ခုနှစ်က စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၀၁၄ ဆူဇူကီးဖလား ပြိုင်ပွဲတွင် မြန်မာအသင်းသည် ခြေစစ်ပွဲကို ဖြတ်ကျော်နိုင်ခဲ့သော်လည်း အုပ်စုအဆင့်တွင် သုံးပွဲကစားတစ်ပွဲသရေ နှစ်ပွဲရှုံးရလဒ်ဖြင့် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို လေးဂိုး-နှစ်ဂိုး၊ မလေးရှားအသင်းကို ဂိုးမရှိသရေတို့ဖြင့်သာ ကစားနိုင်ခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ထို့ကြောင့် ယခုနှစ်တွင် ကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ထိုစဉ်က ခြေစစ်ပွဲကို လာအိုနိုင်ငံ၌ကျင်းပခဲ့ရာ အိမ်ရှင်လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တီမောလက်စ်လေ၊ ဘရူနိုင်းနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြရာ မြန်မာအသင်းနှင့် အိမ်ရှင် လာအိုအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

# ဒုတိယအကျော့တွင် ပြည်ပကစားသမားများ ခေါ်ယူခွင့်မရရှိခဲ့ပါက တန်းမဆင်းရရေး အာမခံချက် မပေးနိုင်ဟု ဆောက်သမ်းနည်းပြချုပ် ပြောကြား

ကျင်းပလျက်ရှိသည့် Ooredoo MNL 2016 တွင် နိုင်ငံခြားသားကစားသမားများ ခေါ်ယူခြင်းမရှိဘဲ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်နေသည့် ဆောက်သမ်းမြန်မာအသင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ် ဒုတိယ အကျော့တွင်နိုင်ငံခြားသားကစားသမား ခေါ်ယူခြင်းမရှိပါက ရာသီကုန်တွင် တန်းမဆင်းရရေးအတွက် အာမခံချက်မပေးနိုင်ကြောင်း ဆောက်သမ်းမြန်မာနည်းပြချုပ် ဦးမြလွင်က ပြောကြားခဲ့သည်။

ဆောက်သမ်းမြန်မာအသင်း၏ တာဝန်ရှိသူများထံသို့ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့တွင် နိုင်ငံခြားသားကစားသမား ခေါ်ယူခွင့်ပေးရန် တောင်းဆိုထားပြီး လက်ရှိမြန်မာနေရှင်နယ်လိဂ်အသင်းများတွင် အရေးကြီးသည့် အဆုံးအဖြတ်ဂိုးများကို ပြည်ပကစားသမားများကသာ သွင်းယူနေသည့်အတွက်အသင်း၌ နိုင်ငံခြားသားကစားသမား လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်းမြန်မာအသင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၇) အပြီးတွင် နိုင်ပွဲမရရှိသေးဘဲ ရမှတ် နှစ်မှတ်သာရရှိထားသည့်အသင်း တစ်သင်းဖြစ်ပြီး နည်းပြချုပ်အနေဖြင့် ပထမအကျော့ လက်ကျန်ပွဲစဉ်များတွင် ရမှတ် ၁၀ မှတ်ခန့် ရယူသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

ဆောက်သမ်းမြန်မာနည်းပြချုပ်အနေဖြင့် Ooredoo MNL 2016 ရာသီမစတင်မီက နိုင်ငံခြားသားကစားသမားများ ခေါ်ယူပေးရန် တောင်းဆိုခဲ့သော်လည်း ကစားသမားခေါ်ယူရန် အချိန်မမီသောကြောင့် ခေါ်ယူပေးနိုင်ခြင်းမရှိခဲ့ကြောင်း ဆောက်သမ်းမြန်မာအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

# ကွင်းလယ်ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်က အရမ်းကို နားလည်ရခက်ပါတယ်ဟု ရတနာပုံလူငယ်နည်းပြချုပ် ဦးကျော်တင့်ဆို

ရတနာပုံ လူငယ်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးကျော်တင့်က ကွင်းလယ်ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များသည် အလွန်နားလည်ရခက်ကြောင်း ပြောကြားခဲ့သည်။

Ooredoo MNL(Youth) 2016 အမှတ်ပေးပြိုင်ပွဲ၏ ပွဲစဉ်(၆) အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ရတနာပုံ လူငယ်အသင်းနှင့် ဟံသာဝတီယူနိုက်



တက်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ရတနာပုံ လူငယ်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးကျော်တင့်က "ကွင်းလယ်ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်တွေက တကယ့်ကို နားလည်ရခက်ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ရသင့်ရထိုက်တဲ့ ပြစ်ဒဏ်ဘောတွေကို လျစ်လျူရှုခဲ့ပါတယ်။ နောက်ပြီးတစ်ဖက်အသင်းက ရရှိခဲ့တဲ့ ပယ်နယ်တီပြစ်ဒဏ်ဘောကလည်း တကယ့်ကို မဖြစ်သင့်ပါဘူး"ဟု ပြောကြားခဲ့သည်။

ရတနာပုံ လူငယ်အသင်းသည် ယခုလက်ရှိတွင် ငါးပွဲကစားထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ်ခုနစ်မှတ်ဖြင့် အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိသည်။

# နိုင်ပွဲ ခုနစ်ရာ ပြည့်မြောက်ခဲ့သည့် ဂျိုကိုဗစ်မျက်စိဒဏ်ရာကြောင့် ဒူဘိုင်းတင်းနစ်ပြိုင်ပွဲတွင် ရှုံးပွဲစတင်ကြုံတွေ့




ကမ္ဘာ့အဆင့်တစ် တင်းနစ်ချန်ပီယံအဖြစ် နှစ်ပေါင်းများစွာ ရယူထားခဲ့သည့် ဆားဘီးယားတင်းနစ်ချန်ပီယံ ဂျိုကိုဗစ်သည် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ၎င်း၏ကစားသမားဘဝ နိုင်ပွဲပေါင်း ခုနစ်ရာပြည့်မြောက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၅ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် စတင်ရှုံးပွဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဂျိုကိုဗစ်သည် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက် ဖယ်လီစီနိုလိုပက်ဇ်ကို ပထမပွဲငယ်တွင်ပင် ၆-၃ ဖြင့် ရှုံးနိမ့်ခဲ့ရသလို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အဆိုပါပွဲတွင် ဂျိုကိုဗစ်သည် ပထမပွဲငယ်မှာပင် မမှားသင့်သည့် အမှားပေါင်း ၁၈ ခုကိုပြုလုပ်ခဲ့သဖြင့် နိုင်ငံခြေအဆင့်(၆)ရှိ စပိန်တင်းနစ်သမား ဖယ်လီစီနိုလိုပက်ဇ်ကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျိုကိုဗစ်သည် ဒူဘိုင်းသို့ စတင်ရောက်ရှိစဉ်ကတည်းကပင် မျက်စိဝေဒနာကို စတင်ခံစားနေရခြင်းဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်ခဲ့စဉ်က အဆိုပါဝေဒနာမှာ သိသာစွာ ပေါ်လာခြင်းမရှိသေးကြောင်း၊ ထို့ကြောင့် ဒုတိယအကျော့ပွဲဖြစ်သည့် တူနီးရှားတင်းနစ်ကစားသမား မာကီလီဂျာဇီရီကိုအနိုင်ရရှိကာ နိုင်ပွဲပေါင်း ခုနစ်ရာပြည့်မြောက် ခဲ့ခြင်းဖြစ်ကြောင်း ဂျိုကိုဗစ်က ပြောကြားခဲ့သည်။

“ကျွန်တော် ဒူဘိုင်းက စရောက်ကတည်းက မျက်စိနာနေခဲ့တာ။ မျက်စိက တော်တော်လေးကို နာနေတာ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက မျက်စိနာနေခဲ့တာပါ။ ကံမကောင်းခဲ့ပါဘူး။ နိုင်ပွဲ ခုနစ်ရာပြည့်မြောက်ပြီးမှ စပြီး ရှုံးပွဲနဲ့ကြုံခဲ့ရတယ်။ ဒါဟာ ကျွန်တော့်အတွက် တကယ့်ကို ဆိုးရွားတဲ့ ပြဿနာတစ်ရပ်ပါ။ ဘယ်နေရာကနေ ကူးလာသလဲဆိုတာ မသိတော့ဘူး။ ဒီလိုဖြစ်ရပ်မျိုးကတော့ တကယ့်ကို စိတ်မကောင်းစရာဖြစ်ရပ်မျိုးပါ။ နိုင်သင့်တဲ့ ပွဲမျိုးမှာ ပထမပွဲငယ်မှာကတည်းက အရှုံးပေးပြီး ဆက်မကစားနိုင်လို့ ပွဲက ထွက်လိုက်ရတယ်”ဟု ၎င်းကပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဒူဘိုင်းချန်ပီယံရှစ်ဖလား လေးကြိမ်ရရှိထားသူတစ်ဦးဖြစ်သကဲ့သို့ အဓိကဖလားပြိုင်ပွဲပေါင်း ၁၁ ပွဲတွင်လည်း အနိုင်ရရှိထားသူတစ်ဦးဖြစ်သည်။

“ဒီပွဲမှာ အကောင်းဆုံးပြိုင်ဘက်နဲ့တွေ့ပြီးမှ ဆက်မပြိုင်ရတာဟာ ကျွန်တော့်အတွက် အခွင့်အရေးတစ်ခုကို လက်လွှတ်လိုက်ရသလိုပါပဲ။ ဂျိုကိုဗစ်ဟာ ကျွန်တော့်ရဲ့ အကောင်းဆုံးပြိုင်ဘက်ပါ။ သူ အခုလို မျက်စိဒဏ်ရာကြောင့် နုတ်ထွက်သွားခဲ့ရတဲ့အတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိပါတယ်”ဟု အသက် ၃၄ နှစ်အရွယ်ရှိ လိုပက်ဇ် က ပြောကြားခဲ့သည်။

# အွန်လိုင်းပရိသတ် သန်း ၂၀၀ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် ရော်နယ်ဒိုရပ်တည်




ရီးရဲလ်မက်ဒရစ်၏ ကမ္ဘာကျော်ဘောလုံးသမား စီရော်နယ်ဒိုသည် အွန်လိုင်းပရိသတ် သန်း ၂၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားဖြစ်လာကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ဖေ့စ်ဘုတ်ပရိသတ် ၁၀၉ ဒသမ ၇ သန်း၊ အင်စတာဂရမ်တွင် ပရိသတ် ၄၉ ဒသမ ၆ သန်း၊ တွစ်တာတွင် ၄၀ ဒသမ ၇သန်း ပရိသတ်အင်အားရှိနေပြီဖြစ်သည်။

ထို့ကြောင့် ၎င်း၏အွန်လိုင်းပရိသတ် စုစုပေါင်း အရေအတွက်မှာ ၂၀၀,၀၅၈,၄၉၄ ဦးရှိနေပြီဖြစ်သည်ဟု ဆိုရှယ်မီဒီယာများကို သုတေသနပြုလုပ်နေသည့် Hookit.com က ထုတ်ဖော်ကြေညာခဲ့သည်။

စီရော်နယ်ဒိုသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီထံ လွှဲပြောင်းပေးခဲ့ရသော်လည်း အွန်လိုင်းစာမျက်နှာများတွင်မူ မက်ဆီကိုအသာရနေသူဖြစ်သည်။

မက်ဆီသည်လည်း ဖေ့စ်ဘုတ်နှင့် အင်စတာဂရမ်တို့ကို အသုံးပြုသော်လည်း တွစ်တာကို အသုံးပြုခြင်းမရှိပေ။ ထို့ကြောင့် မက်ဆီ၏အွန်လိုင်းပရိသတ်မှာ သန်း ၁၂၀ ကျော်သာရှိသည်။

အွန်လိုင်းပရိသတ် သန်း ၂၀၀ ကျော်သွားပြီဖြစ်သည့် စီရော်နယ်ဒိုက ၎င်းအနေဖြင့် ပရိသတ်အင်အားများပြားစွာရှိနေသဖြင့် အနာဂတ်တွင် ဟောလီဝုဒ်၌ သရုပ်ဆောင်လုပ်ရန် ရည်ရွယ်ထားကြောင်း ရော်နယ်ဒိုက ပြောကြားခဲ့သည်။

“ဟောလီဝုဒ်မှာ သရုပ်ဆောင်လုပ်ဖို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ အခုတော့ မဟုတ်သေးပါဘူး။ ကျွန်တော့်ကို ကမ်းလှမ်းထားတာတွေရှိနေပါတယ်။ ဒီအလုပ်က ကျွန်တော်စိတ်ဝင်စားတဲ့ အလုပ်ပါ”ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။




## အိုလံပစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော်လည်း တိုင်ဆန်ဖူရီနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အဓိကထားဟု ဝလာဒီမာဆို

ယူကရိန်းလက်ဝှေ့ကျော် ဝလာဒီမာကလစ်ရှ်ကိုက ၎င်းအနေဖြင့်အိုလံပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်စိတ်ဝင်စားသော်လည်း ၎င်း၏အဓိက ပစ်မှတ်မှာ တိုင်ဆန်ဖူရီနှင့်ထိုးသတ်ရန်သာဖြစ်ကြောင်း မေးလ်အွန်လိုင်းသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၉ နှစ်အရွယ်ရှိ ကလစ်ရှ်ကိုသည် ၁၉၉၆ခုနှစ်ကကျင်းပခဲ့သည့် အတ္တလန်တာအိုလံပစ်ပြိုင်ပွဲ၏ စူပါဟဲဗီးဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ကာ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝသို့ ကူးပြောင်းခဲ့သည်။

ကလစ်ရှ်ကိုသည် ၂၀၁၆ခုနှစ် ရီအိုဒီဂျနေရိုးအိုလံပစ်ပြိုင်ပွဲတွင် ဝင် ရောက်ယှဉ်ပြိုင်ရန်မှာ တိုင်ဆန်ဖူရီနှင့် စိန်ခေါ်ပွဲကြောင့်ဖြစ်မလာနိုင်သော်လည်း ၂၀၂၀ ပြည့်နှစ် အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

သို့သော် အိုလံပစ်ပြိုင်ပွဲများ၏ စည်းကမ်းချက်များအရ အသက် ၄၀ အထိသာသတ်မှတ်ထားသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အသက် ၄၃နှစ်ပြည့်မည့် ကလစ်ရှ်ကိုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် တောင်းဆိုထားခြင်းဖြစ်သည်ဟု ဆိုသည်။ ၂၀၂၀ ပြည့်နှစ် အိုလံပစ်ပွဲတော်ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပမည် ဖြစ်သည်။

# ဘရာဇီးဘောလုံးအကျော်အမော် ရော်နယ်ဒိုအား အီတလီနိုင်ငံ၏ ထင်ရှားသူများ ဆုချီးမြှင့်ပွဲတွင် မန်စီနီ၊ ဗယ်ယာလီတို့နှင့်အတူချီးမြှင့်



ဘရာဇီးနိုင်ငံမှ ဂန္ထဝင်ဘောလုံးသမားကြီး ရော်နယ်ဒိုအားအီတလီနိုင်ငံ ထင်ရှားကျော်ကြားသူများ ဆုချီးမြှင့်ရေးအဖွဲ့ အီတလီနိုင်ငံ၏ ဘောလုံးအကျော်အမော်များဖြစ်သည့် ရော်ဘတ်တိုမန်စီနီ၊ ဂီယန်လူကာဗယ်ယာလီတို့နှင့်အတူ Italian Hall of Fame ဆုကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ရော်နယ်ဒိုသည် အီတလီနိုင်ငံ၏ အထင်ရှားဆုံးသော စီးရီးအေဘောလုံးပြိုင်ပွဲ၏ ကလပ်အသင်းများဖြစ်သည့် အေစီမီလန်နှင့် အင်တာမီလန်အသင်းတို့တွင် ပါဝင်ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများဖြင့် ဘရာဇီးနိုင်ငံ ကိုရင်သီယန်ကလပ်အသင်းသို့ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဘောလုံးသမားဘဝမှ အနားယူထားပြီးဖြစ်သော်လည်း ရော်နယ်ဒိုသည် ၎င်း၏နေအိမ်တွင် ဘောလုံးကစားခြင်းအလုပ်ကို ဆက်လက်လုပ်ဆောင်နေဆဲပင်ဖြစ်ကြောင်း၊ ၎င်းရှိနေချိန်တွင် အင်တာမီလန်အသင်းသာမက အေစီမီလန်အသင်းပါ အောင်မြင်မှုသရဖူများကို စိုက်ထူနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းအား အီတလီနိုင်ငံ၏ ထင်ရှားသူများစာရင်းတွင် ထည့်သွင်းကာ ဂုဏ်ပြုပေးရခြင်းဖြစ်ပါကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ အီတလီနိုင်ငံသားများနှင့်တန်းတူ ဂုဏ်ပြုခံရခြင်းနှင့်ပတ်သက်၍ ဘရာဇီးနိုင်ငံသား ရော်နယ်ဒိုက “ဘောလုံးဟာ ကျွန်တော့်အသက်ကျွန်တော့်ဘဝပါ။ အီတလီနိုင်ငံဟာ ကျွန်တော့်ရဲ့အကောင်းဆုံးဘဝကို ဖန်တီးပေးနိုင်ခဲ့တယ်။ အဲဒီအချိန်တုန်းက ခက်ခဲတဲ့အချိန်တွေကို ပင်ပန်းစွာနဲ့ ဖြတ်သန်းခဲ့ရပါတယ်။ ကျွန်တော်ထင်ပါတယ်။ ကျွန်တော် ပြည်သူတွေကို ဖျော်ဖြေပေးနေတဲ့ကစားသမား တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။ အီတလီနိုင်ငံမှာ ကျွန်တော် ဘောလုံးကစားခဲ့တယ်လို့ ကျွန်တော်ပြောနိုင်တာကြောင့် အဲဒီ သမိုင်းကတော့ ကျွန်တော့်ဘဝမှာ အလှပဆုံးအချိန်ပါပဲ”ဟု ရော်နယ်ဒိုကပြောကြားခဲ့သည်။

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဗိုလ်တထောင်မြို့နယ် ချမ်းမြေ့ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုများ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်နှင့် ဆေးဝါးများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန် ရုံးခွဲ)နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ချမ်းမြေ့ဈေး၌ ဈေးရောင်းချသူများအား စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ဈေးအတွင်း ရောင်းချလျက်ရှိသည့်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ဦးစီးမှူးရုံးမှ ဌာနစုမှူး ဦးသိန်းငွေက ဈေးအတွင်း ရောင်းချသူများအား စားသုံးရန်နှင့်ရောင်းချရန် သင့်/မသင့်သည့်ပစ္စည်းများအကြောင်းပြောကြားပြီးကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် စတင်ပြဋ္ဌာန်းခြင်းနှင့် ဥပဒေတွင်ပါရှိသည့် အခန်း(၁၂)ခန်း အနက် သိသင့်သိထိုက်သည့် အခန်းများတွင်ပါရှိသော စားသုံးသူ၊ စားသုံးသူ အကာအကွယ်ပေးရေး၊ ကုန်စည်၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်းရှင် စသည့် စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဥပဒေ၏ ရည်ရွယ်ချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူ တိုင်ကြားမှုများ ဖြေရှင်းရန် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ ဖွဲ့စည်းထားရှိမှု၊ ပြည်နယ်နှင့်တိုင်းများတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ တိုင်ကြားမှုများကို တိုင်ကြားလိုပါက နှုတ်ဖြင့် သို့မဟုတ် စာဖြင့် ဌာနသို့တိုင်ကြားနိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာတွင် ကြော်ငြာထားသော မြေပဲဆီနှင့် စားအုန်းဆီအရော များ၊ စားသောက်ကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို ရောင်းချမှု မပြုလုပ်ရန်နှင့် စားသောက်ကုန်များ ရောင်းချသောဆိုင်များအနေဖြင့် ကော်ခွက်၊ ဖော့ခွက်၊ မယ်လမင်းပန်းကန်များ အသုံးပြုခြင်းကိုရှောင်ကြဉ်ရန်၊ အစားအသောက်ဘေးကင်းလုံခြုံမှုရှိစေရန် စားသောက်မှုပုံစံများ ပြောင်းလဲခြင်းဖြင့် ၂၀၃၀ပြည့်နှစ်တွင် ဖြစ်ပွားနိုင်မည့် ကင်ဆာရောဂါလူနာအသစ် ၂၂ သန်းတွင် မပါဝင်စေရန် ကျန်းမာရေးအသိ၊ သတိတို့ဖြင့် နေထိုင်၍သက်ရှည်ကျန်းမာနေထိုင်နိုင်မည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခိုင်စုမြတ်က မိမိဌာန၏ ဆောင်ရွက်ချက်များကိုလည်းကောင်း ၊ စားသောက်ကုန်နှင့် ဆေးဝါးများ ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားနိုင်ရန် ထောက်ခံချက်ထုတ်ပေးခြင်း၊ စစ်ဆေးခြင်း၊ အစားအသောက်ထုတ်လုပ်မှုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ စတင်ခြင်းဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထားရှိမှုသည်လည်း အရေးပါကြောင်း၊ပြုပြင်ထုတ်လုပ်သော စက်ရုံများအနေဖြင့်လည်း သန့်ရှင်းသပ်ရပ်မှုရှိရန်လိုကြောင်း၊ ကုန်ကြမ်းကောင်းမွန်မှ ကုန်ချောကောင်းမွန်မည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း အမှတ်တံဆိပ်၊ စားသောက် ကုန်အမျိုးအစား၊ ပါဝင်ပစ္စည်းများ၊ ညွှန်ကြားချက်၊ အလေးချိန်ဖော်ပြချက်များကို သေချာကြည့်ရှုရန်လိုအပ်ကြောင်း အဓိကအားဖြင့် ထုတ်လုပ်ရက်စွဲနှင့် ကုန်ဆုံးရက်စွဲကို မဖြစ်မနေ ကြည့်ရှုရန်လိုကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဈေးရောင်းချသူများအနေဖြင့် မိမိတို့ရောင်းချသည့် ကုန်ပစ္စည်းများကို တာဝန်ယူရန်လိုအပ်သကဲ့သို့ မိမိတို့ အနီးပတ်ဝန်းကျင်တွင် စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ကုန်စည်များရောင်းချနေမှုကိုသိရှိပါက လိုအပ်သည့် အချက်အလက်၊ သက်သေအထောက်အထား များနှင့်အတူ သက်ဆိုင်ရာဌာနများသို့ စားသုံးသူပြည်သူ တစ်ဦးအနေနှင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အချိန်မီသတင်းပေးပို့ရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနတွင်လည်း စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိပြီး တိုင်ကြားမှုပုံစံများလည်း ထားရှိကြောင်း၊ စားသုံးသူများနစ်နာမှုရှိ၍ တိုင်ကြားလာပါက ဌာနအနေဖြင့် တိုင်ကြားသူ၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်စွာထိန်းသိမ်းထားပြီး အရေးယူဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ ကျန်းမာရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ တာဝန်ရှိသူများကို လုပ်ငန်းကော်မတီနှစ်ရပ်တွင် ထည့်သွင်း ဖွဲ့စည်းထားပါကြောင်း၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများမှ ကြိုးစား ဆောင်ရွက်နေသလို ဈေးသူ/ဈေးသားများမှလည်း မိမိတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လိုကြောင်း ဆွေးနွေးပြောကြားသွားပါသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ဗိုလ်တထောင်မြို့နယ် ချမ်းမြေ့ဈေးအတွင်း ရောင်းချနေသည့် ဈေးဆိုင်များ၌ နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်လျော်သော စားသောက်ကုန်နှင့်အလှကုန်များရောင်းချမှု ရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး စားသုံးသူများအတွက် အာမခံချက်ပေးနိုင်သည့် အမှတ်တံဆိပ်တွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားသည့် ကုန်ပစ္စည်းများကို ရွေးချယ်ရောင်းချရန်နှင့် စားသုံးသူကာကွယ်ပေးရေးနှင့် ပတ်သက်သည့်အသိပညာ၊ ဗဟုသုတများကို ဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်း ဆောင်ရွက်ခဲ့သည့် ဗိုလ်တထောင်မြို့နယ် ချမ်းမြေ့ဈေးတွင် ကုန်ခြောက်၊ သား/ငါး၊ ကုန်စိမ်း၊ စားသောက်ကုန်၊ ရေခဲ၊ ဆန်၊ ပန်း၊ သစ်သီးရောင်းချသည့် ဆိုင်ခန်း စုစုပေါင်း ၄၇၇ ခန်းရှိကြောင်း သိရှိရပါသည်။

**အိန္ဒြေအောင်**
**(စားသုံးသူ)ရန်ကုန်**

## မွန်ပြည်နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သောဝန်ထမ်းများသည် ကျိုက်မရောမြို့နယ်တာဝန်ခံ ဦးမင်းနောင်နှင့်အတူ ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ၁၉ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ် ချရမှုဆိုင်ရာ သိကောင်းစရာများ ပညာပေး ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဦးခင်ဇော်က ဌာနနှင့် ပတ်သက်တဲ့ သိကောင်းစရာများအကြောင်း၊စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း ဟောပြောရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း ဟောပြော ဆွေးနွေးခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဆိုင်ရာဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က လုံခြုံစိတ်ချရမှုမရှိသောကုန်စည်များနှင့်ပတ်သက်၍ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ ရွေးချယ်စားသုံးတတ်စေရန် သတိမှတ်ချက်များအကြောင်းကို Power Point ဖြင့် အသိပညာပေးဆွေးနွေးခြင်း၊ တားမြစ်စားသောက်ကုန်များ၏ ရောင်စုံပုံနှိပ်စာစောင်များ၊ လက်ကမ်းစာစောင်များဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမ ၂၀ ဦး၊ ကျောင်းမုန့်ဈေးသည် ၁၄ ဦးနှင့် ကျောင်းသား/သူ ၅၀၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန် မသင့်သော တားမြစ်အစားအသောက်များနှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ဆိုးဆေးများ သုံးစွဲထားခြင်း ရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ကိုနေဇင် - မွန်**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပ

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးအနေဖြင့် စားသုံးသူများအား အကာအကွယ်ပေးရေးနှင့် စားသုံးသူအကာအကွယ်ပေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ တိုင်းဦးစီးမှူး ဦးစိုးအောင်နဲ့ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နေ့လယ်က ပုသိမ်ကွန်ပျူတာတက္ကသိုလ်၌ စားသုံး သူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရခြင်း အကြောင်းရင်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သော စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို အကာအကွယ်ပေးရမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပမှတင်သွင်းလာသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှုသာ တင်သွင်းခွင့်လိုင်စင် ထုတ်ပေးပါကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်၊ အလှကုန်၊ ဆေးဝါးများတွေ့ရှိပါက လက်ကမ်းစာစောင်ပါ ဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါကြောင်းနှင့် အစားအသောက်များ သုံးစွဲမှုများကို အမြဲသံသယစိတ်နဲ့ စစ်ဆေးစားသောက်ရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က ခွင့်မပြုဆိုးဆေး၊ ဓာတုဆိုးဆေးများ သုံးစွဲထားသော အစားအစာများ၊ တာရှည်ခံ ဓာတုဆေးများနှင့် ယင်မနားဆေးများ သုံးစွဲထားသော အစားအစာများ၊ ကျန်းမာရေးဝန်ကြီးဌာနက သတင်းစာများတွင် ထုတ်ပြန်ထားသော စားသောက်ကုန်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများ၊ သက်တမ်းကုန်အစားအစာများ၊ ပိုးသတ်ဆေး သုံးစွဲထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးများ၊ သတိပြုဆင်ခြင်စားသောက်ရန်၊ ပူနွေးသော အစားအသောက်များကို ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးများနှင့် မသုံးသင့်ကြောင်း၊ မည်သည့် အစားအသောက်မဆို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိမှ စားသောက်သင့်ကြောင်း ပရိုဂျက်တာနှင့်တကွ အကျယ်တဝင့် ရှင်းလင်းခဲ့ပါသည်။



ပုသိမ် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာထွန်းမင်းနိုင်က စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲပြုလုပ်တဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနဲ့ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၃၂၆ ဦး တက်ရောက်ခဲ့ပြီး ဥပဒေနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင်-ပုသိမ်**

# ဘိုကလေးမြို့နယ်နဲ့ ကျိုက်လတ်မြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် (၇)ရပ်ကွက် ၁၈ လမ်း၊ မင်္ဂလာဘုန်းတော်ကြီးကျောင်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးကျင်းပပြုလုပ်ပြီး ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်မှာ ဈေးလေးဈေးရှိ ဈေးသူဈေးသားများအား စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း အသိပညာပေး ဟောပြောခဲ့ကြတယ်လို့ သိရပါတယ်။



အဆိုပါအခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေမျိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဇော်က စားသုံးသည့် အစားအစာများမှ အန္တရာယ်ရှိတဲ့ အစားအစာများ အကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်သူမျိုးက အစားအသောက်များအား သေချာသန့်ရှင်းစင်ကြယ်စွာပြုလုပ်၍ စားသောက်ရန်နဲ့ မသန့်ရှင်းသော အစားအစာများ စားသောက်မိပါက ဖြစ်တတ်သည့် ရောဂါများ၊ မွေးမြူရေးနဲ့ စားသောက်ကုန်ပစ္စည်းများတွင် သတိထားရှောင်ရှားရမည့် အချက်အလက်များအကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူးက အစားအစာနှင့်အားကစားဆက်စပ်မှုများအကြောင်း အသီးသီး ဟောပြောကြပါတယ်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ ငါးဦး၊ ဈေးသူဈေးသား ၄၁ ဦး၊ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် (၁) ရပ်ကွက် အောက်ရွာလေးဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး ဦးဝင်းထွဋ်က ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်တဲ့ အစားအစာများကို ရောင်းချရန်နဲ့ စည်ပင်သာယာရေး ဥပဒေအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက FDAမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများအစားအစာများရှိ ဆိုးဆေးအန္တရာယ်အကြောင်း စသည့်အကြောင်းအရာများကို ဟောပြောခဲ့ကြပါတယ်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သုံးဦး၊ ဈေးသူဈေးသား ၅၅ ဦး၊ စုစုပေါင်း ၆၃ ဦးတက်ရောက်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူးဦးဝင်းထွဋ်အား ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀) ပြဋ္ဌာန်းထားသော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်အား ဒေါ်ကေသွယ်ဝင်းက ပေးအပ်ကာ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းသိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးခန်းမ၌ တတိယအကြိမ်မြောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေးပြုလုပ်

ဖေဖော်ဝါရီ ၁၉ ရက် နံနက်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးခန်းမ၌ တတိယအကြိမ်မြောက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့်အတူ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံရသော အားနည်းချက်၊ အားသာချက်များနှင့် အလုပ်ရုံဆွေးနွေးပွဲများမှ ဆုံးဖြတ်ချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များမှ လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာစေရေး၊ စားသုံးသူများအား စိတ်ကျေနပ်မှုရရှိစေမည့် ဝန်ဆောင်မှုများပေးလာနိုင်ရေးအတွက် ပိုမိုထိရောက်သည့် အသိပညာပေးမှုအစီအစဉ်များ ဆောင်ရွက်သွားနိုင်ရန်နှင့် သရက်မြို့၊ ပန်းဘဲတန်းလမ်းမ၊ ဦးမောင်မောင်စိန် ထုတ်လုပ်ရောင်းချသည့် 'ဟိန်း' အမှတ်တံဆိပ် ငရုတ်သီးအရောင်တင်မှုန့်အား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့ဓါတ်ခွဲစစ်ဆေးစေခဲ့ရာ ခွင့်မပြုဓာတုဆိုး ဆေးနှင့် အဏုဇီဝပိုးတွေ့ရှိရသည့်အတွက် ထုတ်လုပ်သည့်လုပ်ငန်းရှင်အား အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းမှ အကြောင်းကြားလာသည့်အတွက် အစည်းအဝေးကို ခေါ်ယူခြင်း ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဟိန်းအမှတ်တံဆိပ် ငရုတ်သီးအရောင်တင်မှုန့် လုပ်ငန်းရှင်အား ပြင်းထန်စွာ သတိပေးခြင်းကို တိုင်းဒေသကြီးအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှလည်းကောင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ထုတ်လုပ်ပြီးကုန်ပစ္စည်းများနှင့် ဈေးကွက်အတွင်းရောင်းချနေသည့် ပစ္စည်းများအားလုံးကို လိုက်လံသိမ်းဆည်းပြီး ဖျက်ဆီးရန်ကို လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ အသိပညာပေးမှု လုပ်ငန်းများကို မြို့ပေါ်တွင်သာမက ကျေးလက်အထိပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေးအတွက် တိုင်းစိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နှစ်လတစ်ကြိမ် စစ်ဆေးသွားရန်၊ တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်လုပ်ငန်းရှင်များအား အစားအစာ ဘေးကင်းရေးနှင့်ပတ်သက်၍ အသိပညာပေးသင်တန်းများ ဆောင်ရွက်သွားရန်၊ လုပ်ငန်းရှင်များအား GMP နှင့်အညီ ထုတ်လုပ်လာစေရေးအတွက် အသိပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ရန်ပုံငွေထည့်သွင်း တောင်းခံသွားရန်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်**

## ဒစ်ဂျစ်တယ် စီးပွားရေးဆောင်ရွက်ပါက လာမယ့် ၁၀ နှစ်အတွင်း အာဆီယံဒေသရဲ့ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ထရီလီယံ တိုးတက်လာမည်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ရဲ့ သတင်းအချက်အလက်နဲ့ နည်းပညာအခြေခံအဆောက်အအုံ ကြီးကြပ်ထိန်းသိမ်းမှုနဲ့ စွန့်ဦးတီထွင်မှု စွမ်းဆောင်ရည်ကိုအားပေးမြှင့်တင်ခြင်းဖြင့် အာဆီယံရဲ့ ဒေသဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိမြင့်တက်လာနိုင်ကြောင်း အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာကို ကိုးကားပြီး ဂျကာတာဂလုပ်သတင်းမှာ ဖော်ပြထားပါတယ်။

အစီရင်ခံစာရဲ့ အမည်ကို "အာဆီယံဒစ်ဂျစ်တယ် တော်လှန်ရေး" (ASEAN Digital Revolution) လို့ အမည်ပေးထားပြီး တစ်ခုတည်းသောနယ်နိမိတ်မဲ့ ဒစ်ဂျစ်တယ်ဈေးကွက်နဲ့ တစ်ပြေးညီရှိတဲ့ ဒစ်ဂျစ်တယ်ကြီးကြပ်ထိန်းသိမ်းမှုတွေကို ကျင့်သုံးမယ်ဆိုပါက အာဆီယံနိုင်ငံများရဲ့ စီးပွားရေးလုပ်ငန်းများနဲ့ နေ့စဉ်လူနေမှုဘဝမှာ ဒစ်ဂျစ်တယ်နည်းပညာကြောင့် အကျိုးစီးပွားဖြစ်ထွန်းနိုင်ကြောင်း အစီရင်ခံစာမှာ အကြံပြုတင်ပြထားပါတယ်။

"အာဆီယံဒေသကို ကမ္ဘာ့ဒစ်ဂျစ်တယ်စီးပွားရေး အင်အားစုကြီးအဖြစ် ပြောင်းလဲနိုင်မည်ဆိုပါက လာမယ့် ၁၀ နှစ်အတွင်း စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) မှာ နောက်ထပ်အမေရိကန်ဒေါ်လာ တစ်ထရီလီယံ ပိုမိုတိုးတက်လာနိုင်ပါတယ်။ ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အာဆီယံဒေသတွင်းမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ တူညီတဲ့ရည်မှန်းချက်တွေရှိဖို့ လိုပါ တယ်"လို့ အစီရင်ခံစာပြုစုရာမှာပါဝင်သူ ဒိုဗင်းမီနွန်က ပြောပါတယ်။

လက်ရှိအချိန်မှာ အာဆီယံဒေသရဲ့ ဂျီဒီပီက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိတဲ့အနက် ဒစ်ဂျစ်တယ် စီးပွားရေးမှဝင်ငွေက အမေရိကန်ဒေါ်လာဘီလီယံ ၁၅၀ သာရှိပါတယ်။ အစိုးရတွေက စီးပွားရေးလုပ်ငန်းတွေကို ပုံမှန်အတိုင်းသာဆောင်ရွက်မယ်ဆိုရင် ၂၀၂၅ ခုနှစ်မှာ ဂျီဒီပီက အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ထရီလီယံသာရှိမယ်လို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်မယ်ဆိုရင်တော့ လုပ်ငန်းသစ်တွေကနေ ထွက်ကုန်တွေပိုမိုရရှိကာ ဘရော့ဘင်ဆက်သွယ်မှုကြောင့် ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်လာတဲ့အတွက် ဒေသရဲ့ ဂျီဒီပီက အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ထရီလီယံအထိရှိလာနိုင်ပါတယ်။

## အာဆီယံ+၃ က ဘဏ္ဍာရေးထောက်လှမ်းမှုစနစ်ကိုတည်ထောင်

အာရှဒေသ ငွေဖြစ်လွယ်မှုအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၂၄၀ ကို သတ်မှတ်ထားပြီး ဒီစနစ်ကို အထောက်အကူပြုနိုင်ဖို့အတွက် ထောက်လှမ်းရေးစနစ်ကို အာဆီယံ+၃ နိုင်ငံများက တည်ထောင်ခဲ့ကြောင်း အဆိုပါငွေကြေးက ဒေသရဲ့ဘဏ္ဍာရေးတည်ငြိမ်မှုအတွက် ဆောင်ရွက်ရာမှာ ကြားခံအဖြစ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း မနီလာဘူလက်တင် ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံ+၃ မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့ ပါဝင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ASEAN+3 Macroeconomic Research Office (AMRO) ကို တည်ထောင်ဖို့ သဘောတူခဲ့ကြပြီး ဒီသဘောတူညီချက်အရ AMRO ကို သာမန်ကုမ္ပဏီတစ်ခုအဖြစ်မှ လွတ်လပ်တဲ့ ထောက်လှမ်းရေးယူနစ်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပါတယ်။ အဲဒီသဘောတူညီချက်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်ကစပြီး အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်။

AMRO အဖွဲ့က ချင်းမိုင်နိုင်ငံစုံအပြန်အလှန်ဆက်သွယ်ရေးသဘောတူညီချက် (Chiang Mai Initiative Multilateralism (CMIM) Agreement) အရထားရှိတဲ့ အမေရိကန်ဒေါ်လာဘီလီယံ ၂၄၀ ကို အသုံးပြု အကောင်အထည်ဖော်တဲ့ လုပ်ငန်းရပ်တွေကို စုံစမ်းထောက်လှမ်းရာမှာ AMRO ရဲ့ ဆောင်ရွက်မှုတွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း စင်ကာပူမှာ ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်တဲ့ AMRO ဖွင့်ပွဲအခမ်းအနားမှာ အဖွဲ့ရဲ့ ဒါရိုက်တာ ဒေါက်တာယိုအိချိနဲမိုတိုက ပြောပါတယ်။ ချင်းမိုင်သဘောတူစာချုပ်က အာဆီယံ+၃ နိုင်ငံများအချင်းချင်းငွေကြေးဖလှယ်ရေး သဘောတူစာချုပ် ဖြစ်ပါတယ်။

ရည်မှန်းချက် ချမှတ်ထားပြီးဖြစ်တဲ့ စီးပွားရေးလုပ်ငန်းများထိန်းသိမ်းရေးကိုတိုးမြှင့်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် AMRO ကို ၂၀၁၄ ခုနှစ်မှာ သက်ဆိုင်ရာဗဟိုဘဏ်များက လက်မှတ်ရေးထိုးဖွဲ့စည်းခဲ့ပါတယ်။

AMRO က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသဆိုင်ရာ ထောက်လှမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိပြီး CMIM သဘောတူညီချက်အရ အကျပ်အတည်းမှ ကာကွယ်မှုများကို ပြုလုပ်ရာမှာ အထောက်အကူပြုရမယ့်အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။

## ဖိလစ်ပိုင်နိုင်ငံက ဒဗလျူတီအိုကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အတည်ပြု

ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး သဘောတူစာချုပ် (Trade Facilitation Agreement-TFA) ကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနဲ့ ဒီသဘောတူစာချုပ်က ကမ္ဘာပေါ်ရှိ ဈေးကွက်တွေနဲ့ ကုန်သွယ်တဲ့အခါ ကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေးမှာဖြစ်တဲ့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို ထူးထူးခြားခြား အကျိုးပြုမယ့် စာချုပ်အဖြစ် ရှုမြင်ထားကြောင်း အင်ကွာရာသတင်းမှာ ဖော်ပြထားပါတယ်။

"သမ္မတက TFA ကို အတည်ပြုပေးခဲ့ပြီးပါပြီ။ နောက်ဆုံးအနေနဲ့ Instrument of Acceptance အတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေကို အပြီးသတ်ဆောင်ရွက်ပေးဖို့ပဲ ကျန်ပါတော့တယ်"လို့ ကုန်သွယ်ရေးဝန်ကြီး အန်ဒရီယံအက်စ် ခရစ်စတိုဘာက ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်တဲ့ အင်ကွာရာသတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

Instrument of Acceptance ကို တင်သွင်းခြင်းအားဖြင့် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံက ပြည်တွင်းမှာလုပ်ဆောင်ဖွယ်ရာကိစ္စတွေ ပြီးဆုံးပြီဖြစ်လို့ သဘောတူစာချုပ်ကို လက်ခံတယ်။ TFA ကို အကောင်အထည်ဖော်ဖို့ အသင့်ဖြစ်နေပြီဆိုတဲ့ သဘောဖြစ်ပါတယ်။ အဆိုပါ လက်ခံကြောင်း အကြောင်းကြားစာကို တင်ပြခြင်းအားဖြင့် သက်ဆိုင်ရာဖိလစ်ပိုင် အေဂျင်စီများအားလုံးက သဘောတူညီမှုရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကို အကြောင်းကြားထားပြီး ဖြစ်တယ်ဆိုတဲ့ သဘော သက်ရောက်ပါတယ်။

လိုအပ်တဲ့ TFA စာရွက်စာတမ်း အထောက်အထားတွေကို ဖိလစ်ပိုင်အစိုးရက ဂျီနီဗာရှိ ဒဗလျူတီအို ရုံးချုပ်သို့ မကြာမီတင်သွင်းတော့မှာ ဖြစ်ကြောင်း ခရစ်စတိုဘာက ပြောပါတယ်။ ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အထိ TFA ကို အတည်ပြုထားပြီးဖြစ်တဲ့ ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံပေါင်း ၆၉ နိုင်ငံရှိသွားပြီ ဖြစ်ပါတယ်။

TFA ကို ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံ အနည်းဆုံး သုံးပုံနှစ်ပုံကအတည်ပြုပြီးသွားရင် တချို့နိုင်ငံတွေက သူတို့ပြည်တွင်းလုပ်ငန်းတွေကို ပေးနေတဲ့ ထောက်ပံ့ကြေးတွေကို ဒီသဘောတူစာချုပ်အရ ဖယ်ရှားပေးရတော့မှာ ဖြစ်တဲ့အတွက် အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံရဲ့ လယ်ယာထုတ်ကုန်တွေ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်တဲ့ အခွင့်အလမ်းတွေရရှိတော့မှာ ဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## တောင်ကိုရီးယားနဲ့ အာဆီယံအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ဆွေးနွေး

ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်မှာ ကျင်းပခဲ့တဲ့ အာဆီယံ-ကိုရီးယားစင်တာ ရဲ့ အဌမအကြိမ်မြောက် ကောင်စီအစည်းအဝေးမှာ အစည်းအဝေးတက်ရောက်လာကြတဲ့ ညွှန်ကြားရေးမှူးများက ယခင်နှစ်လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်အတွက် စီမံ ချက်များကို ဆွေးနွေးခဲ့ကြကြောင်း ကိုးရီးယားတိုင်းမ်သတင်းမှာ ဖော်ပြခဲ့ပါတယ်။ အစည်းအဝေးကို ဆိုးလ်မြို့ရှိ လော့တီ ဟိုတယ်မှာကျင်းပခဲ့ပြီး နိုင်ငံရေးရာ ဒုတိယဝန်ကြီး (Deputy Minister for Politiccal Affair) ကင်မ်ဟောင်ကျွန်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် အာဆီယံအဖွဲ့နဲ့ တောင်ကိုရီးယားတို့ ဆက်ဆံရေးကို အလေးပေးပြောကြားခဲ့ပါတယ်။




"စီးပွားရေးအရကြည့်ရင် ကမ္ဘာပေါ်မှာ သတ္တမမြောက် အကြီးမားဆုံးဖြစ်ပြီး လူဦးရေ သန်း ၆၃၀ နဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိတဲ့ တစ်ခုတည်းသောဈေးကွက်ကြီးမှာရှိနေတဲ့ အခွင့်အလမ်းတွေကို အာဆီယံအဖွဲ့ကြီးက ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနဲ့ အာဆီယံအဖွဲ့တို့က သာယာဝပြောရေးအတွက် မိတ်ဖက်များအဖြစ် အတူတကွ ဖွံ့ဖြိုးတိုးတက်လာကြတော့မှာ ဖြစ်ပါတယ်။ ကိုရီးယားစီးပွားရေးလုပ်ငန်းများအတွက်ဆိုရင် စီးပွားရေးအရပေါင်းစည်းမှုရှိတဲ့ အာဆီယံဒေသက ကုန်ပစ္စည်း၊ ဝန်ဆောင်မှုနဲ့ လူတွေ လွတ်လပ်စွာ ရွှေ့ပြောင်းပေးနိုင်မှာ ဖြစ်တဲ့အတွက် ပိုပြီးတော့ ဆွဲဆောင်မှုရှိနေပါတယ်"လို့ ဒုတိယဝန်ကြီးက ပြောပါတယ်။

အာဆီယံဒေသက တောင်ကိုရီးယားနိုင်ငံရဲ့ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နဲ့ ရင်းနှီးမြှုပ်နှံမှုဒေသတစ်ခုဖြစ်ပါတယ်။

"အာဆီယံအဖွဲ့က ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ အသိုက်အဝန်းတစ်ခုကို ထူထောင်ဖို့ ဆန္ဒပြင်းပြနေတဲ့အတွက် ဒီအဖွဲ့ရဲ့ ပြောရေးဆိုခွင့်နဲ့ ဒီအဖွဲ့အပေါ် စိတ်ဝင်စားမှုက အပြည်ပြည်ဆိုင်ရာစင်မြင့်မှာ ဆက်လက်ဖွံ့ဖြိုးလျက်ရှိနေပါ တယ်"လို့ ကင်မ်ကပြောပါတယ်။

၂၀၁၅ ခုနှစ်က စတင်အကောင် အထည်ဖော်ခဲ့တဲ့ အာဆီယံအသိုက်အဝန်းနဲ့အညီ ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းရည်မှန်းချက်နဲ့ ၂၀၁၅-၂၀၂၀ ပြည့်နှစ်ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်အကောင်အထည်ဖော်ရေး၊ အာဆီယံ-တောင်ကိုရီးယား ရှေ့လုပ်ငန်းစဉ်တွေမှာပါဝင်တဲ့ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ကောင်စီဒါရိုက်တာများက အလေးပေး ဆွေးနွေး ကြပါတယ်။

အာဆီယံ-ကိုရီးယားစင်တာကို ၂၀၀၉ ခုနှစ်မတ်လကတည်ထောင်ခဲ့ပြီး အာဆီယံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ စီးပွားရေးနဲ့လူမှုယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်ရေးအတွက် အစိုးရများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အဖြစ် ထူထောင်ခဲ့တာဖြစ်ပါတယ်။

# မိုးခေါင်ခြောက်သွေ့မှု ဒဏ်ခံရတဲ့ ထိုင်းလယ်သမားများကို ဝန်ကြီးဌာနများက ကူညီမည်

အချို့သီးနှံများ ပြတ်လပ်မှုနဲ့ ကုန်စည်ဈေးနှုန်း ကျဆင်းမှုပြဿနာ များကို ရှောင်ရှားနိုင်ရန်အတွက် ယခုနှစ် ဖြစ်ပွားမည့် မိုးခေါင်ခြောက်သွေ့မှုကို တောင်သူလယ်သမားများ တွေ့ကြုံတဲ့အခါ အကူအညီပေးနိုင်အောင် အစီအမံတွေချမှတ်ဖို့ ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေးနဲ့ သမဝါယမဝန်ကြီးဌာနနဲ့ အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ယခုနှစ် ဖြစ်ပွားတဲ့ ပူပြင်းခြောက်သွေ့မှုကြောင့် လယ်သမားများ စိုက်ပျိုးတဲ့ သီးနှံတွေအနက် ပျက်စီးမှုရှိတဲ့ သီးနှံများကို ကွင်းဆင်းပြီးစာရင်းကောက်ယူကာ သီးနှံထွက်ရှိမှု၊ဈေးနှုန်း၊ သီးနှံထုတ်လုပ်မှု အပိုအလိုစသည်ဖြင့် စာရင်းပြုစုရန် နိုင်ငံတစ်ဝန်းရှိ ဝန်ကြီးဌာနရုံးများကို ညွှန်ကြားထားကြောင်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ချုပ်တီမာ ဘူညာရာဖာဆာရာက ပြောပါတယ်။

ဒီလိုဆောင်ရွက်ထားခြင်းအားဖြင့် ပူပြင်းခြောက်သွေ့မှုကြောင့် ထိခိုက်ခံရတဲ့ဒဏ်ကနေ သက်သာအောင် လယ်သမားတွေအတွက် သင့်တော်တဲ့ အကူအညီနဲ့ နည်းပညာဆိုင်ရာ အကြံဉာဏ်တွေကို ဝန်ကြီးဌာနကစီစဉ်ပေး နိုင်မှာ ဖြစ်ပါတယ်။ ဆန်နဲ့ နှိုင်းယှဉ်ရင် ရေလိုအပ်ချက်နည်းတဲ့ ပဲပုပ်နဲ့ ပဲတီစိမ်းတွေကို စိုက်ပျိုးကြဖို့လည်း လယ်သမားတွေကို တိုက်တွန်းထားပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ သမဝါယမဝန်ကြီးဌာနနဲ့ တွေ့ဆုံပြီး သီးနှံများနဲ့ ဒူးရင်း၊ သရက်တို့ အပါအဝင်သစ်သီးများရဲ့ ထွက်ရှိနိုင်မှု အခြေအနေကို လေ့လာသုံးသပ်တဲ့အခါ အစိုးရကအကူအညီပေးသွားမှာဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ခရီးသွားလုပ်ငန်းဒေသများနဲ့ ရှော့ပင်းမောလ်များမှာ သီးနှံပွဲတော်များ ကျင်းပသွားမှာဖြစ်ပါတယ်။

သစ်သီးတင်ပို့မှု တိုးမြှင့်သွားနိုင်ဖို့လည်း ဝန်ကြီးဌာနက တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ရာ ထိုင်းသစ်သီးများအတွက် ဝယ်လိုအားမြင့်မားနေတဲ့ တရုတ်ဈေးကွက်ကို တင်ပို့တဲ့အပြင် အခြားဈေးကွက်များကိုလည်း ရှာဖွေသွားမှာ ဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းသစ်များကို အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းများက ကြိုဆို

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ အအေးခန်းလုပ်ငန်း ထူထောင်မှုဆိုင်ရာစည်းကမ်းချက်များအပါအဝင် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းသစ်များကို အစိုးရကကြေညာပြီး နောက်ပိုင်းထုတ်ပြန်လိုက်တဲ့ မူဝါဒများကို လုပ်ငန်းကဏ္ဍအတွင်း ဆောင်ရွက်နေသူတို့က ကြိုဆိုလိုက်ကြပြီး ယခုစည်းမျဉ်းစည်းကမ်းက အအေးခန်းလုပ်ငန်းဆောင်ရွက်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ခန့်မှန်းကြကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အအေးခန်းသိုလှောင်မှုလုပ်ငန်းမှာ အသုံးပြုတဲ့ အစိတ်အပိုင်းအများစုက ပြည်ပကတင်သွင်းနေရတဲ့အတွက် အစိုးရက စည်းမျဉ်းစည်းကမ်းတွေချမှတ်တဲ့အခါ အင်ဒိုနီးရှားနိုင်ငံမှာ အစိတ်အပိုင်းတွေ ထုတ်လုပ်တဲ့ စက်ရုံတွေကို ရင်းနှီးမြှုပ်နှံသူတွေက တည်ထောင်လာတာကို အားပေးတဲ့စည်းမျဉ်းတွေ ချမှတ်ဖို့လိုကြောင်း အင်ဒိုနီးရှားအအေးခန်း သိုလှောင်မှုလုပ်ငန်းအသင်း (Indonesia Cold Storage Association-ARPI) က ပြောပါတယ်။

"ဒီမူဝါဒကို ကျွန်တော်သဘောတူပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းက ကုန်ပစ္စည်းအစိတ်အပိုင်းတွေနဲ့ လုပ်သားတွေကို ပိုမိုအသုံးပြုလာအောင် အစိုးရက ဆောင်ရွက်ပေးဖို့ အကြံပြုချင်ပါတယ်"လို့ ARPI ဥက္ကဋ္ဌ ဟာဆန်နူဒင်ယာစနီက ပြောပါတယ်။

ARPI ကပြုစုထားတဲ့ စာရင်းဇယားတွေအရ အင်ဒိုနီးရှားရှိ အအေးသိုလှောင်ခန်းတွေက ထိန်းသိမ်းထားနိုင်တဲ့ ပမာဏက ငါးတန် ၇ ဒသမ ၂ သန်း၊ ကြက်သား တန် ၁ ဒသမ ၉ သန်း၊ အမဲသားတန် ၄၀၀၀၀၀ အထိရှိတဲ့အတွက် သိုလှောင်မှုပမာဏက ထုတ်လုပ်မှုအောက် အများကြီးကျဆင်းနေပါတယ်။ နိုင်ငံရဲ့ ထုတ်လုပ်မှုပမာဏက ငါးတန် ၁၄ သန်း၊ ကြက်သား တန် ၃ ဒသမ ၇ သန်းနဲ့ အမဲသားက တန် ၅၈၀၀၀၀ ရှိပါတယ်။

"လောလောဆယ်မှာ လုပ်ငန်းလုပ်ဆောင်နေသူငါးဦးသာရှိပြီး ယန္တရားတွေရဲ့ ထုတ်လုပ်မှုစွမ်းအားက နိမ့်ကျပါတယ်။ တခြားလူတွေ ထပ်မံလုပ်ဆောင်လာအောင် အစိုးရက အခွန်ဆွဲဆောင်မှု ပြုလုပ်ပေးဖို့ လိုပါတယ်"လို့ ဟာဆာနူဒင်က ပြောပါတယ်။

# လယ်သမားများအား ထောက်ပံ့မှုပေးဖို့ ဗီယက်နမ်အစိုးရက နည်းလမ်းရှာ

ဗီယက်နမ်နိုင်ငံက ကမ္ဘာ့စီးပွားရေးလောကထဲသို့ ပေါင်းစည်းဝင်ရောက်လာပြီဖြစ်တဲ့အတွက် လယ်ယာကဏ္ဍက အပြည်ပြည်ဆိုင်ရာအဆင့်မှာ ယှဉ်ပြိုင်နိုင်တဲ့ စွမ်းရည်ပြည့်ဝဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်နိုင်မယ့် မူဝါဒတွေကို ဗီယက်နမ်အစိုးရက ချမှတ်ရန်လိုကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။



လယ်ယာကဏ္ဍမှာ လုပ်ကိုင်နေသူဦးရေက ၇၀ ရာခိုင်နှုန်း နီးပါးရှိနေပြီး စုစုပေါင်းပြည်တွင်းထုတ် ကုန် (ဂျီဒီပီ) ရဲ့ ၁၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိနဲ့ ပို့ကုန်တန်ဖိုးစုစု ပေါင်းရဲ့ ၂၃ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနေပေမယ့် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု အားနည်းနေပါသေးတယ်။

လယ်ယာစိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုက နိုင်ငံစီးပွားရေးမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၆ ရာခိုင်နှုန်းသာရှိမယ်လို့ ခန့်မှန်းထားပါတယ်။ မြေယာပြဿနာတွေနဲ့ ချေးငွေ ဆိုင်ရာမူဝါဒတွေအပါအဝင် မူဝါဒနဲ့ စီမံခန့်ခွဲမှုဆိုင်ရာအကျပ်အတည်းတွေကြောင့် စီးပွားရေးလုပ်ငန်းတွေက လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက် ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ ဝန်လေးကြကြောင်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ ရက်မှာ ကျင်းပတဲ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကျွမ်းကျင်သူတွေကပြောပါတယ်။

လယ်ယာသားငါးနဲ့ သစ်တောလုပ်ငန်းကုမ္ပဏီတွေအတွက် ချမှတ်ထားတဲ့ အုပ်ချုပ် ရေးပိုင်ဆိုင်ရာလုပ်ထုံးလုပ်နည်းတွေက ရှုပ်ထွေးခက်ခဲတဲ့အတွက် ရင်းနှီးမြှုပ်နှံ မှုကို ရရှိဖို့ အခက်အခဲဖြစ်စေခဲ့ကြောင်း လယ်ယာ စိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနဲ့ မဟာဗျူဟာ သိပ္ပံမှ ဒုတိယ ညွှန်ကြားရေးမှူး ငုယင်ဒိုအန်တွမ်က ပြောပါတယ်။

လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်းနဲ့ သစ်တောကဏ္ဍတွေမှာ လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီတွေကို အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့က ၂၀၁၄ ခုနှစ်မှာ စစ်တမ်းကောက်ယူခဲ့ရာ စီးပွားရေးလုပ်ငန်းတွေမှာ အခြေအနေကောင်းတွေ ဖန်တီးနိုင်ဖို့အတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့လိုကြောင်း လုပ်ငန်း ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းက ပြောပါတယ်။

အခွန်ပြုပြင်ပြောင်းလဲမှုနှေးကွေးနေတာကို အမြန် ဆုံးဆောင်ရွက်ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေက ရင်းနှီးမြှုပ်နှံ လာအောင် အားပေးဖို့ တွမ်ကပြောပါ တယ်။

# စင်ကာပူထိပ်တန်းအက်စ်အမ်အီးတို့ရဲ့ ပျမ်းမျှအမြတ်အစွန်း ၂၀၁၅ ခုနှစ်အတွင်း ကျဆင်း



စင်ကာပူထိပ်တန်း အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) ၁၀၀၀ ရဲ့ ပျမ်းမျှအမြတ်အစွန်းက ၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဒီပီအင်ဖော်မေးရှင်းဂရုရဲ့ ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်တဲ့ လေ့လာတွေ့ရှိချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍမှာရှိတဲ့ အက်စ်အမ်အီးတွေရဲ့ ပျမ်းမျှ အကျိုးအမြတ် ကျဆင်းမှုက ၄၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အများဆုံးကျဆင်းခဲ့ပါတယ်။ အိမ်ခြံမြေကဏ္ဍရှိ အသေးဆုံးကုမ္ပဏီတွေရဲ့ ကျဆင်းမှုက ၄၀ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း Singapore 1000 ရဲ့ အဆင့်သတ်မှတ်ချက်အရ သိရပါတယ်။ ဒါပေမယ့် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးကဏ္ဍမှာရှိတဲ့ ပျမ်းမျှအကျိုးအမြတ်က ၄၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့တဲ့အတွက် အကျိုးအမြတ်ဖြစ်ထွန်းမှုအများဆုံးကဏ္ဍ ဖြစ်ပါတယ်။

ကူးသန်းရောင်းဝယ်ရေး၊ လက်ကားရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြောင့် စင်ကာပူထိပ်တန်းအက်စ်အမ်အီး ၁၀၀၀ ရဲ့ စုစုပေါင်းဝင်ငွေက စင်ကာပူဒေါ်လာ ၃ ထရီလီယံသို့ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်အတွက် အဆင့်သတ်မှတ်ချက်အရ ဒီကဏ္ဍရဲ့ဝင်ငွေက စုစုပေါင်းဝင်ငွေရဲ့၆၇ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။

ဒါပေမယ့် ကုန်ချောထုတ်လုပ်မှုကဏ္ဍမှာ ၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခန့်မှန်းချက်က ဆက်လက်ကျဆင်းပြီး စုစုပေါင်းဝင်ငွေရဲ့ ၇ ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၇ ခုနှစ် က ဒီကဏ္ဍရဲ့ ဝင်ငွေက စုစုပေါင်းဝင်ငွေရဲ့ ၁၅ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့တဲ့အတွက် အဲဒီအဆင့်သတ်မှတ် ချက်နဲ့ နှိုင်းယှဉ်ရင်ထက်ဝက်ခန့် ကျဆင်းနေပါတယ်။

Singapore 1000 က စင်ကာပူထိပ်တန်းကုမ္ပဏီ ၁၀၀၀ ကို ဝင်ငွေအရအဆင့်သတ်မှတ် ပေးပြီး ဒီသတ်မှတ်ချက်ကို SME 1000 နဲ့ Singapore Internatioanal 100 တို့က ပူးတွဲထုတ်ပြန်ပေးပါတယ်။ ယခုထုတ်ပြန်ချက်မှာ ကုမ္ပဏီများရဲ့ ၂၀၁၄ ခုနှစ် ဇွန်ကနေ ၂၀၁၅ ခုနှစ် မေအကြားရရှိခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ဝင်ငွေကို အခြေခံတွက်ချက်တာ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**နယူးယောက်**

ရေနံထုတ်လုပ်မှု ကန့်သတ်ရန် ဗင်နီဇွဲလားနိုင်ငံရဲ့ ကြိုးပမ်းမှုက ရေနံအလျှံပယ်ကြွယ်ဝမှုကို ထိန်းချုပ်ရာမှာ အထောက်အကူဖြစ်စေခဲ့တဲ့အတွက် ဖေဖော်ဝါရီ ၂၆ ရက်မှာ နယူးယောက် ကုန်စည်ဒိုင်မှာ အမေရိကန်အခြေခံစံထားဈေးနှုန်းဖြစ်တဲ့ အနောက်တက္ကဆပ်ရေနံရဲ့ မေလအတွက်ကြိုရောင်းဈေးက ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး တစ်စည်ကို အမေရိ ကန်ဒေါ်လာ ၃၃ ဒသမ ၀၇ နှုန်းရှိခဲ့ပါတယ်။ မြောက်ပင်လယ် ဘရင့်ရေနံစိမ်းရဲ့ ဧပြီ အတွက် ကြိုရောင်းဈေးက ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို ၃၅ ဒသမ ၂၉ ဒေါ်လာနှုန်း ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

**ရှန်ဟဲ**

တရုတ်စီးပွားရေး နှေးကွေးကျဆင်းစေတဲ့ပြဿနာများကို ဖြေရှင်းဖို့အတွက် တရုတ်နိုင်ငံရဲ့ ငွေကြေးမူဝါဒမှာ နည်းလမ်းတွေရှိနေကြောင်းနဲ့ အဆိုပါမူဝါဒတွေအနက် ဘဏ္ဍာရေးမူဝါဒက ပိုမိုထိရောက်မှုရှိကြောင်း တရုတ်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ချောင်ရှောင်ချွမ်ရဲ့ ဖေဖော်ဝါရီ ၂၆ ရက်က ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ဖိလစ်ပိုင်နိုင်ငံက ၂၀၁၅ ခုနှစ် ပဲရစ်ရာသီဥတု ပြောင်းလဲမှု ကွန်ဖရင့်မှ သဘောတူထားခဲ့တဲ့ ကတိကဝတ်များနဲ့ အညီကမ္ဘာ့ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍမှာ ဆက်လက်တိုးမြှင့်မြှုပ်နှံသွားမှာဖြစ်ကြောင်း Repower Energy Development Corp ရဲ့ အမှုဆောင်ချုပ် ဒက်စတာဝိုင်တီယူရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာဖော်ပြပါတယ်။

**ဆိုးလ်**

တောင်ကိုရီးယားရှိအချို့သောစပါးခင်းတွေနဲ့ သီးနှံစိုက်ခင်းတွေမှာ လူနေအိမ်များ၊ အစိုးရအဆောက်အအုံများ ဆောက်လုပ်ထားတဲ့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ စာရင်းအရ စိုက်ပျိုးမြေ ဟက်တာ ၁ ဒသမ ၆၈ သန်းသာရှိတဲ့အတွက် ယခင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကိုရီးယားစာရင်းရုံးရဲ့ ဖေဖော်ဝါရီ ၂၆ ရက်ထုတ်ပြန်ချက်ကိုကိုးကားပြီး ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**USA**

## အမေရိကန်တွင် ဈေးကွက်အခြေအနေမြင့်တက်လာပြီးနောက်ပိုင်း စီးပွားရေးဆုတ်ကပ်ဖြစ်မည်ကို စိုးရိမ်မှုပျောက်ကွယ်

အမေရိကန်ပြည်ထောင်စုစီးပွားရေး ပြန်လည်ဦးမော့လာပြီဖြစ်တဲ့အတွက် စတော့ဈေးကွက်များမှာ စိုးရိမ်မှုများ ပျောက်ကွယ်လာပြီဖြစ်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှာ စီးပွားရေးဆုတ်ကပ်ဖြစ်နိုင်တယ်လို့ စိုးရိမ်မှုတွေက မကြာသေးမီရက်ပိုင်းအတွင်း မြင့်တက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်တွေ ပြန်လည်နာလန်ထူလာပြီဖြစ်တဲ့အတွက် ထိတ်လန့်မှုတွေပျောက်ကွယ်စပြုလာပြီ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ အမေရိကန်စီးပွားရေးက အလားအလာမှေးမှိန်မှုနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ယခင်နှစ် အလားတူကာလနဲ့ နှိုင်းယှဉ်ရင် အောက်တိုဘာကနေ ဒီဇင်ဘာအထိ သုံးလပတ်အတွင်းမှာ စီးပွားရေးတိုးတက်မှုနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။ ယခုနှစ် ပထမသုံးလပတ်အတွက် အမေရိကန်ဗဟိုဘဏ်ရဲ့ ကနဦးခန့်မှန်းချက်က ၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပါ တယ်။

အလုပ်အကိုင် ဈေးကွက်အတွက် အဓိကတိုင်းတာတဲ့ ကိန်းဂဏန်းက ရက်သတ္တပတ်အတွင်း အလုပ်လက်မဲ့ခံစားခွင့် တောင်းဆိုတဲ့ ကိန်းဂဏန်း ဖြစ်ပါတယ်။ အောက်တိုဘာကနေ ဇန်နဝါရီအတွင်း အလုပ်လက်မဲ့ခံစားခွင့်တောင်းဆိုတဲ့ အရေအတွက်က မြင့်တက်လာခဲ့ပါတယ်။ ရက်သတ္တပတ်လေးပတ်ပျမ်းမျှ တောင်းဆိုမှုက ဇန်နဝါရီလလယ်မှာ ၂၈၅၀၀၀ ရှိခဲ့ပါတယ်။ ဒါပေမယ့် အလုပ်လက်မဲ့တောင်းဆိုမှုက အဲဒီအချိန်နောက်ပိုင်း ကျဆင်းခဲ့ပြီး ရက်သတ္တပတ်လေးပတ်ပျမ်းမျှတောင်းဆိုတဲ့နှုန်းက ၂၇၃၀၀၀ ရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီမှာ အလုပ်အကိုင်သစ်ဖန်တီးမှုက အလုပ်အကိုင်ဦးရေ ၁၅၁၀၀၀ ရှိခဲ့တဲ့အတွက် ဒီဇင်ဘာနဲ့ နှိုင်းယှဉ်ရင် ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် အခြေအနေကခိုင်မာမှုရှိနေဆဲဖြစ်ပါတယ်။ ဖေဖော်ဝါရီမှာ အလုပ်အကိုင်သစ် ၁၉၂၀၀၀ ထိ ဖန်တီးပေးနိုင်လိမ့်မယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**EU**

## ဥရောပသမဂ္ဂမှ နုတ်ထွက်ပါက စီးပွားရေးနဲ့ အလုပ်အကိုင်များကို ထိခိုက်နိုင်ကြောင်း ဗြိတိန်စီးပွားရေးလုပ်ငန်းရှင်များကပြော



ဥရောပသမဂ္ဂ (အီးယူ) မှ နုတ်ထွက်မည်ဆိုပါက ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးမှာ အခက်အခဲများနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားခဲ့သလို ရေနံကုမ္ပဏီများဖြစ်တဲ့ ရှဲလ်နဲ့ဘီပီအပါအဝင် ဗြိတိန်နိုင်ငံရှိ အကြီးဆုံးကုမ္ပဏီများအနက် သုံးပုံတစ်ပုံကျော်ကလည်း အီးယူအတွင်း ဆက်လက်ပါဝင်ဖို့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းရဲ့ တိုက်တွန်းမှုကို ထောက်ခံခဲ့ကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဗြိတိန်နိုင်ငံ အီးယူတွင်ဆက်လက်ပါဝင်ရေးသို့မဟုတ် မပါဝင်ရေးကိစ္စကို ဇွန် ၂၃ ရက်မှာ ဆန္ဒခံယူပွဲကျင်းပမှာဖြစ်ပါတယ်။ ဆန္ဒခံယူပွဲ မတိုင်မီစီးပွားရေးလုပ်ငန်းများရဲ့ ထောက်ခံမှုကိုရရှိလိုက်တဲ့အတွက် ဝန်ကြီးချုပ်ကင်မရွန်းရဲ့ ကြိုးပမ်းချက်များက အားတက်စရာ ဖြစ်စေခဲ့ပါတယ်။

ဗြိတိန်နိုင်ငံက အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်တဲ့ အီးယူအဖွဲ့မှ နုတ်ထွက်ရေးကို မဲပေးကြမှာကို စိုးရိမ်မှုကြောင့် ပေါင်ငွေတန်ဖိုးက ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အများဆုံးကျဆင်းခဲ့ပြီးနောက် တစ်ရက်အကြာမှာ စီးပွားရေးလုပ်ငန်းများရဲ့ သဘောထားထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

တယ်လီကွန်း ဆက်သွယ်ရေးကုမ္ပဏီများ၊ လက်လီလုပ်ငန်းများနဲ့ ရေနံကုမ္ပဏီကြီးများ အပါအဝင် ကုမ္ပဏီ ၂၀၀ နီးပါးက အီးယူအဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဖော်ပြသောစာတစ်စောင်ကို လက်မှတ်ရေးထိုး ပြီး အဆိုပါစာကို တိုင်းမ်သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။

စီးပွားရေး ဆက်လက်ဖွံ့ဖြိုးဖို့၊ ရင်းနှီးမြှုပ်နှံဖို့နဲ့ အလုပ်အကိုင်များဖန်တီးဖို့အတွက် လူဦးရေ သန်း ၅၀၀ ရှိတဲ့ ဥရောပဈေးကွက်ကို ဗြိတိသျှစီးပွားရေးလုပ်ငန်းတွေက အကန့်အသတ်မရှိ ဆက်သွယ်နိုင်ဖို့ လိုအပ်ကြောင်း စာမှာဖော်ပြထားပါတယ်။

**Middle East**

## ရေနံစိမ်းထုတ်လုပ်မှုကို လျှော့ချမှာမဟုတ်ကြောင်း ဆော်ဒီဝန်ကြီးပြော

ရေနံထုတ်လုပ်မှုကို ထိန်းထားနိုင်ရန်အတွက် ရေနံထုတ်လုပ်သူများက မတ်လတွင် တွေ့ဆုံဆွေးနွေးကြမယ်လို့ ခန့်မှန်းထားပေမယ့် ထုတ်လုပ်မှုလျှော့ချရေးမှာမူဖြစ်နိုင်ဖွယ်မရှိကြောင်း ဆော်ဒီရေနံဝန်ကြီး အလီဘင် အီဘရာဟင်အယ်လ်နိုင်မီက ဖေဖော်ဝါရီ၂၃ ရက်မှာ ပြောကြားခဲ့တာကို ကိုးကားပြီး Kallani Shenergy ဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြပါတယ်။

ယခင်ရက်သတ္တပတ်က ဆော်ဒီအာရေးဘီးယား၊ ရုရှား၊ ကာတာနဲ့ ဗင်နီဇွဲလားနိုင်ငံတို့က ရေနံထုတ်လုပ်မှုကို ဇန်နဝါရီက ထုတ်လုပ်ခဲ့တဲ့ အဆင့်အတိုင်းထုတ်လုပ်ရန် အဆိုပြုခဲ့ကြပါတယ်။

ဒီသဘောတူညီချက်ကို တခြားရေနံထုတ်လုပ်သူတို့ကလည်း ပါဝင်ခြင်းရှိမရှိမသေချာပေမယ့် ဒီသဘောတူညီချက်ကို မတ် ၁ ရက်မှာ အပြီးသတ်ဆောင်ရွက်သင့်ကြောင်း ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်က ဖေဖော်ဝါရီ ၂၀ ရက်က ပြောပါတယ်။

"ထုတ်လုပ်မှုကို ထိန်းထားတာက လုပ်ငန်းစဉ်ရဲ့ အစပဲရှိပါသေးတယ်။ သဘောကတော့ ရေနံထုတ်လုပ်တဲ့နိုင်ငံကြီးတွေထပ်တိုးပြီး မထုတ်ဘူးဆိုရင် အခုလက်ရှိမြင့်မားနေတဲ့လက်ကျန်တွေက အချိန်တန်ရင်ကျဆင်းသွားမယ့် သဘောရှိပါတယ်။ အချိန်တော့ယူရပါလိမ့်မယ်"လို့ အယ်လ်နိုင်မီက ပြောပါတယ်။

ယခုဆောင်ရွက်မှုမှာ ထုတ်လုပ်မှုလျှော့ချခြင်းမဟုတ်ကြောင်း၊ တချို့နိုင်ငံတွေက ထုတ်လုပ်မှုကိုလျှော့ချမယ်ဆိုပေမယ့် တကယ်တန်းလျှော့ချမှာမဟုတ်ကြောင်း၊ ဒါကြောင့် ထုတ်လုပ်မှုလျှော့ချဖို့ ဆောင်ရွက်မယ်ဆိုရင် အချိန်ဖြုန်းရာရောက်မှာ ဖြစ်ကြောင်း သူကပြောပါတယ်။

ဆော်ဒီအာရေးဘီးယား ရေနံဝန်ကြီးက အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် ဟူစတန် IHS CERAWeek ကွန်ဖရင့်မှာ အမှာစကားပြောကြားပြီးနောက် NBC သတင်းဌာနနဲ့ တွေ့ဆုံစဉ် ယခုကဲ့သို့ပြောကြားခဲ့တာ ဖြစ်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ ရေနံထုတ်လုပ်မှု မူဝါဒကို ၂၀၁၄ ခုနှစ် နိုဝင်ဘာကချမှတ်ပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအဖြစ် အယ်လ်နိုင်မီ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

**South Asia**

## ကုန်ချောထုတ်လုပ်သူများရဲ့ စွမ်းဆောင်မှုကြောင့် အိန္ဒိယစီးပွားရေးကို ယုံကြည်မှုမြင့်တက်

အိန္ဒိယနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု မြင့်တက်လာတဲ့အတွက် စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှု ပုဂ္ဂလိကအညွှန်းကိန်းမှာ ဒုတိယမြောက်လအဖြစ် ဆက်လက်မြင့်မားပြီး အိန္ဒိယစီးပွားရေးလုပ်ငန်းများမှာ ဖေဖော်ဝါရီလအတွင်းက မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

BSE စတော့ဒိုင် စာရင်းဝင်ကုမ္ပဏီများကို စာရင်းကောက်ယူပြုစုတဲ့ MNI India Business Sentiment Indicator မှာ ဇန်နဝါရီက ၆၁ ဒသမ ၈ ရှိခဲ့ရာမှ ၆၃ ဒသမ ၅ အထိ မြင့်တက်ခဲ့ကြောင်း သုတေသနကုမ္ပဏီ MNI Indicators က ဖေဖော်ဝါရီ ၂၅ ရက်မှာ ထုတ်ပြန်ပါတယ်။ ယခုအညွှန်းကိန်းမှာ ၂၀၁၅ ခုနှစ် ဇူလိုင်နောက်ပိုင်း အမြင့်ဆုံး အဆင့်ဖြစ်ခဲ့ပါတယ်။

"အားလုံးခြုံပြီးကြည့်မယ်ဆိုရင် ဖေဖော်ဝါရီစစ်တမ်းမှာ အခြေအနေကောင်းမွန်နေတာကို ကြည့်ခြင်းအားဖြင့် ယုံကြည်မှုကျဆင်းနေတဲ့ အခြေအနေမျိုးကုန်ဆုံးသွားပြီးဆိုတဲ့ အချက်ပြလက္ခဏာဖြစ်ပါတယ်"လို့ MNI Indicators ရဲ့ စီးပွားရေးပညာရှင် အကြီးအကဲဖိလစ်ယူဂလိုက ပြောပါတယ်။

ကုန်ချောထုတ်လုပ်မှုမြှင့်တင်ဖို့နဲ့ ပြည်တွင်းမှ ထူထောင်စ စီးပွားရေးလုပ်ငန်းတွေ တွန်းအားပေးဖို့အတွက် အစိုးရက ဆောင်ရွက်နေတဲ့ နောက်ဆုံးလှုပ်ရှားမှုမှာ အိန္ဒိယနိုင်ငံရဲ့ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းတွေက အချက်အချာနေရာမှာရှိနေပြီး အဓိကအားဖြင့် ဒီလုပ် ငန်းတွေရဲ့မောင်းနှင်အားကြောင့် ယုံကြည်မှုတွေ မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။

ပြည်တွင်းအမှာစာအသစ်တွေနဲ့ ပို့ကုန်အမှာစာအသစ်တွေ မြင့်တက်လာတဲ့အတွက် ကုမ္ပဏီအများအပြားက ကုန်ထုတ်လုပ်မှုတွေကိုမြှင့်တင်လာကြကြောင်း MNI အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဝယ်လိုအားဖွံ့ဖြိုးမှုက လုပ်သားဈေးကွက်ကို မြင့်တက်စေပြီး နှစ်နှစ်ခန့်တည်ငြိမ်နေတဲ့ လုပ်သားဈေးကွက်ကို စီးပွားရေးလုပ်ငန်းများက မြင့်တက်စေခဲ့ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှငွေကြေး အများစုရဲ့ တန်ဖိုးတွေက ဖေဖော်ဝါရီ ၂၆ ရက်နေ့မှာ မြင့်တက်ခဲ့ပါတယ်။ လက်ရှိ ဖြစ်ပေါ်နေတဲ့ ဈေးကွက်က သောင်းကနင်းဖြစ်မှုနဲ့ ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်း နှေးကွေးကျဆင်းမှုတို့ကို အဖြေရှာဖို့အတွက် ကမ္ဘာပေါ်ရှိချမ်းသာတဲ့နိုင်ငံ ၂၀ မှ ဘဏ္ဍာရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ် ဥက္ကဋ္ဌတွေက ရှန်ဟဲမှာ ဆွေးနွေးလျက် ရှိပါတယ်။ ရင်းနှီး မြှုပ်နှံသူတွေအနေနဲ့ ဆွေးနွေးပွဲရလဒ်ကို စောင့်ကြည့်နေ ကြပါတယ်။

ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်) အဖွဲ့ဝင်နိုင်ငံတွေနဲ့ ရုရှားနိုင်ငံတို့က ရေနံဈေးနှုန်း ကျဆင်းမှုတွေကို ပြန်လည်တည်ငြိမ်အောင် ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိရာ ရေနံထုတ်လုပ်မှုကို ဇန်နဝါရီက ထုတ်လုပ်မှုအဆင့်အတိုင်းထိန်းထားဖို့ လာမယ့် မတ်လအတွင်းတွေ့ဆုံပြီး ဆွေးနွေးကြမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် ဖေဖော်ဝါရီ ၂၅ ရက်မှာ ရေနံဈေးနှုန်းတွေပြန်လည်ကျဆင်းခဲ့တဲ့အတွက် အာရှစတော့ဈေးကွက်တွေကို ထိခိုက်စေခဲ့ပါတယ်။ ရေနံဈေးနှုန်းအတက်အကျကဈေးကွက်အပေါ်ယုံကြည်မှုနဲ့ ထွန်းသစ်စ အာရှငွေကြေးတွေရဲ့ တန်ဖိုးအတက်အကျအပေါ်မှာ တစ်စုံတစ်ရာအကျိုးသက်ရောက်မှုရှိတတ်ပါတယ်။

ဖေဖော်ဝါရီ ၂၆ ရက်မှာ အာရှငွေကြေးတွေတန်ဖိုးမြင့်တက်ခဲ့တယ်ဆိုပေမယ့် ဆက်လက်မြင့်တက်မှု ရှိမရှိကို ရင်းနှီးမြှုပ်နှံသူတွေက သံသယရှိနေဆဲ ဖြစ်ပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က နေ့စဉ်သတ်မှတ်တဲ့ရည်ညွှန်းဖလှယ်နှုန်းကို လျှော့ချသတ်မှတ်ထားပြီး ရှန်ဟဲမှာ ဂျီ-၂၀ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတွေအစည်းအဝေးကျင်းပနေတာကို စောင့်ကြည့်နေတဲ့အတွက် ငွေကြေးအရောင်းအဝယ် ပါးနေတာကြောင့် တရုတ်ယွမ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ပါတယ်။

တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန (China Foreign Exchange Trading System) ရဲ့ စာရင်းများအရ တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ် ဖလှယ်နှုန်း ကို ၂ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၃၃၈ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယပြည်တွင်း အီကွိတီရှယ်ယာဈေးကွက်အဖွင့်မှာ ရှယ်ယာဈေးတွေမြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက ဒေါ်လာကိုထုတ်ရောင်းလာကြတဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ဖေဖော်ဝါရီ ၂၆ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရူပီး တန်ဖိုးက သုည ဒသမ ၀၇ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ် လာကို ၆၈ ဒသမ ၆၅ ရူပီးနှုန်းရှိခဲ့ပါ တယ်။

နိုင်ငံခြားဈေးကွက်မှာ ဒေါ်လာတန်ဖိုးကျဆင်းနေခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်ဖို့ကို အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တိုကျိုဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဂျပန်ယန်းငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၃ ဒသမ ၅ ယန်းအောက်မှာရှိနေခဲ့ပြီး ယခင်နေ့က နယူးယောက်မှာရှိခဲ့တဲ့နှုန်းအောက် ဒေါ်လာတန်ဖိုးအနည်းငယ်ကျဆင်းခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက် ညနေ ငါးနာရီက နယူးယောက်ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၁၂ ဒသမ ၉၆ ယန်းနှုန်းနဲ့ တိုကျို ဈေးကွက်မှာ ၁၁၂ ဒသမ ၁၆ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ မှာ တိုကျိုဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၁၄ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုငွေကြေး ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းမှာ နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၁၃ ဒေါ်လာနဲ့ ၁၂၄ ဒသမ ၄၅ ယန်းဖြင့်လည်းကောင်း တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၂၂ ဒေါ်လာနဲ့ ၁၂၃ ဒသမ ၆၂ ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၂၃ ဒေါ်လာနဲ့ ၁၂၄ ဒသမ ၇၁ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ပြည်တွင်း ရင်းဂစ်ငွေကြေး ဝယ်ယူမှုအရှိန်အဟုန်ဆက်လက်မြင့်မားလာတဲ့အတွက် ဖေဖော်ဝါရီ ၂၆ ရက်နံနက်ပိုင်းမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေကပြောပါတယ်။ ဖေဖော်ဝါရီ ၂၅ ရက်က အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၄ ဒသမ ၂၁၆၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၉၃၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

တရုတ်နိုင်ငံရှန်ဟဲမြို့မှာ ကျင်းပတဲ့ ဂျီ-၂၀ ဘဏ္ဍာရေးကဏ္ဍ ခေါင်းဆောင်တွေရဲ့ အစည်းအဝေးကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်အကဲခတ်နေတဲ့ အတွက် ဖေဖော်ဝါရီ ၂၆ ရက်နေ့လယ်မှာ တောင်ကိုရီးယား ရှယ်ယာဈေးနှုန်းတွေ သုည ဒသမ ၁၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ငွေကြေးဈေးကွက်ကိုကြည့်ရင် ငွေစာရင်း ရှင်းလင်းဖို့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ဝယ်လိုအားမြင့်မားတဲ့အတွက် ဝမ်ငွေကြေးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်ငွေကြေးက ဖေဖော်ဝါရီ ၂၅ ရက်ကထက် တန်ဖိုး ၃ ဒသမ ၂၀မ်မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၂၃၅ ဒသမ ၆ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားတဲ့စာရင်းများအရ အမေရိကန်ဒေါ်လာနဲ့ ထိုင်းဘတ်ငွေဖလှယ်နှုန်းက ဖေဖော်ဝါရီ ၂၆ ရက်မှာ တစ်ဒေါ်လာကို ၃၅ ဒသမ ၆၆ ဘတ်နှုန်းရှိခဲ့ရာ ယမန်နေ့ကနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၀၇ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ပြီး ယခုနှစ်နှစ်ဦးက ဖလှယ်နှုန်းနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၉၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်မည်ကို စိုးရိမ်မှုကြောင့် ပေါင်စတာလင်တန်ဖိုး ကျဆင်း

ယခုနှစ်အတွင်း ဥရောပသမဂ္ဂ (အီးယူ) မှ နုတ်ထွက်ရန်မဲခွဲဆုံးဖြတ်တဲ့အခါ နုတ်ထွက်ဖို့ မဲပေးမည်ကို စိုးရိမ်မှုများကြောင့် ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ ဗြိတိန်နိုင်ငံသုံးငွေကြေးပေါင်စတာလင်တန်ဖိုးကျဆင်းခဲ့ကြောင်းနဲ့ ယူရိုဇုန်စီးပွားရေးကိန်းဂဏန်းများ ကျဆင်းမှုကြောင့် ဒေါ်လာနဲ့ဖလှယ်ရာမှာ ယူရိုတန်ဖိုးကျဆင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရမယ့် အခြေအနေကိုရှောင်ရှားနိုင်ဖို့အတွက် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဖေဖော်ဝါရီ ဒုတိယပတ်အတွင်းက ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ဇွန် ၂၃ ရက်မှာ ပြုလုပ်မယ့် ဆန္ဒခံယူပွဲမှာ အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်မယ့်ကိစ္စကို ထောက်ခံသွားမှာဖြစ်ကြောင်း လန်ဒန်မြို့ တော်ဝန်ဘောရစ်ဂျွန်ဆင်က ဖေဖော်ဝါရီ ၂၁ ရက်က ကြေညာခဲ့ပြီးနောက်ပိုင်း အဆိုပါ စေ့စပ်ညှိနှိုင်းမှုများအတွက် မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါတယ်။

ပေါင်စတာလင်တန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ပေါင်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၅၈ နှုန်းရှိခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လနောက်ပိုင်းအနည်းဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဂရင်းနစ်စံတော်ချိန် နံနက် ၁၁ နာရီမှာ တစ်ပေါင်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၄၈ နှုန်းအထိ ပြန်လည်မြင့်တက်ခဲ့ပါတယ်။ ယူရိုနဲ့ ဖလှယ်ရာမှာလည်း တစ်ယူရိုကို ၇၇ ဒသမ ၉၆ ပေါင်နှုန်းအထိကျဆင်းခဲ့ပါတယ်။

“လန်ဒန်မြို့တော်ဝန်ဘောရစ်ဂျွန်ဆင်က အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးကို ထောက်ခံကြောင်း ပွင့်ပွင့်လင်းလင်းကြေညာပြီးနောက် အခြားငွေကြေးအများစုနဲ့ ဖလှယ်ရာမှာ ပေါင်စတာလင်တန်ဖိုးကျဆင်းခဲ့ပါတယ်”လို့ Moody's လေ့လာဆန်းစစ်ရေး အေဂျင်စီမှ ဘာနတ်ယာရီက ပြောပါတယ်။ ဝန်ကြီးအဖွဲ့နဲ့ စီးပွားရေးလုပ်ငန်းအများစုက အီးယူမှာ ဆက်လက်ပါဝင်ဖို့ ထောက်ခံနေကြဆဲဖြစ်ပါတယ်။

## တောင်ကိုရီးယားက ဈေးကွက်အကျပ်အတည်းကို အမြန်ဆုံးဖြေရှင်းမည်

ဈေးကွက်ထဲမှာ အခက်အခဲ အကျပ်အတည်းဖြစ်မယ့် လက္ခဏာကိုတွေ့ရှိပါက ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်ဖို့အတွက် လိုအပ်တဲ့အစီအမံတွေကို တောင်ကိုရီးယားနိုင်ငံက ကြိုတင်ပြီးလျင်မြန်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ယူအီးဟိုရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အစိုးရက ဘဏ္ဍာရေးကဏ္ဍ၊ နိုင်ငံခြားငွေဈေးကွက်နဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကို နာရီမလပ်လေ့လာ စောင့်ကြည့်နေကြောင်း ဆိုးလ်မြို့မှာ ကျင်းပတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာဝန်ကြီးများနဲ့ပြုလုပ်တဲ့ အစည်းအဝေးမှာ သဘာပတိအဖြစ် ဆောင်ရွက်စဉ်သူက ပြောကြားခဲ့ပါတယ်။

“အခြေအနေက ပုံမှန်မဟုတ်တော့ဘူးဆိုတဲ့ လက္ခဏာပြတာနဲ့ အခြေအနေတည်ငြိမ်ရေးအတွက် အစိုးရက ချက်ချင်းအရေးယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်သမျှက ဈေးကွက်ထဲမှာ ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေလျှော့ပါးစေဖို့ ဖြစ်ပါတယ်”လို့ သူကပြောပါတယ်။

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (အေအိုင်အိုင်ဘီ) ကို စတင်ထူထောင်လိုက်နိုင်ခြင်းနဲ့အတူ အီရန်နိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုတွေ ရုပ်သိမ်းလိုက်တဲ့အတွက် ကြီးမားတဲ့ အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်လိမ့်မယ်လို့ စီးပွားရေးရာ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ယူထားသူ ယူအီးဟိုက ပြောပါတယ်။

ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြဿနာတွေက တစ်ဆင့် တောင်ကိုရီးယားပုဂ္ဂလိက ကဏ္ဍကို ကျဆင်းစေခဲ့ကြောင်း သီးခြားအစည်းအဝေးတစ်ခုမှာလည်း ယူက ပြောပါတယ်။ ပြည်ပမှာဖြစ်ပွားနေတဲ့ မရေရာမှုတွေက ဒီစိန်ခေါ်မှုတွေကို ပိုမိုဆိုးရွားစေကြောင်း သူကပြောပါတယ်။

ဗုဒ္ဓံ ဓမ္မံ သံဃံ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

## BHOME YAUNG CHI TRADING CO.,LTD











ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

# Full Moon Group of Companies

**Full Moon Group of Companies**

* Full Moon Services Ltd → Freight Forwarding & Business Consulting
* Full Moon Trading Co.,Ltd→ Trading
* Full Moon Travels & Tours Co.,Ltd→ Specialize to handle inbound Tours into Myanmar

**Range of Services & Facilities of Freight Forwarding Business**

- International Airfreight / Sea freight for both import & export.
- Air/Sea , Sea/Air Services.
- LCL and airfreight consolidation service.
- Customs Brokerage.
- Pick-up & Delivery.
- Warehousing.
- Documentation Process with Authority.
- Customs Permit & Trade Permit.
- Packing.





**We are World Wide Partner of Hellmann Worldwide Logistic.**

Website : www.hellmann.net

hellmann Worldwide Logistics

No. 2B/2, Kan Yeik Tha Street, Mayangone Township, Yangon, Myanmar.

TEL: 951 –664084, 664013, 663917,660365, 651193, 661140 , FAX: 951 –661140,

E-mail: fm@mptmail.net.mm , fullmoonsvcsltd@gmail.com, fullmoon.hellmann@gmail.com

fullmoontravelstours@gmal.com

GS Oil

Let's Kixx ENGINE OIL

**1. Feb .16 မှစ၍ CI-4 15W-40**

**CF-4 15W-40/ 20W-50 (25)L (၁)ပုံး ဝယ်ယူတိုင်း**

**GSM (5000Ks) ငွေဖြည့်ကဒ် (၁)ကဒ် ရယူပါ**




ETERNAL

| | | | |
|---|---|---|---|
| Head Office | Yangon | Tel : 01-504013, 01-535439 | Fax : 01-516792 |
| Branch Office | Mandalay | Tel : 02-5153139 , 092033735 | Fax : 02-5153139 |
| | Nay Pyi Taw | Tel : 067 - 22775, 09 86 27875 | Fax : 067 - 22775 |
| | Hpa Kant | Tel : 074 - 70378, 0947106549 | Fax : 074 - 70378 |

**YOU'RE GONNA NEED MORE BALLS**



**INTRODUCING EZONE XPG**

DEFIES GRAVITY FOR JAW-DROPPING DISTANCE, DESTROYS GOLF BALLS



EZONE XPG

KM Golf Centre

YONEX

EXCLUSIVE DISTRIBUTOR:KAUNG MYAT CO.,LTD.

Sale Contacts:01-704896,09-73236363,02-61332,067-420799.

# COMMERCE INTERNATIONAL

## ကုန်ထုတ်လုပ်မှုတည်ငြိမ်ပြီး အလုပ်အကိုင်ရရှိမှု မြင့်မားလာမယ်လို့ မလေးရှားထုတ်လုပ်သူတို့က ယုံကြည်

ယခုနှစ် ပထမနှစ်ဝက်အတွက် ကုန်ထုတ်လုပ်သူများရဲ့ စီးပွားရေးအပေါ်ယုံကြည်မှု စိတ်ဓာတ်က သတိထားပြီး ဂရုတစိုက် ဆောင်ရွက်ဦးမယ့် အခြေအနေမှာရှိနေသေးကြောင်း မလေးရှားကုန်ထုတ်လုပ်သူများ ဖက်ဒရေးရှင်း (Federation of Malasysian Manufacturers-FMM) နဲ့ မလေးရှားစီးပွားရေး သုတေသနသိပ္ပံ (Malaysian Institute of Economic Research -MIER) တို့ ပူးတွဲဆောင်ရွက်တဲ့ FMM-MIER စီးပွားရေးအခြေအနေစစ်တမ်းကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။



စီးပွားရေး အခြေအနေညွှန်းကိန်း (Business Conditions Index) က ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်နဲ့ နှိုင်းယှဉ်ရင် တစ်မှတ်လျော့နည်းပြီး ၉၄ မှတ်ကိုရောက်ရှိခဲ့ကြောင်း စစ်တမ်းမှာဖော်ပြထားပါတယ်။

စီးပွားရေးလုပ်ငန်းက သတိထားပြီး ဂရုတစိုက်ဆောင်ရွက်ရမယ့် အခြေအနေရှိတယ်ဆိုပေမယ့် ပထမနှစ်ဝက်မှာ ကုန်ထုတ်လုပ်မှုကို တည်ငြိမ်အောင်ထိန်းထားပြီး အလုပ်အကိုင်ရရှိမှုကို မြင့်တင်ပေးနိုင်လိမ့်မယ်လို့ ကုန်ထုတ်လုပ်သူတွေက မျှော်လင့်ထားကြပါတယ်။

ယခင်နှစ် ဒုတိယနှစ်ဝက်မှာ အထွေထွေစီးပွားရေး အခြေအနေအညွှန်းကိန်းက ၈၃ မှတ်ရှိပြီး စစ်တမ်းစတင်ကောက်ယူခဲ့တဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးကိုရောက်ရှိခဲ့ပေမယ့် ကုန်ကျစရိတ် ထူးထူးခြားခြားလျှော့ချနိုင်တဲ့အပြင် စစ်တမ်းမှာပါဝင်တဲ့ ကုန်ထုတ်လုပ်သူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းက အဆိုပါကာလအတွင်း လုပ်သားအရေအတွက်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း FMM နဲ့ MIER စစ်တမ်းမှာ ဖော်ပြထားပါတယ်။

"စိန်ခေါ်မှုတွေရှိနေတဲ့အတွက် ကျွန်တော်တို့ သတိထားပြီး ဂရုတစိုက်ဆောင်ရွက်ရပါမယ်။ အခြေအနေတွေ တိုးတက် ကောင်းမွန်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်" လို့ FMM ဥက္ကဋ္ဌ ဒါတွတ်ဆယ်ရီဆောချူးဘွန်းက ပြောပါတယ်။

ရင်းဂစ်တန်ဖိုး ကျဆင်းရင် သွင်းကုန်တွေအတွက် ကုန်ကျစရိတ်က မြင့်မားတတ်တဲ့အတွက် ရင်းဂစ်တန်ဖိုးကျဆင်းတာကလည်း အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။ စားသုံးကုန်အများစုက ပြည်ပမှတင်သွင်းတာဖြစ်တဲ့အတွက် ဒီလိုအခြေအနေဖြစ်လာရင် စားသုံးသူတွေရဲ့ သုံးစွဲမှုကို ဂယက်ရိုက်ခတ်နိုင်ပါတယ်။ မလေးရှားမှာ အသုံးပြုနေတဲ့ စက်အစိတ်အပိုင်းအများစုက ပြည်ပမှမှာယူရတဲ့အတွက် ကုန်ထုတ်လုပ်မှုတွေလည်း ထိခိုက်လျက်ရှိပါတယ်။

ပြည်ပမှတင်ပို့တဲ့ အစိတ်အပိုင်းတွေအတွက် ကုန်ထုတ်လုပ်သူတွေက ကုန်ပစ္စည်းတွေကိုပေးသွင်းမယ့် အရင်းအမြစ်တွေ အစားထိုးရှာဖွေဖို့ လိုအပ်ပါတယ်။ ယှဉ်ပြိုင်နိုင်မှုရှိတဲ့ ပစ္စည်းပေးသွင်းသူတွေ သို့မဟုတ် ပြည်တွင်းက ကုန်ပစ္စည်းပေးသွင်းသူတွေကို ရှာဖွေပေးဖို့လိုအပ်မှာဖြစ်ကြောင်း ဆောက ပြောပါတယ်။

တန်ဖိုးမြင့် စက်မှုလုပ်ငန်းထူထောင်ဖို့အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ နည်းပါးနေကြောင်း စစ်တမ်းအရသိရပါတယ်။ ကျွမ်းကျင်မှုမရှိတဲ့ လုပ်သားအင်အား မြင့်မားနေရင် မလေးရှားနိုင်ငံကို အဆင့်မြင့်ဝင်ငွေရှိပြီး စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာမှာ အထောက်အကူပြုနိုင်မှာ မဟုတ်ကြောင်း ဆောက သုံးသပ်ပါတယ်။

**ဉာဏ်တင်**


(၂-၃-၂၀၁၆)နေ့တွင် ကျရောက်သော တောင်သူလယ်သမားနေ့အား ဂုဏ်ပြုပါသည်။

စိုက်ပျိုးရေးသမားများအားထားရာ .......... မာလာမြိုင်

အရောင်းစင်တာများ

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တုရင့်ခေါင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

အရောင်းပြခန်း

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ X ၃၂ နှင့် ၇၇ X ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 29th February 2016

<< January And February Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.12.2015 | 2.1.2016 | 3.1.2016 | | | 11.1.2016 | 15.1.2016 | |
| | S/O CUT | | | | | | | 26.12.2015 | 29.12.2015 | 30.12.2015 | | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 28.1.2016 | 1.2.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| MV.HOEGH CHENNAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 5.2.2016 | 6.2.2016 | 7.2.2016 | | | 15.2.2016 | 19.2.2016 | |
| | S/O CUT | | | | | | | 1.2.2016 | 2.2.2016 | 3.2.2016 | | | | | |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 18.2.2016 | 19.2.2016 | 17.2.2016 | | 28.2.2016 | 4.3.2016 | |
| | S/O CUT | | | | | | | | 14.2.2016 | 15.2.2016 | 13.2.2016 | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.3.2016 | 9.3.2016 | 10.3.2016 | | | 18.3.2016 | 22.3.2016 | |
| | S/O CUT | | | | | | | 4.3.2016 | 5.3.2016 | 6.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.3.2016 | 23.3.2016 | 21.3.2016 | | 3.4.2016 | 7.4.2016 | |
| | S/O CUT | | | | | | | | 18.3.2016 | 19.3.2016 | 17.3.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။